


သတိုးဇော
ဒေါင်း . . . ဒေါင်း . . . ခြေတစ်ချောင်း

**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၁၀၀၇၆၁၀၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၁၁၃၁၁၀၁၀ |
| ထုတ်ဝေသူ | – | ဦးဝင်းသူရလွင်<br>(အိပ်မက်အသစ်စာပေ)<br>၃၈ (၃ လွှာ)၊ ၁၅၃–လမ်း။<br>တာမွေမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | – | ဦးဇော်မြင့်ဝင်း<br>(ကာလာဖုန်ပုံနှိပ်တိုက်)<br>၁၈၄ (ဘီ)၊ ၃၁ လမ်း (အထက်)<br>ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | – | Antt Bwere Zin |
| ပုံနှိပ်ခြင်း | – | ပထမအကြိမ်<br>အောက်တိုဘာလ၊ ၂၀၁၀ ခုနှစ်၊ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၂၀၀၀ ကျပ် |

ရ၉၅ ● ရ၃

သတိုးတေဇ

ဝေါင်း.. ဝေါင်း.. ခြေတစ်ချောင်း/ သတိုးတေဇ ၊ – ရန်ကုန်

အိပ်မက်အသစ် ၊ ၂၀၁၀။

၁၄၇– စာ၊ ၁၂ × ၁၈ ● ၅ စင်တီမီတာ။

(၁) ဝေါင်း.. ဝေါင်း.. ခြေတစ်ချောင်း

**အိပ်မက်အသစ် မှ ထွက်ရှိပြီးစာအုပ်များ**

| | | |
|---|---|---|
| ၇။ | မိုးရာသီပတ်ပျိုး | တာရာမင်းဝေ၊ ဝေမှူးသွင် |
| ၈။ | ကမ်းဝေးလှောင်အိမ် | သစ္စာနီ၊ မင်းခိုက်စိုးစန် |
| ၉။ | မှုကြိုတစ်ဦး၏ဖာလူဒါအရသာ | ဝေမှူးသွင် |
| ၁၀။ | ကြက်ခြေခတ်နှစ်ခု | တာရာမင်းဝေ၊ ဝေမှူးသွင် |
| ၁၁။ | မင်းလူ...ဝေမှူးသွင်...L မင်းပြည့်မွန် | မင်းလူ၊ ဝေမှူးသွင်၊ Lမင်းပြည့်မွန် |
| ၁၂။ | အိပ်မက်တစ်မက်စာ | ရွှေထိုက် |
| ၁၃။ | တစ်ဝက်တစ်ပျက်ည | မင်းခိုက်စိုးစန်၊ Lမင်းပြည့်မွန် |
| ၁၄။ | အနေးသွားလွန်းပျံယာဥ် | ဝေမှူးသွင် |
| ၁၅။ | ဟိုး...ရှေးရှေးတုန်းက | ရွှေထိုက် |
| ၁၆။ | ငှက်ဆိုးတွန်ချိန် | သတိုးတေဇ |
| ၁၇။ | စောင့်နေသူ | သတိုးတေဇ |
| ၁၈။ | ညှို့နက်သန်းခေါင်ခွေးတစ်ဟောင် | သတိုးတေဇ |
| ၁၉။ | ဂျစ်ပစီသင်ခန်းစာ | လင်းညို့သွေး |
| ၂၀။ | မိစ္ဆာမျက်ရည် | ဒေဝလကျော် |
| ၂၁။ | စွဲလမ်းခြင်းခရီးသည် | သတိုးတေဇ |
| ၂၂။ | မာယာကစားပွဲ | လင်းညို့သွေး |
| ၂၃။ | အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ | ဝေမှူးသွင် |
| ၂၄။ | ချစ်သူရှာ | လူနေ |
| ၂၅။ | အမှောင်ကြောက်သူ | သတိုးတေဇ၊ ဒေဝလကျော် |
| ၂၆။ | ညည်းတွားရှိုက်တဲ့ဗုံသံ | သတိုးတေဇ |
| ၂၇။ | ဦးရှင်ကြီး | ဒိဗ္ဗကျော်စွာ |
| ၂၈။ | ပန်းဝင်စား | ဝေမှူးသွင် |
| ၂၉။ | ခေးရယ် | လူနေ |
| ၃၀။ | ကလေးအတွေး Essay | မင်းခိုက်စိုးစန် |
| ၃၁။ | ကိန္နရာပြည်သို့ အလည်ရောက်သူ | ဒိဗ္ဗကျော်စွာ |
| ၃၂။ | ဘာဆိုလားပဲ | လူနေ |
| ၃၃။ | ခေါင်းညိတ်ပြေးတဲ့ အရိပ်ကလေး | ဝေမှူးသွင် |
| ၃၄။ | လိပ်ပြာခွဲတဲ့ည | ဒဿကျော်စွာ |
| ၃၅။ | စေညွှန်ရာကြမ္မာဆိုး | သတိုးတေဇ |
| ၃၆။ | 25 | လူနေ |
| ၃၇။ | နှင်းဆီရောင်မှန်တိုင်း | ဝေမှူးသွင် |
| ၃၈။ | အလင်းအမှောင်ကကြိုး | ဝေမှူးသွင် |
| ၃၉။ | မိုနိုဝိုလီ | လူနေ |
| ၄၀။ | ဆင်ဝင်စားတဲ့လူ | ဒဏ္ဍကျော်စွာ |
| ၄၁။ | လမိုက်ညခေါ်သံ | ဒဿကျော်စွာ |
| ၄၂။ | သွေးနက္ခတ်ရှင် | ဒဏ္ဍကျော်စွာ |
| ၄၃။ | အချုပ်မြစ် | လူနေ |
| ၄၄။ | နတ်သမီးအဆောင် | လူနေ |
| ၄၅။ | ဝိဘတ်ကြမ္မာ | ဒဿကျော်စွာ |
| ၄၆။ | ဘူတာကြီး | လူနေ |
| ၄၇။ | သက်ပျောက်သစ်ပင် | ဒဿကျော်စွာ |
| ၄၈။ | စွယ်နီဆင်ရိုင်း | သတိုးတေဇ |
| ၄၉။ | နဂါးခံတွင်းခရီးသည် | ဒဏ္ဍကျော်စွာ |
| ၅၀။ | တတိယမျက်လုံးရှင် | ဒဿကျော်စွာ |
| ၅၁။ | ပါဆယ် | လူနေ |
| *၅၂။* | *ဝေါင်း.. ဝေါင်း.. ခြေတစ်ချောင်း* | *သတိုးတေဇ* |

**ဆက်လက်ထွက်ရှိမည့်စာအုပ်များ**

# Eainmakathit presents

**Eainmakathit**

38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.

095112428, 551403

# သတိုးဇော်

## ငေါင်း...ငေါင်း...ခြေတစ်ချောင်း

## ဝေါ်ဝေါ်...ဝေါ်ဝေါ် ခြေတစ်ချောင်း

### အခန်း(၁)

"ဂျိမ်း...ဒလိန်း..."

"ဂျုံး...အုန်း...အုန်း..."

မိုးဦးကျကာလမို့ ကောင်းကင်ကြီးတစ်ခုလုံးမှာ မိုးသားတိမ်လိပ်တို့ ညို့ညို့မှောင်မှောင်ဖြစ်နေပြီး တဂျိုးဂျိုး တစ်ဂျိမ်းဂျိမ်းနှင့် ထစ်ခြုံးနေ၏။ တစ်ချက်တစ်ချက် ဝင်းကနဲလက်ကနဲ ပြိုးပျက်သွားသည့် လျှပ်စီးတန်းကြီးကလည်း ပဲခူးရိုးမ၏ တောင်ရိုးတောင်စွယ်တို့ပေါ်တွင် ဖွေးကနဲလင်းကနဲဖြစ်ဖြစ်သွား၏။ မကြာမီ သည်းကြီးမည်းကြီး ရွာချတော့မည့် မိုးသားတွေက ကောင်းကင်ပြင်တစ်ခုလုံးပေါ်မှာ အရိပ်ယူအားဖွဲ့နေကြသလို အေးစိမ့်သော မိုး၏ ရှေ့ပြေးလေပျော့တွေကလည်း မျှစ်ချိုးလာကြသူတွေကြားတွင် တရစပ် တိုးဝှေ့တိုက်ခတ်နေသည်။

"ဟဲ့ သန်းရင်တို့၊ မြမေတို့၊ ညည်းတို့ကောင်မလေးတွေရဲ့ ကျောင်းထဲမှာ မျှစ်တွေ ဒီလောက်ရကြနေတာတောင် ရွာမပြန်နိုင်ကြသေးဘူးလားဟေ့၊ လောဘကြီးချက်ကတော့ အံ့ပါရဲ့..."

"အမလေး ယောက်မရေ...ကျုပ်တို့က သူများတွေလို သည်

## အခန်း(၁)

"ဂျိမ်း…ဒလိန်း…"

"ဂျုံး…အုန်း…အုန်း…"

မိုးဦးကျကာလမို့ ကောင်းကင်ကြီးတစ်ခုလုံးမှာ မိုးသားတိမ်လိပ်တို့ ညို့ညို့မှောင်မှောင်ဖြစ်နေပြီး တဂျိုးဂျိုး တစ်ဂျိမ်းဂျိမ်းနှင့် ထစ်ခြုံးနေ၏။ တစ်ချက်တစ်ချက် ဝင်းကနဲလက်ကနဲ ပြိုးပျက်သွားသည့် လျှပ်စီးတန်းကြီးကလည်း ပဲခူးရိုးမ၏ တောင်ရိုးတောင်စွယ်တို့ပေါ်တွင် ဖွေးကနဲလင်းကနဲဖြစ်ဖြစ်သွား၏။ မကြာမီ သည်းကြီးမည်းကြီး ရွာချတော့မည့် မိုးသားတွေက ကောင်းကင်ပြင်တစ်ခုလုံးပေါ်မှာ အရှိန်ယူအားဖွဲ့နေကြသလို အေးစိမ့်သော မိုး၏ ရှေ့ပြေးလေပွေ့တွေကလည်း မှုစ်ချိုးလာကြသူတွေကြားတွင် တရစပ် တိုးဝှေ့တိုက်ခတ်နေသည်။

"ဟဲ့ သန်းရင်တို့၊ မြမေတို့၊ ညည်းတို့ကောင်မလေးတွေရဲ့ တောင်းထဲမှာ မှိုစ်တွေ ဒီလောက်ရကြနေတာတောင် ရွာမပြန်နိုင်ကြသေးဘူးလားဟေ့၊ လောဘကြီးချက်ကတော့ အံ့ပါရဲ့…"

"အမလေး ယောက်မရေ…ကျုပ်တို့က သူများတွေလို ထင်

တို့ကိုင်းတို့ ရှိတာမဟုတ်ဘူးဟော့၊ အခုလို မိုးဦးကျလေဦးကျရောက်မှ မျှစ်ကလေးဝါးကလေးနုတ်ပြီး တစ်ဝမ်းတစ်ခါး ရှာစားရတာ ဒီလောက် တော့ရှိမှာပေါ့တော်”

လှခင် ပြောလည်းပြောစရာ…သန်းရင်နှင့်မြမေတို့၏ ဝါးခြင်း တောင်းတွေ၊ ပလိုင်းတွေထဲမှာ မျှစ်နုတွေက ပြည့်လုပြည့်ခင်ပင်ဖြစ်နေ ၏။ သူတို့အားလုံးမှာ ယခုကဲ့သို့ မိုးဦးလေဦးကျကာစ ရာသီများတွင် ဒီရိုးမတောအစပ်မှ ဝါးတောကြီးများထဲမှာ ဝါးပိုးမျှစ်နုတွေကို အုပ်လိုက် သင်းလိုက်ဖွဲ့ပြီး လာချိုးလာနုတ်လေ့ရှိကြ၏။ တစ်ရွာတည်းနေ ပြော မနာဆိုမနာ မြီးကောင်ပေါက်တွေဖြစ်နေပြီး ယေားလားဝါးလားနှင့် ဝါးပိုး မျှစ်နုတွေကို သူ့ထက်ငါဦးအောင် ချိုးနုတ်ရသည်မှာ သူတို့တောအရပ် တောခလေ့အဖို့ ပျော်စရာတစ်ခုပင် ဖြစ်နေသည်။

တိမ်မြုတ်ရွာ၊ ကျောက်ဖြူတောင်ရွာနှင့် စလူမြောင်ရွာတို့မှာ ပဲခူးရိုးမတောင်ခြေမှ ရွာများဖြစ်ကြပြီး မြမေတို့နေထိုင်ရာ စလူမြောင် ရွာနှင့် ပဲခူးရိုးမမှာ တစ်နာရီကျော်ကျော်လောက် လမ်းလျှောက်သွား လျှင်ပင် ရောက်နိုင်သဖြင့် အနီးဆုံးရွာဟုပင် ပြောရမလို ဖြစ်နေသည်။

အချိန်က ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကာလဖြစ်သဖြင့် အင်္ဂလိပ် အရေးပိုင်နှင့် ဝန်ထောက်တွေက သူတို့နေထိုင်ရာ ဝေးလံခေါင်သီလှ သော စလူမြောင်ရွာသို့ အရောက်အပေါက်နည်းသည်ဖြစ်ရာ ကျောင်း ထိုင်ဆရာတော် ဦးစန္ဒိမာလာကပင် ရွာကို တစ်ဖက်တစ်လမ်းမှ ထိန်း ကျောင်းပြီး အုပ်ချုပ်နေရ၏။ ထိုခေတ်ထိုအခါက တိုင်းတစ်ပါး လက် အောက်သို့ ကျွန်သပေါက်အဖြစ် ကျရောက်နေသော မြန်မာလူမျိုးတို့မှာ စာတတ်ပေတတ်ဟူ၍ လွန်စွာမှ နည်းပါးလေရာ စလူမြောင် တစ်ရွာလုံး

တွင်မှ ဦးစန္ဒီမာလာ၏ညီဖြစ်သူ ကိုရင်ပန်းခွေးတစ်ယောက်သာ မြန်မာစာကို မတောက်တစ်ခေါက် ရေးတတ်ဖတ်တတ်သူ ဖြစ်လေသည်။ ဒါကြောင့်လည်း တစ်ရွာလုံးက ကိုရင်ပန်းခွေးကို ပြက္ခဒိန်ပေါ်မှာ နေ့ကောင်းရက်သား ကြည့်ခိုင်းရုံမျှမက ဆေးစာအညွှန်းကိုပါ အားကိုးတကြီးနှင့် လာဖတ်ခိုင်းကြသည်။

"ဂျိန်း...ဒလိန်း...ဝေါ...ဖျောက်...ဖျောက်"

ညိုမှောင်နေသော ကောင်းကင်ကြီးတစ်ခုလုံးမှာ ဖျတ်ကနဲ လျှပ်စီးတန်းကြီးတစ်ခု ပေါ်လာပြီး မိုးကလေနှင့်အတူ တစ်ဖျောက်ဖျောက်နှင့် စပြီးရွာလာတော့၏။ ထိုအခါမှ မြမေတို့ အပျိုတစ်သိုက်မှာ ခေါင်းပေါ်မှ နှီးခမောက်အပြန့်ကလေးတွေကို မေးမှာကြိုးသိုင်းပြီး ချည်လိုက်ကြသည်။ သူတို့အပေါ် မိုးအုပ်ထားသော ဝါးပိုးဝါးရုံကြီးများမှာ ကျပ်ကျပ်ညပ်ညပ်ပေါက်နေပြီး တစ်ပင်နှင့်တစ်ပင်က လေတိုက်တိုင်း အချင်းချင်းပွတ်တိုက်နေကာ တကျွီကျွီနှင့်မြည်နေ၏။ ထိုဝါးရုံကြီးများမှာလည်း ဆယ်ပေ၊ ဆယ့်ငါးပေခန့် ကျယ်ဝန်းပြီး အောက်ခြေတစ်ခုလုံးမှာ ဝါးရွက်ခြောက်တွေက ဖွေးဖွေးလှုပ်နေသည်။

ထိုဝါးရွက်ခြောက်တွေကြားတွင်မှ လူကြီးခြေသလုံးနီးပါး လုံးလုံးတုတ်တုတ် မျှစ်စို့ကြီးတွေက တစ်ထွာတစ်မိုက်မက မြေကြီးအတွင်းမှ တိုးထွက်နေကြသည်။ တချို့မျှစ်စို့ကြီးများမှာ မြမေတို့လို မိန်းကလေးအားနှင့် ဆွဲနုတ်၍မရသောအခါ ပါလာသည့်ဓားနှင့် အရင်းပိုင်းကိုခုတ်ပြီးမှ ချိုးနုတ်ရ၏။

"လာကြယော့...ဟိုမှာ မျှစ်နုကြီးတွေ သန်လိုက်သမှ ဝင်းဝင်းကိုဝါနေတာပဲ"

မြမေက တစ်ဖက်ဝါးရုံအောက်မှာ ပေါက်နေသည့် တစ်တောင်သာသာ မျှစ်စို့ကြီးတွေကိုတွေ့ပြီး ဝမ်းသာအားရနှင့် အော်ဟစ်ခုန်ပေါက်ရင်းပြေးသွား၏။

ထိုအခါမှ အခြားအဖော်များမှာလည်း မြမေ၏နောက်မှ ဟေးလားဝါးလားနှင့် စုပြုံပြီးလိုက်ကြ၏။

"ဝါ...ဖရော...ဝါ"

မိုးကလည်း သူတို့အားလုံး ထိုဝါးရုံပင်ကြီးအောက်သို့ ရောက်ကာမှ သဲကြီးမဲကြီးပင် ရွာလာသည်။

ဝါးရွက်တွေပေါ်မှ စီးကျလာသော မိုးရေတွေက မြမေတို့ကျောပြင်များပေါ် တစ်ဖျောက်ဖျောက်နှင့် အဆက်မပြတ်ကျလာ၏။

ထိုစဉ်...

မြမေတို့ချိုးနှုတ်နေသော ဝါးပိုးဝါးရုံကြီး၏ အတွင်းပိုင်းမှ ရုတ်တရက်လှုပ်ရှားသွားသော ပုံရိပ်သဏ္ဌာန်တစ်ခုကို ရိပ်ကနဲလှမ်းတွေ့လိုက်ရ၏။ ထိုသဏ္ဌာန်ကြီးက ဝါးပင်တွေခြေရင်းမှာ ကြွေကျနေသော ဝါးရွက်ခြောက်တွေပေါ် ဂျိုးကနဲချွတ်ကနဲ ခုန်ပေါက်ပြေးသွားသလိုမျိုး...။

"ဟင်"

မြမေ၏မျက်လုံးတွေက ထိုသို့လှုပ်ရှားသွားသော သဏ္ဌာန်တစ်ခုကြောင့် ချိုးလက်စမျှစ်နှုကိုပင် လက်ထဲတွင် ဆုပ်ကိုင်ထားရင်းကြက်သေသေနေမိ၏။ ထိုသို့ လျှပ်တစ်ပြက် လှုပ်ရှားသွားသော သဏ္ဌာန်ကြီးကို မြမေတင်မြင်လိုက်သည်မဟုတ်၊ မြမေ၏ဘေးမှ သန်းရင်ကလည်း ရိပ်ကနဲမြင်ပြီး ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားကာ...

"အလို…ဟဲ့ မြမေ၊ နင့်ရှေ့က ရိပ်ကနဲ လှုပ်ရှားသွားတာ ဘာလဲဟ"

"ငါ…ငါလည်းမသိဘူး"

သန်းရင်၏အမေးကို မြမေကိုယ်တိုင်က ဘာမှန်းမသိလိုက်သဖြင့် အဖြေရခက်နေ၏။ သူတို့ အမှန်တကယ် လှမ်းမြင်လိုက်ရသည်က ဝါးရုံနောက်ကို တိုးဝင်ပြေးကပ်လိုက်သော မဲမဲသဏ္ဌာန်ကြီးတစ်ခု။

မြမေနှင့်သန်းရင်တို့ နှစ်ယောက်မှာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရင်း အတန်ကြာအောင်ပင် မှင်သက်နေမိကြသည်။

ထိုအခါမှ…

အခြားအဖော်များအားလုံးမှာ သန်းရင်နှင့် မြမေတို့နှစ်ယောက်ကို သတိထားမိသွားကြပြီး…

"ဟဲ့…ဘာတွေ့လို့လဲ မြွေလား"

"မြွေဆိုရင်တော့ ငါတို့တော့ကြောက်တယ်"

တစ်ခဏအတွင်းမှာပင် သူတို့မိန်းကလေးတစ်သိုက်၏ ဟေးလားဝါးလားလုပ်နေသည့် အသံတွေက ချက်ချင်းငြိမ်ကျသွား၏။ ထို့နောက် မြမေက မျက်တောင်တွေကို ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်ပြီး ခေါင်းကို ဖြည်းဖြည်းချင်း ယမ်းခါလိုက်ကာ…

"မြွေ မြွေ မဟုတ်ဘူး"

"ဟင်…ဒါ…ဒါဆို ဘာလဲ"

အားလုံး၏အသံတွေက တုန်တုန်ရင်ရင်နှင့် တိုးဖျော့ဖျော့တွေ ဖြစ်သွား၏။ ပြီးတော့…

မြမေ၏ပါးစပ်မှ မြွေမဟုတ်ဘူးဟု ဆိုသောအခါ အားလုံးက

ထိုအရာကို ပိုပြီးသိချင်ကုန်ကြ၏။ ထို့နောက် မြမေနှင့် သန်းရင်မှာ ကွယ်နေသော ဝါးပိုးဝါးရုံကြီး၏ တစ်ဖက်သို့ အရဲစွန့်ပြီး ခေါင်းပြူ စောင်းငဲ့ကြည့်လိုက်လေရာ ဝါးရုံကိုကပ်လျက် မတ်တပ်ရပ်နေသော ရေစိုနေသည့် လူခြေထောက်ကြီးတစ်ဖက်ကို တွေ့လိုက်ရလေသည်။ ထိုခြေထောက်တစ်ဖက်က ဝါးရုံပင်များရှိရာသို့ ခြေချောင်းများလှည့် ထားပြီး ခြေသလုံးသားနေရာတွင်လည်း အမွေးအမှျင်တွေက ဖုံးအုပ် ထားသည်ကို သွေးပျက်မတတ် တွေ့လိုက်ကြရသည်။

"ဟင်"

"အမလေး…"

"ပြေး…ပြေး"

"သ…သရဲ…ခြေတစ်ဖက်နဲ့ သရဲ…"

●●●

## အခန်း(၂)

မျှစ်စိုကြီးတွေ ထည့်ထားသည့် ခြင်းတွေ၊ ပလိုင်းတွေက တောအစပ် ဝါးရုံပင်များအောက်တွင် ဖရိုဖရဲနှင့်ကျန်ခဲ့ကြပြီး သူတို့ ခေါင်းပေါ်မှ ဝါးခမောက်တွေက ဘယ်နေရာတွင် လွင့်ကျခဲ့မှန်း မသိကြတော့…။ တစ်ကြိမ်တစ်ခါမှ မမြင်ဘူးသည့် ထူးဆန်းသော ခြေထောက်ကြီးတစ်ဖက်ကြောင့် မြမေတို့တစ်သိုက်လုံးမှာ ရွာသို့ပြန်ရောက်သည့်တိုင်အောင် သွေးရူးသွေးတန်းတွေနှင့် ဖြစ်နေကြကာ စကားမေးပင် မရတော့အောင် ကြောက်လန့်တုန်ယင်နေကြလေသည်။

"ဟဲ့…ကလေးမတွေ…ဘယ်နှာဖြစ်လာကြတာတုန်း"

"ရေ…ရေပေးပါ၊ အ…အမလေး…"

"အဲဒါကြောင့် ပြောတာပေါ့၊ တောအစပ်မှာဆိုပေမယ့် အတင့်မရဲကြနဲ့၊ ဟို ဟင်းမျိုးကြီးက အခုရက်ပိုင်း တို့ရွာဖက်ကို ခြေဦးလှည့်လှည့်နေတာ"

ရွာသားတချို့က မြမေတို့ မိန်းကလေးတစ်သိုက် ကမူးရှူးထိုးနှင့် ပြေးလာကြသည်ကို အမျိုးမျိုးထင်ကြေးပေးပြီး ပြောဆိုနေကြ၏။ ထိုအထဲမှ စလူမြောင်ရွာ၏ မှဆိုးဦးကာလုက ရိုးမတောကြီးအတွင်း အခုတလော သောင်းကျန်းနေသည့် ကိုးတောင်ကျားကြီးနှင့် မြမေတို့

တစ်သိုက် ပက်ပင်းတိုးလာခဲ့ကြပြီအထင်နှင့် ပြောဆိုနေပြန်၏။

ဦးကာလု၏မိန်းမ ဒေါ်ပြားကတော့ မြမေ၏ပခုံးနှစ်ဖက်ကို ဆွဲကိုင်လှုပ်ခါရင်း…

''ဟဲ့…မြမေ…မြမေ၊ နင်တို့ တကယ်ပဲ ကျားနဲ့တိုးခဲ့ကြတာလား''

''အင်…မ…မဟုတ်ဘူး ဒေါ်ပြား''

မျက်လုံးမျက်ဆံကြောင်ကြီးတွေနှင့် ဖြစ်နေကြသော မြမေတို့ကိုကြည့်ကာ ရွာမှလူတွေက တအံ့တဩနှင့် အထူးအဆန်းတစ်ခုသဖွယ် ဝိုင်းမေးနေကြ၏။

''ဒါဆို ညည်းတို့ ဘာဖြစ်လာကြတာလဲ၊ ပြောကြစမ်းပါအုံးအေ့''

''ဟုတ်ပါရဲ့အေ…မထိတ်သာ မလန့်သာတွေ ရှိလိုက်တာ''

ထိုအခါမှ မြမေနှင့်အတူ သန်းရင်တို့ လှခင်တို့မှာ တုန်တုန်ရင်ရင်အသံတွေနှင့်…

''ဟို…ဟို…ဝါးပိုးတောထဲမှာ…ခြေတစ်ဖက်နဲ့ သ…သရဲ''

''ဘာ…''

''ဟင် ခြေတစ်ဖက်နဲ့သရဲဟုတ်လား''

မြမေတို့ လှခင်တို့ပြောလိုက်သည့် စကားကြောင့် လူစုလူဝေးကြီးတစ်ခုလုံးမှာ ပါးစပ်အဟောင်းသားတွေနှင့် ဖြစ်သွားပြီး အထူးအဆန်းဖြစ်ကုန်ကြ၏။

''ဘယ်လို…ခြေတစ်ဖက်နဲ့ သရဲလည်း ပြောစမ်းပါအုံး''

မုဆိုးဦးကာလု၏ အမေးကြောင့် ကျန်ရှာသားများ အားလုံးမှာလည်း မြမေတို့ လှခင်တို့တွေလာခဲ့သည့် ခြေတစ်ဖက်နှင့်သရဲဆိုသည်ကို ပိုပြီးသိချင်ကုန်ကြသည်။

"ဟို...ဟို ခြေချောင်းတွေက ကျုပ်တို့လူတွေရဲ့ ခြေချောင်းတွေလိုပဲ၊ ဒါပေမယ့် ခြေသည်းတွေက အရှည်ကြီးတွေ၊ နောက်ပြီး ခုန်ဆွခုန်ဆွနဲ့ ဝါးရုံနောက်ကို တိုးဝင်သွားတဲ့ ခြေထောက်တစ်ဖက်က တောင့်တောင့်ကြီးတော့..."

"ဟေ..."

တစ်ကြိမ်တစ်ခါမှ မကြားဘူးသောစကားကြောင့် ဦးကာလု၏ ပါးစပ်မှ 'ဟေ' ဟုပင် ထွက်သွားမိ၏။

မြမေမှာ ပြောရင်းနှင့် လည်ချောင်းဝတွင် တံတွေးတွေကို အကြိမ်ကြိမ်ပြန်ပြီး မြိုချနေ၏။ ထိုအချိန်မှ သန်းရင်ကလည်း သူမြင်လိုက်ရသည့်မြင်ကွင်းကို အသည်းတယားယားနှင့် ပြောပြန်၏။

"ဟုတ်ပါရဲ့ ဦးကာလုရယ်၊ ကျုပ်တို့မြင်ခဲ့တာ မဟုတ်မှလွဲရော...ခြေကလိန်မဆိုတဲ့ နာနာဘာဝပဲနေမှာတော့"

မုဆိုးဦးကာလုကတော့ သူတို့စကားတွေကို ခေါင်းတညိတ်ညိတ်နှင့်သာ နားထောင်နေရင်း တစ်စုံတရာကို မျက်မှောက်ကျုံ့ပြီး စဉ်းစားနေ၏။ ပြီးမှ...

"အင်းလေ...တောထဲကောင်ထဲဆိုတော့ ဘယ်ပြောလို့ရပါ့မလဲ...သရဲတစ္ဆေဆိုတာ ရှိချင်လည်း ရှိနေနိုင်တာပဲ"

မြမေတို့ သရဲခြောက်ခံရပြီး တောအစပ်မှ ပြန်ပြေးလာခဲ့သည့် သတင်းက တစ်ရွာလုံး တမဟုတ်ချင်းပင် ပျံ့နှံ့သွား၏။ ပြီးတော့

သူတို့ ပြောပြနေသည့် ခြေထောက်တစ်ချောင်းထောက် သရဲက အားလုံး၏ အတွေးအာရုံထဲတွင် အထူးအဆန်းတစ်ခုလို ဖြစ်နေကြသည်။

"ဒါနဲ့ နေပါအုံး မြမေတို့ လှခင်တို့ရဲ့၊ ညည်းတို့ မြင်လာခဲ့တဲ့ ခြေတစ်ချောင်းထောက်သရဲဆိုတာရဲ့ မျက်နှာကိုရော သေချာမြင်ခဲ့လို့လား"

စလူမြောင်ရွာ၏ ကာလသားခေါင်းဖြစ်သူ ကိုတက်လူ၏ အမေးကြောင့် မြမေနှင့်လှခင်တို့ တစ်သိုက်မှာ ခေါင်းကို ခပ်သွက်သွက် ခါယမ်းလိုက်ကြပြီး...

"ဟင့်အင်း...မမြင်လိုက်ရဘူး၊ မျက်နှာကိုသာ မြင်လိုက်ရရင် ကျုပ်တို့ရွာကိုတောင် ပြန်ရောက်မှာမဟုတ်ဘူး၊ အဲဒီနေရာမှာတင် လိပ်ပြာလွင့်ပြီးသေကုန်ကြမှာ သေချာတယ်"

ရွာသားများအားလုံးမှာ မြမေတို့တွေ့လာခဲ့သည့် ခြေထောက်တစ်ချောင်းနှင့် နာနာဘာဝဆိုသည်ကို စိတ်ကူးထဲတွင် ပုံအမျိုးမျိုး ဖော်ကြည့်နေ၏။ တချို့ကလည်း ရွာအတွင်းသို့ မကောင်းဆိုးရွားတွေ ဝင်ရောက်လာမည်ကို အလွန်အမင်း စိုးရိမ်ပူပန်နေကြလေရာ တောပိုင်တောင်ပိုင်တွေကို အမျိုးမျိုးရွတ်ဖတ်ပြီး တောင်းပန်နေကြ၏။

ကာလသားခေါင်း ကိုတက်လူမှာ မြမေတို့ပြောပြနေသည့် ခြေထောက်တစ်ဖက်နှင့် နာနာဘာဝကြီးဆိုသည်ကို အတန်ကြာအောင် စဉ်းစားနေပြီး ခေါင်းကို ဖြည်းဖြည်းချင်း ရမ်းခါလိုက်ကာ သူကိုယ်တိုင် ရိုးမတောကြီးအတွင်းသို့ အခုပင် သွားကြည့်ချင်သည့်စိတ်တွေက တဖွားဖွားပင် ပေါ်လာ၏။ ပြီးတော့ မြမေတို့အုပ်စု ကြောက်လန့်နေသည့် ခြေထောက်တစ်ဖက်နှင့် နာနာဘာဝဆိုသည်ကိုလည်း ဖြစ်နိုင်

လျှင် သူကိုယ်တိုင် ရင်ဆိုင်တွေ့ပစ်လိုက်ချင်သည့် စိတ်တွေက ချက်ချင်းပင်ပေါ်လာ၏။ ပိုဆိုးသည်က ကိုတက်လူ၏ အတွေးအာရုံတွေက အခြားသူတွေလိုမဟုတ်၊ ကာလသားခေါင်းပီပီ ရွာမှ မိန်းမပျိုကလေးများကို တစ်စုံတစ်ယောက်က ချောင်းမြောင်းနှောင့်ယှက်နေသည်ဟု ထင်နေမိခြင်းပင်ဖြစ်သည်။

"မဖြစ်နိုင်ဘူး…ခြေတစ်ဖက်နဲ့သရဲဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဒါဟာ မဟုတ်မှလွဲရော…လူပဲ"

ကိုတက်လူမှာ ဘာကိုမှ စဉ်းစားမနေတော့ဘဲ ရိုးမတောကြီးအတွင်းသို့ဝင်ရန် ချက်ချင်းပင် ဆုံးဖြတ်ချက်ချလိုက်ပြီး ထိုနေရာမှ လှည့်ထွက်လာခဲ့တော့သည်။

◆

ကိုတက်လူ ရိုးမတောကြီးအတွင်းသို့ ရောက်လာချိန်မှာတော့ ပတ်ဝန်းကျင်တစ်ခုလုံးမှာ မှောင်ရီဖြိုးဖျပင် ဖြစ်နေပြီဖြစ်၏။ တဖျောက်ဖျောက်ကျဆင်းနေသော မိုးရေမိုးစက်တွေက ရိုးမတောကြီးအတွင်း ပျင်းရိလေးတွဲစွာ ကျဆင်းနေသည်။

ကိုတက်လူမှာ မသိစိတ်၏ နှိုးဆော်မှုကြောင့်ပေလား မသိ။ မြမေတို့ တောတိုးဝင်ရောက်ခဲ့သော ဝါးပိုးဝါးတောကြီးအနီးသို့ ရောက်ကာမှ ကျောထဲက စိမ့်သလိုလို ဖြစ်လာမိသည်။ ပြီးတော့ သူ့မျက်လုံးအစုံတို့ကလည်း ထိုနေရာသို့ရောက်ကာမှ ဟိုဟိုဒီဒီကို ဝေ့ရမ်းကြည့်နေမိသည်။

ထိုစဉ်မှာပင်…

"ဟင်"

သူနှင့် မလှမ်းမကမ်းမှ ဝါးရုံပင်တွေနားတွင် မြမေတို့ တစ်သိုက် ကျကျန်ခဲ့သည့် ပလိုင်းတွေခြင်းတွေ တောင်းတွေက ဖရိုဖရဲနှင့်ဖြစ်နေပြီး မျှစ်နုတွေက မြေပြင်တွေပေါ်တွင် မှောက်ကျဲနေ၏။

"မြမေတို့ ပလိုင်းတွေ ဒီနေရာမှာ ကျကျန်ခဲ့ပုံထောက်ရင် သူတို့ပြောတဲ့ ခြေထောက်တစ်ဖက်နဲ့ကောင် ဆိုတာကိုလည်း ဒီနေရာမှာပဲ တွေ့တာဖြစ်မယ်"

ထိုအတွေးနှင့်အတူ ကိုတက်လူမှာ ခါးကြားမှာထိုးညှပ်လာသည့် ဓားမတိုကို ဖျတ်ကနဲဆွဲထုတ်ယူလိုက်၏။ သူ့အတွေးထဲတွင်လည်း တစ်ရွာတည်းနေ မြမေတို့ မိန်းမပျိုတစ်သိုက်ကို ထိကပါးရိကပါးနှင့် မတော်မတရားလုပ်ရန် ချောင်းမြောင်းနေသူကို အပြတ်ရှင်းပစ်ဖို့သာ စိတ်ကူးနေမိ၏။

"ဝေါ...ဖရော..."

ရုတ်တရက် ဖွေ့တိုက်လိုက်သောလေက ဝါးရုံပင်၏အကိုင်းတွေ အဖျားတွေကို ဆွဲခါလိုက်သလို ဖြစ်သွား၏။ ထိုအခါမှ ဝါးရွက်တို့ပေါ် တွဲခိုနေကြသော မိုးစက်မိုးပေါက်တို့က ကိုတက်လူ၏ ကိုယ်ပေါ်သို့ ဝေါကနဲ ပြိုကျလာသည်။

ဝါးပိုးဝါးရုံကြီးများမှာ ကျပ်ကျပ်ညပ်ညပ် ပေါက်နေကြပြီး တစ်ရုံနှင့်တစ်ရုံမှာ တစ်လံနှစ်လံအကွာ သာသာလောက်သာ ကွာဝေးသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ ဘယ်နေရာကိုကြည့်ကြည့် စိမ်းစိမ်းညို့ညို့ပင်ဖြစ်နေသည်။ လေတိုက်တိုင်း တလှုပ်လှုပ်ယိမ်းနွဲ့နေသည့် ဝါးပင်များ၏ အကိုင်းများမှာလည်း အချင်းချင်းပွတ်တိုက်ကာ လူတစ်ယောက် အံကြိတ်နေသလို တကျွိကျွိနှင့် မြည်နေ၏။

ထို့နောက် ကိုတက်လူ၏ မျက်လုံးများမှာ တကျွိကျွိနှင့် ယိမ်းလှုပ်နေသော ဝါးပိုးဝါးပင်များကြားသို့ ဖျတ်ကနဲရောက်သွားလေရာ ဝါးရုံကြားတွင် သူ့အား အသက်မဲ့စွာ ချောင်းကြည့်နေသည့် မျက်လုံးတစ်စုံကို တွေ့လိုက်ရလေသည်။

"ဟာ…အား"

ကိုတက်လူမှာ ချက်ချင်းပင် သတိဝင်သွားပြီး သူ့လက်ထဲမှ ဓားမတိုနှင့် ထိုးဝါးပင်များဆီသို့ တဟုန်ထိုး ပစ်ပေါက်လိုက်လေရာ သူ့ကိုစိုက်ကြည့်နေသည့် မျက်လုံးအစုံမှာ ရိပ်ကနဲကွယ်ပျောက်သွား၏။ တစ်ချိန်တည်းမှာပင် အခြားဝါးရုံပင်များဆီသို့ ခုန်ပေါက်ရင်း ပြေးလွှားသွားသည့် သဏ္ဍာန်တစ်ခုကိုလည်း မြေပြင်ပေါ်ကိုင်းကျနေသော ဝါးရွက်များကြားမှ တစ်ပိုင်းတစ်စ တွေ့လိုက်ရ၏။

"ဟင်…"

ကိုတက်လူ၏နှုတ်မှ ဟင်ဟူသော အာမေဋိတ်သံနှင့်အတူ တစ်ပိုင်းတစ်စ မြင်လိုက်ရသည့် နောက်ပြန်ခုန်ပေါက် ပြေးလွှားသွားသော ခြေထောက်ကြီးတစ်ဖက်ကြောင့် အသက်ရှူပင် ရပ်မတတ်ဖြစ်သွားလေတော့သည်။

"အ…အား"

●●●

## အခန်း(၃)

"အူ…ဝူး"

"ဝုတ်…ဝုတ်"

"အုံး အွမ်၊ အုံး အွမ်"

ခြေထောက်တစ်ဖက်နှင့် ခုန်ပေါက်ပြေးလွှားသော မိစ္ဆာကောင်ကြီးကို မြမေတို့တစ်သိုက် တွေ့လိုက်ပြီးသည့်နေ့မှစ၍ စလူမြောင်တစ်ရွာလုံးမှာ ညစဉ်လိုလို ခွေးအူသံတွေ ခွေးဟောင်သံတွေကို အဆက်မပြတ် ကြားနေရ၏။ ပိုထူးခြားသည်က ဘယ်ဆီမှ ကြားနေရမှန်းမသိသည့် စားဖားကြီးများ၏အော်သံကို စလူမြောင်ရွာတစ်ဝိုက် ကျွတ်ကျွတ်ညံအောင် ကြားနေရခြင်းပဲဖြစ်သည်။

ခါတိုင်းဆိုလျှင် အခုလို မိုးဦးကျညများတွင် ဖားအော်သံကြားသည်နှင့် မီးတုတ်ဆွဲပြီး လိုက်ရိုက်ကြသော ရွာသားတွေမှာ လယ်ကိုင်းတွေထဲတွင် ဖွေးဖွေးလှုပ်နေခဲ့သော်လည်း ဒီတစ်ခါတော့ ထူးထူးခြားခြား အော်ဟစ်နေသော စားဖားကြီးတွေကို တစ်ဦးတစ်ယောက်မှ ထွက်ပြီးမရိုက်ရဲကြ။ တစ်ရွာလုံး အသံဗလံတွေပင် တိတ်ဆိတ်နေကြကာ အထိတ်တလန့်နှင့် ဖြစ်နေကြ၏။

ဒါတင်မက မြမေတို့အဖွဲ့ တွေ့လာခဲ့သည့် ခြေတစ်ချောင်းထောက်နှင့် နာနာဘာဝကြီးကို ကိုတက်လူကိုယ်တိုင် ထပ်တွေ့လာခဲ့ပြီး သေပြေးရှင်ပြေး ပြေးလာခဲ့ရသည်ဆိုသောအခါ အားလုံးက ပိုပြီးခြောက်ခြားကုန်ကြ၏။

အချို့ကလည်း ညက ရွာဘယ်အပိုင်းမှာ ခြေတစ်ချောင်းထောက်သရဲကို ရိပ်ကနဲတွေ့လိုက်ရတယ်တို့၊ အရှေ့ဖျားက ဒေါ်စိန်ပုတို့တဲရှေ့မှာ ခုန်ဆွခုန်ဆွနဲ့ ပြေးသွားတယ်တို့၊ အမျိုးမျိုး ပြောဆိုနေကြသည်။

ဘာပဲပြောပြော…ခြေတစ်ချောင်းထောက် နာနာဘာဝက စလူမြောင်ရွာသားတွေအတွက် အကြီးအကျယ်ပင် အထိတ်တလန့်ဖြစ်၍နေပေပြီ။

◆

နောက်တစ်နေ့မနက်တွင် စလူမြောင်တစ်ရွာလုံး သရဲအခြောက်ခံရပါသည်ဆိုသော သတင်းက အနီးနားရှိ ကျောက်ဖြူတောင်ရွာနှင့် တိမ်မြုတ်ရွာတွေအထိပင် ပျံ့နှံ့ကုန်သည်။ ထိုအခြေအနေတွင် ရွာမှ ကျောင်းထိုင်ဆရာတော် ဦးစန္ဒိမာလာက အထက်အညာသို့ ကြွသွားခြင်းကလည်း စလူမြောင်ရွာသားတွေအဖို့ ပိုပြီး အားကိုးမဲ့ဖြစ်နေကြကာ အားလုံးက တဗျစ်တောက်တောက်နှင့် ဖြစ်နေကြ၏။

ဆရာတော်၏ ညီဖြစ်သူ ကိုရင်ပန်းခွေးမှာလည်း တစ်ကြိမ်တစ်ခါမှ မကြားဘူးသည့် ခြေထောက်တစ်ချောင်းထောက် နာနာဘာဝကြီးကြောင့် တစ်ရွာလုံး အုတ်အော်သောင်းနင်း ဖြစ်နေကြသည်ကိုဘာတစ်ခုမှ မဆုံးဖြတ်ပေးရဲဘဲဖြစ်နေ၏။ မနက်မိုးလင်းကတည်းက အုံးအုံးကျက်ကျက် ဖြစ်နေကြသော လူအုပ်ကြီးထဲမှ ကာလသားခေါင်း

*ကိုတက်လူ့အဖော့* ကြုံရာမရသည့်အဆုံး…

"ကျုပ်တို့ရွာမှာ ဒီလိုသာ ညစဉ်ရက်ဆက် အထိတ်တလန့်တွေဖြစ်နေရင် မလွယ်ဘူးဗျို့…တတ်သိနားလည်တဲ့ ဆရာလေးဘာလေးပင့်ပြီး နာနာဘာဝတွေကို တောထုတ်ပစ်ကြရင် မကောင်းဘူးလား"

ကိုတက်လူ၏ စကားကြောင့် ရွာသားအချို့မှာ…

"ဟုတ်တယ် ကိုတက်လူ၊ ကျုပ်တို့ရွာမှာ အခုဆိုရင် ဟိုနားတစ်မျိုးကြားရ၊ ဒီနားတစ်မျိုးကြားရနဲ့ ညညဆို ဘယ်နေလို့နေရမှန်းတောင်မသိဘူး၊ နောက်ပြီး ကလေးငယ်တွေဆို မကြာမကြာ လန့်လန့်ပြီးငိုကြလို့ လိပ်ပြာတွေဘာတွေ လွှင့်ကုန်မှာတောင် ကြောက်ရတယ်ဗျို့"

အားလုံးကတော့ မြမေတို့တွေ တွေ့လာခဲ့သည့် ခြေတစ်ချောင်းထောက် နာနာဘာဝကြီးကြောင့် လုပ်မိလုပ်ရာတွေ၊ ကြံမိကြံရာတွေ ကြံစည်ကုန်ကြ၏။ ထိုအထဲမှ ဒေါ်စိန်ပုဆိုသူ မိန်းမကြီးကလည်း အလုအယက်နှင့် ဝင်ပြောပြန်၏။

"အမလေးတော်…ကျုပ်ဖြင့် တစ်သက်နဲ့တစ်ကိုယ် အခုလို ခြေတစ်ချောင်းနဲ့သရဲမျိုး တစ်ခါမှ အခြောက်မခံရဘူးပါဘူး၊ အဲ…မနေ့ညကမှ ကျုပ်အိမ်ရှေ့မှာ မျက်လုံးနှစ်လုံးက ဝင်းကနဲ ဝင်းကနဲ"

"ဒီမှာ ဒေါ်စိန်ပု ခင်များဗျာ၊ သူများ သရဲခြောက်ခံရပြီဆိုတာနဲ့ ရောရောင်ပြီး အခြောက်ခံရပြန်ပြီလား၊ ခင်ဗျားဆီက ကြားလိုက်ရရင် မဟုတ်ကဟုတ်တွေချည်းပဲ၊ ဒီမှာ သူများတွေ ဦးနှောက်ခြောက်နေရတဲ့အထဲ၊ သွားစမ်းပါဗျာ"

ခြေဟန်လက်ဟန်နှင့် အားရပါးရတွေ ပြောနေသော ဒေါ်စိန်ပု ကို ရွာသားတစ်ယောက်က စိတ်မရှည်စွာနှင့် အော်ငေါက်ပြီး ထိုနေရာမှ အတင်းနှင်လွှတ်နေ၏။ တကယ်တော့ ဒေါ်စိန်ပုမှာ အသက်အရွယ်ကြီး ကာမှ ကလေးတစ်ယောက်မွေးပြီး ထိုကလေးမှာ မီးတွင်းမှာပင် သေဆုံး ခဲ့ရသဖြင့် အနည်းငယ် စိတ်ကယောက်ကယက် ဖြစ်နေသည်မှအပ လူရေးလူရာတွင်လည်း သန့်ကနဲဆို ဝင်ပါချင်သူဖြစ်၏။ ဒါကိုပင် တစ်ရွာလုံးက သိထားပြီးဖြစ်သဖြင့် ဒေါ်စိန်ပုကို ခပ်တန်းတန်းသာ ပြောဆိုဆက်ဆံကြလေသည်။

ကိုတက်လူမှာလည်း ကာလသားခေါင်းပီပီ အခုလိုအချိန် အခါမျိုးတွင် ရှေ့မှနေ၍ ဦးဆောင်ဦးရွက် ပြုရသည်ကိုပင် သူ့ကိုယ်သူ အကျေနပ်ကြီး ကျေနပ်နေသူဖြစ်၏။ ထို့နောက် ကိုတက်လူက သူ့စကား ကိုဆက်ကာ...

"ကဲ...ကျုပ်စီစဉ်တဲ့ကိစ္စကို ခင်ဗျားတို့ဘယ်လိုသဘောရ လဲ၊ နို့...ပြီးတော့ ဒီအချိန်မှာ ရွာဦးကျောင်းဆရာတော်လည်း ရှိတာ မဟုတ်တော့ ကျုပ်တို့က အစစအရာရာ ကြိုကြိုတင်တင်နဲ့ မဖြစ်သင့် တာမဖြစ်ရအောင် အကာအကွယ် ပြုထားရမယ်မဟုတ်လား၊ ကြားပါ တယ်ဗျာ၊ ဒီနေ့ပဲ ဟိုဘက်ရွာက ပယောဂဆရာ ဆရာမြိုင့်ကို သွားပင့် မှဖြစ်မှာပါ"

ကိုတက်လူ၏စကားကို နားထောင်နေသူအားလုံးက တစ်စုံ တရာမှ ငြင်းဆန်ခြင်းမပြုဘဲ ကိုယ်စီကြောက်ရွံ့ တုန်လှုပ်နေကြသည့် မျက်နှာတွေနှင့် ခံစားချက်တွေက လေးလံရွေ့လျားနေကြသည်၊

အချို့ရွာသူတွေမှာလည်း စလူမြောင်ရွာထိပ်မှ ယိုင်နဲ့နေသော

လေးတိုင်စင်နတ်ကွန်းလေးဆီသို့သွားကာ ချက်အရက်နှင့် ကြက်ကြော်တို့ကို တင်မြှောက်ပသရင်း ရွာကိုစောင့်ရှောက်ဖို့ အားကိုးတကြီးရွတ်ဖတ်တိုင်တည်ကြလေသည်။

ထိုအချိန်မှာပင် ရွာထိပ်ဆီမှ သွေးပျက်လုခမန်း အော်လိုက်သည့်အသံကြီးကို ကြားလိုက်ကြရ၏။

"လာကြပါအုံးဗျို့...ဒီ...ဒီမှာ ကျုပ်လယ်ကွက်ထဲမှာ ခြေရာကြီး"

အသံကြားရာဆီသို့ အပြေးအလွှားနှင့် ရောက်သွားကြသောအခါ အမှန်တကယ်ပင် ထိုသူ၏စိုက်ခင်းထဲမှ ထယ်သွားရာများကြားတွင် ခုန်ပေါက်ပြေးလွှားသွားသော ခြေရာကြီးတစ်ဖက်ကို တွေ့လိုက်ကြရသည်။

●●●

## အခန်း(၄)

နောက်တစ်နေ့ မနက်ပိုင်းတွင် ကိုတက်လူနှင့်အတူ အသက် လေးဆယ်ခန့် အသားညိုညို၊ အရပ်ခပ်ပြတ်ပြတ်နှင့် လူတစ်ယောက် စလူမြောင်ရွာသို့ ပါလာလေသည်။ ထိုသူမှာ နှုတ်ခမ်းမွေးကားကား နှင့် သျှောင်ကိုတစ်စောင်းထုံးထားပြီး ယောဂီရောင်ဝတ်စုံကိုလည်း အပေါ်အောက်ဝတ်ထား၏။ သူ၏ပခုံးတွင် ချိတ်လွယ်ထားသည့် ကြီး မားသောလွယ်အိတ်ကြီးနှင့် နဂါးခေါင်းသဏ္ဌာန် ဝါးဆစ်ပိတ်တောင်ဝှေး တစ်ချောင်းကို လက်ထဲတွင် ဆုပ်ကိုင်ထားပုံကို ကြည့်ခြင်းအားဖြင့် ထိုသူမှာ ကိုတက်လူပြောသည့် တစ်ဖက်ရွာမှ ပယောဂဆရာ ဆရာမြိုင် မှန်း သိသာနေ၏။

ကိုတက်လူနှင့် ထိုပယောဂဆရာတို့နှစ်ဦးလှည်း ရွာအတွင်းသို့ ဝင်လာသည်နှင့် ရွာထဲမှ လူကြီးကော ကလေးပါမကျန် လှည်းနောက် မြီးနှင့်ခပ်ခွာခွာမှ လမ်းလျှောက်ရင်း လိုက်ပါလာကြလေသည်။

"ဗျို့ ကိုကြီးတက်လူ၊ ကျုပ်က လှည်းကို ဘယ်အိမ်ရှေ့ မောင်းရမှာလဲဗျ၊ ကိုတက်လူရဲ့အိမ်ကိုလား၊ ဒါမှမဟုတ် ရွာထိပ်က ဇရပ်ကိုလား...ပြောအုံးလေ"

ရွာအဝင်တစ်လမ်းလုံး ခေါင်းတမော့မော့နှင့် လိုက်ပါလာခဲ့သော ကိုတက်လူမှာ လှည်းသမား ငဆောင်ပြောမှ သတိရသွားပြီး…

"ဩော်…အေး၊ ငါ့အိမ်ကိုသာမောင်းကွာ ငဆောင်၊ ဒီက ဆရာကြီးလည်း ခဏတဖြုတ် အနားယူရင်း ရေနွေးကြမ်းလေးဘာလေး သုံးဆောင်ရအောင်"

ငဆောင်၏နွားလှည်းက ကိုတက်လူတို့ အိမ်ရှေ့ခြံစည်းရိုးထဲ ချိုးကွေ့ဝင်လိုက်သည်နှင့် ရွာအရှေ့ဖျားကော အနောက်ဖျားကောမှပါ ကလေးလူကြီးမကျန် တစ်ဖွဲဖွဲနှင့် ရောက်လာကြ၏။ အားလုံးကလည်း ကိုတက်လူခေါ်လာသည့် ပယောဂဆရာဆိုသည်ထက် ဘယ်ပုံဘယ်နည်းနှင့် နာနာဘာဝကို ပညာသုံးပြီး မောင်းထုတ်လေမလဲ ဆိုသည်ကိုသာ စိတ်ဝင်တစားနှင့် ဖြစ်နေကြသည်။

တဖြည်းဖြည်းနှင့် ကိုတက်လူ၏ ခြံဝင်းထဲရှိ မကျည်းပင်ကြီးအောက်တွင်တော့ နှစ်ဆယ် အစိတ်ခန့်ရှိသော ရွာသားများမှာ မတ်တပ်ကောထိုင်လျက်နှင့်ပါ စုရုံးရောက်ရှိနေကြပေပြီ။ ထိုအထဲမှ ပောင်ဖွာပောင်ဖွာနှင့် အစောဆုံးရောက်နေသူကတော့ ဒေါ်စိန်ပုပင်ဖြစ်သည်။

မြမေတို့ လှခင်တို့ အပျိုတစ်သိုက်ကတော့ ကိုတက်လူတို့ ခြံစည်းရိုးအဝင်နားတွင်ပင် မဝံ့မရဲနှင့် ကြည့်နေကြလေသည်။

မကြာခင် ကိုတက်လူနှင့် ပယောဂဆရာ ဆရာမြိုင်တို့မှာ အိမ်အတွင်းမှထွက်လာပြီး မကျည်းပင်ကြီးကို ဝိုင်းပတ်ခင်းထားသော ဝါးကွပ်ပစ်ပေါ်သို့ တက်ထိုင်လိုက်ကြသည်။ ကိုတက်လူမှာလည်း ကွပ်ပစ်ပတ်ပတ်လည်တွင် ဝိုင်းထိုင်ရင်း ကြည့်နေကြသည့် ရွာသား များကို ကြည့်ကာ လည်ချောင်းရှင်းသလို ချောင်းဟန့်သလိုနှင့် လုပ်လိုက်ပြီး…

“အဟာမ်း…အဟာမ်း၊ အားလုံးပဲ နားထောင်ကြပါ၊ ဒီကနေ့ ကျုပ်တို့ရွာမှာ ညစဉ်လိုလို အထိတ်တလန့်နှင့် အမျိုးမျိုးခြောက်လှန့်နေတဲ့ နာနာဘာဝကို ယောဒီက ဆရာကြီး ဆရာမြိုင်က အာဏာစက်သုံးပြီး ဖယ်ရှားပေးမှာဖြစ်ပါတယ်။ ဆရာကြီးဟာ နယ်တကာလှည့်ပြီး ဆေးကုရုံတင်မဟုတ်ဘူး၊ အခုလို မကောင်းဆိုးရွားတွေ သရဲတစ္ဆေ ပြိတ္တာ၊ ဘီလူးနဲ့ မကောင်းတဲ့ အစီအရင်တွေ အကုန်လုံးကို သူ့ရဲ့ လျှာစက်၊ အာဏာစက်နဲ့ ပညာတွေသုံးပြီး ဖယ်ရှားပေးမှာပါ”

ပယောဂဆရာ ဆရာမြိုင်မှာလည်း ဝါးကွပ်ပစ်ပေါ်တွင် တင်ပလ္လင်ချိတ်ထိုင်နေပြီး နဂါးခေါင်းသဏ္ဌာန်နှင့် ဝါးဆစ်ပိတ် တောင်ဝှေးကို ဝါးအခင်းကြမ်းပေါ်ထောက်လျက် ဆုပ်ကိုင်ထားလေသည်။ ထို့နောက် ကိုတက်လူက ဆရာမြိုင့်ဖက်သို့လှည့်ကာ…

“ကဲ…ဆရာကြီး၊ ကျုပ်တို့မှာမှာ နှောင့်ယှက်နေတဲ့ မကောင်းဆိုးရွားတွေကို ဆရာ့ရဲ့ပညာနဲ့ မောင်းထုတ်ပေးပါအုံး”

ကိုတက်လူ၏ စကားဆုံးသည်နှင့် ဆရာမြိုင်မှာ မျက်စိကို စုံမှိတ်လိုက်ပြီး လက်သီးတစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ လက်မကို ပါးစပ်နားတွင် တေ့ကပ်လိုက်၏။ ဆရာမြိုင် ထိုသို့ အာရုံခံနေသည့်အချိန်မှာ ဘေးပတ်ပတ်လည်မှ ကြည့်နေကြသည့် ရွာသားများ အားလုံးမှာ အသက်တွေပင် မရှုရဲကြ။ ကုန်ကုန်ပြောရလျှင် ဆရာမြိုင်၏ရှေ့မှ ကိုတက်လူကိုယ်တိုင်ပင်လျှင် မျက်တောင်တစ်ချက်ကလေး မခတ်ဘဲ စိုက်ကြည့်နေမိသည်။

ခဏအကြာ ဆရာမြိုင်က ရဲရဲနီပြီး စူးရှတောက်ပနေသော သူ့မျက်လုံးတွေကိုဖွင့်ကာ ပါးစပ်နားတွင် လက်သီးဆုပ်ကို မဖြေလေ

ဘဲ လက်ညှိုးတစ်ချောင်းထောင်လျက်…

"ဆရာ့ကို ရေတစ်ခွက်ပေးစမ်းဟေ့"

သူ့အသံက အလွန်အမင်း ဒေါသထွက်နေသူတစ်ယောက် အံကြိတ်ပြီးပြောနေသလို မပီမသဖြစ်နေ၏။ ကိုတက်လှူလည်း ဆရာမြိုင့် စကားကြောင့် ကပျာကယာပင် ရေတစ်ခွက်သွားယူလာလေသည်။ ထို့နောက် ဆရာမြိုင်က ဝါးကွပ်ပစ်ပေါ်မှဆင်းကာ မကျည်းပင်ကြီး ပတ်ပတ်လည်မှ မြေပြင်ကို စည်းသားရေးခြစ်လိုက်ပြီး…

"ကျုပ်တားထားတဲ့ ဟောဒီစည်းဝိုင်းထဲကို တစ်ယောက်မှ မဝင်မိကြပါစေနဲ့၊ အဲ…ဝင်လိုက်မိပြီဆိုရင်တော့ ဖြစ်လာတဲ့ကိစ္စကို ကျုပ်တာဝန်မယူနိုင်ဘူး"

ထိုစကားကြောင့် မကျည်းပင်ကြီး၏ ဘေးပတ်ပတ်လည်တွင် ဝိုင်းကြည့်နေကြသော ရွာသားများမှာ နောက်သို့ အလိုလိုဆုတ်ကုန်ကြ သည်။ အားလုံးကလည်း ရှေ့ဆက်ပြီး ဘာတွေဖြစ်လာလိမ့်မလဲဆို သည့် အတွေးတွေနှင့်သာ စိတ်စောလျက်ရှိနေကြ၏။ ထို့နောက် ဆရာ မြိုင်မှာ စောစောကခပ်ထားသော ရေခွက်ကိုကိုင်ကာ ပါးစပ်က တီးတိုး နှင့် ရွတ်ဆိုမန်းမှုတ်နေလေသည်။

သိပ်မကြာလိုက်…

ဆရာမြိုင်က ထိုရေခွက်ထဲသို့ သူ့လက်သုံးချောင်းကိုနှစ်ကာ စည်းဝိုင်းအပြင်မှာ ကြည့်နေကြသော ပရိသတ်ကြီးဘက်သို့ ရေဖြန်း ပက်လိုက်လေသည်။

ဆရာမြိုင်၏ ဟိတ်ဟန်ကောင်းမှုကြောင့် ရွာသားများခမျာ မင်သက်မိနေကြသည်။ ရိုးစင်းသော သူတို့၏ နေ့စဉ်လူနေမှုဘဝထဲတွင် ဒါမျိုး တစ်ခါမှ မျက်မြင်ကိုယ်တွေ့ မကြုံဖူးကြသောကြောင့် အံ့သြဘနန်း ဖြစ်နေကြ၏။

ရွာသူရွာသားတချို့က ယုံသည်။ တချို့က မယုံ။ တချို့က တော့လည်း ဘာပဲဖြစ်ဖြစ် အထူးအဆန်းများ တွေ့ရလေမလားဟု ကြည့်ချင်ပွဲသဖွယ်သဘောထားပြီး လာရောက်အုံကြည့်နေကြခြင်းဖြစ်သည်။

ထိုစဉ်မှာပင်…

ဆရာမြိုင်က တစ်စုံတရာကို ပွစိပွစိရေရွတ်နေရာမှ သူ့လက်ထဲတွင် ဆုပ်ကိုင်ထားသော နဂါးခေါင်းသဏ္ဍာန် ဝါးဆစ်ပိတ်တောင်ဝှေးကို…

"ဒုန်း"

ခနဲ မြေပေါ်သို့ ဆောင့်လိုက်ရင်း ဖနောင့်ကို ပေါက်လိုက်ကာ…

"ဥုံ…ငါ့အမိန့်"

ဟု အာဏာသံပါပါ ရေရွတ်လိုက်၏။ သူ့ဟန်နှင့်သူ့အသံကြောင့် ဝိုင်းကြည့်နေကြသော ရွာသားများစိတ်ထဲတွင် ထိတ်ခနဲပင် ဖြစ်သွားရသည်။

ရုတ်တရက်…

"အီး…ဟီး…ဟီး"

ရှိုက်ကြီးတငင် ငိုချလိုက်သော မိန်းမတစ်ယောက်၏ အသံ

ကြောင့် လူတွေအားလုံး ခေါင်းထောင်သွားကြပြီး…

"ဟဲ့…ဟဲ့၊ ဘယ်သူလဲ၊ ဘာဖြစ်တာလဲ"

"ဟင်"

"ဟို…ဟို အဲဒါ မစိန်ပုမဟုတ်လား၊ ဘာဖြစ်လို့ ဖြုန်းစားကြီး ထငိုရတာတဲ့တုန်း"

မန်ကျည်းပင်ကြီးပတ်ပတ်လည်တွင် စိတ်ဝင်တစား စောင့်ကြည့်နေကြသော လူအုပ်ကြီးတစ်စုလုံး လှုပ်လှုပ်ရှားရှားနှင့် တရုံးရုံးဖြစ်ကုန်ကြ၏။

အော်ကြီးဟစ်ကျယ် ငိုနေသော မစိန်ပု၏ဘေးတွင် ဝိုင်းအုံသူက အုံ၊ ပွေ့သူကပွေ့နှင့် ယောက်ယက်ခတ်လျက်။

မစိန်ပုကလည်း ဘာစကားမှ မေး၍မရ။ ငို၍သာနေ၏။

ထိုအခါ ဘေးမှ လူတွေကလည်း ပျာယာခတ်သူတွေက ပိုပြီး ပျာယာခတ်ပြကြ၏။ ကြောက်သူကလည်း ပိုပြီးကြောက်ပြကြ၏။

မယုံကြည်သူတွေကတော့ တီးတိုးတီးတိုး သဖန်းပိုးလုပ်ကာ မေးငေါ့ကြလေသည်။

"အလကားပါကွာ၊ မစိန်ပုက နဂိုကတည်းကမှ ကြောင်တောင်တောင်ရယ်၊ ရွာထဲမှာ လူများများစုပြီဆိုရင် အားလုံးက သူ့ကို စိတ်ဝင်စားအောင် ဂရုစိုက်အောင် မေ့လဲပြရတာနဲ့…တက်ပြရတာနဲ့"

"ဟုတ်ပ့ါ…ထစ်ခနဲဆို သူမပါရင် မပြီးဘူး၊ တစ်ခုခုတော့ ဖြစ်ပြလိုက်ရမှ"

တစ်ရွာတည်းနေကြသူများမို့ ဒေါ်စိန်ပု၏အကြောင်းကို သိပြီးသား လူရင်းတွေက အားမနာတမ်း အတင်းပြောကြ၏။

ဟုတ်တော့လည်း ဟုတ်သည်။ ဒေါ်စိန်ပုက သူ့ကို လူတွေ စိတ်ဝင်စားတာခံချင်သည်။ လူတွေ ဂရုစိုက်တာခံချင်သည်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ၊ သူများထက်တော့ နည်းနည်း ထူးပြလိုက်ရမှ ကျေနပ်သူ။

ဒေါ်စိန်ပုနှင့် အိမ်နီးချင်း မိန်းမကြီးတစ်ယောက်က…

"ဟုတ်ပါရဲ့…မစိန်ပုကြီးက ခုနောက်ပိုင်း စိတ်က ဟိုလိုလို ဒီလိုလိုတွေ ပိုဖြစ်လာသလိုပဲတော့"

"လူတွေ စိတ်ဝင်စားမှန်းသိလို့ အပိုဆာဒါးတွေ လုပ်ပြနေတာပါအေ"

ဆရာမြိုင်ကတော့ ရှုတ်ရှုတ်သဲသဲဖြစ်နေသော လူစုကို ပါးနပ် လျှင်မြန်သောအကြည့်ဖြင့် တစ်ချက်ဝေ့ကြည့်ရင်း အကဲခတ်သည်။

ထို့နောက် ခပ်တည်တည်ဖြင့် အခြေအနေကို ဝင်ထိန်းလိုက်၏။

"ဘာမှ မပူကြပါနဲ့…မပူကြပါနဲ့၊ ဆရာ့ရဲ့ပညာ၊ ဆရာ့ရဲ့ မေတ္တာကြောင့် အားလုံးကောင်းသွားမှာပါ"

ပြောပြောဆိုဆိုဖြင့် သူ့လွယ်အိတ်ထဲမှ အပ်ချည်မျှင်ကြိုးကွင်း တစ်ကွင်းကို ထုတ်ယူပြီး ဒေါ်စိန်ပုလည်ပင်းတွင် စွပ်ပေးလိုက်သည်။

ဒေါ်စိန်ပုကလည်း မျက်လုံးမပွင့်တပွင့်လုပ်ကာ အခြေအနေကို အကဲခတ်ရင်း အသာမှိန်းနေလေသည်။

ဆရာမြိုင်က ဒါကိုကြည့်လိုက်သည်နှင့် အခြေအနေက သူ့ဘက်ပါပြီမှန်း ပါးပါးနပ်နပ် သဘောပေါက်လိုက်၏။ ထို့ကြောင့် သူက…

"ကဲ…ဒီကနေ့ကစပြီး တစ်ရွာလုံး ဘာအနှောင့်အယှက်မှ မရှိတော့ဘူး၊ အေးချမ်းသွားပြီလို့သာ မှတ်ကြပေတော့"

ဟု ပြောရင်း သူ့လွယ်အိတ်ကြီးထဲမှ အပ်ချည်မျှင်ကြိုးကွင်းကလေးများကို လိုက်လံဝေငှနေသည်။

ယုံကြည်သူ ရွာသားတွေကတော့ တဝုန်းဝုန်းတိုးဝှေ့ကာ အလုအယက်ယူကြသည်။ မယုံကြည်သူတွေကတော့ တစ်စတစ်စ ဝေးရာဆီသို့ ခွဲထွက်သွားကြ၏။

"အလကားပါကွာ…သရဲခေါ်တယ်ဆိုတာ တကယ်မဟုတ်ပါဘူး၊ လူတွေကို ညာစားတာပါ"

မကျေမနပ်ဖြင့် ရေရွတ်လိုက်သံတချို့က တအုံးအုံးထ ဆူညံနေသော လူအုပ်ကြီး၏ အသံအောက်တွင် တိုးတိတ်စွာ ပျောက်ကွယ်သွားလေတော့သည်။

●●●

## အခန်း(၅)

ပြီးခဲ့သည့် နှစ်ရက်လောက်ကတည်းက ရွှေအ ဖိုးငို၏အမေဖြစ်သူ ဒေါ်ခလေးမတစ်ယောက် သူ့သားကို ရွာပြင်သို့ထွက်မဆော့ရန် အမျိုးမျိုးခြောက်လှန့် တားမြစ်ထားလေသည်။ သို့သော် ရွှေအ ဖိုးငိုကတော့ ဒေါ်ခလေးမ ခြောက်လှန့်တားမြစ်နေသည့် စကားတွေကို ဘာတစ်ခုမှ အလေးမထားဘဲ ကလေးပီပီ ရွာရိုးကိုးပေါက် ဆော့ကစားလျက်ပင်ရှိ၏။ ရွှေအဖိုးငိုမှာ စကားမပြောတတ်သော်လည်း အခုတလော ရွာထဲမှာ လူတွေတရုန်းရုန်းနှင့် ထိတ်လန့်ကြောက်ရွံ့နေကြသည့် ခြေတစ်ဖက်ထောက် နာနာဘာဝအကြောင်းကိုတော့ သူ ဟိုမှဒီမှ ကြားပုံရသည်။

အခုလည်း မနက်မိုးလင်းကတည်းက ပျောက်ချက်သားကောင်းနေသည့် ရွှေအ ဖိုးငိုကို အမေဖြစ်သူ ဒေါ်ခလေးမက စိတ်ပူပြီး ဒေါင်းတောက်အောင်ပင် လိုက်ရှာနေမိသည်။

"ဟဲ့…ငဆောင်၊ ရွာလည်ပိုင်းမှာ ငါ့သားဖိုးငိုတစ်ယောက်ကို မတွေ့မိခဲ့ဘူးလားဟဲ့"

ခေါင်မှာလည်း ရုတ်တရက်စဉ်းစားသလိုနှင့်…

"ဩော်…အမှတ်တမဲ့ပဲဗျ ဒေါ်ခလေးမရဲ့၊ ကျုပ်လည်း စောစောက ကိုတက်လူတို့အိမ်မှာ ငေးနေမိလို့ ရွှေအကို မမြင်မိဘူး"

"တောက်…ဒီသေနာလေးဟာ…ဘယ်များသွားသေနေပါလိမ့်၊ ခက်လိုက်တာနော်"

ထိုအချိန်မှာပင်…

ကိုတက်လူအိမ်က ပြန်လာကြသည့်လူတွေက ရွာလယ်လမ်းမကြီးအတိုင်း တစ်ယောက်တစ်ပေါက်နှင့် ကျွတ်ကျွတ်ညံအောင် ငြင်းခုန်လာကြလေသည်။ ထိုအထဲမှ ရွာသားအချို့မှာလည်း ဆရာမြိုင်၏ ပယောဂပညာအစွမ်းကို ယုံကြည်သူတွေရှိသလို မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ဝေ့ဝေ့ဝဲဝဲ ဖြစ်နေကြသူတွေလည်း ရှိလေသည်။ ထိုသူတွေကိုမြင်သည်နှင့် ရွှေအ၏အမေ ဒေါ်ခလေးမမှာ…

"ကျုပ်သား ရွှေအတစ်ယောက်ကို အဲဒီဘက်မှာ မတွေ့ခဲ့ကြဘူးလားတော်"

"တွေ့ပါ့ ဒေါ်ခလေးမရေ…ရွှေအတစ်ယောက် အခုနပဲ ကိုတက်လူတို့အိမ်ရှေ့ ခြံဝင်းထဲမှာ သူ့အဖော်တွေနဲ့အတူ ကြည့်နေလေရဲ့"

ဒေါ်ခလေးမမှာ ထိုအခါမှ ရွာလမ်းဘေးမှ သစ်ကိုင်းခြောက်တစ်ခုကို ကပျာကယာနှင့်ချိုးလိုက်ပြီး ဒေါသတကြီးနှင့်…

"ဟင်း…သေနာလေးကိုတော့ မှတ်လောက်သားလောက်အောင် လုပ်ကိုလုပ်အုံးမယ်၊ ဒီလောက် အတန်တန်ပြောထားရက်သားနဲ့ အိမ်မှာကိုနေချင်စိတ် မရှိတဲ့ကောင်"

“မရိုက်ပါနဲ့ ဒေါ်ခလေးမရယ်၊ ရွှေအက စကားမပြောတတ်ရှာပေမယ့် သူ့ခမျာစိတ်ကောင်းလေးတော့ ရှိပါတယ်၊ ပြီးတော့ ကလေးကို တစ်ရွာလုံးကလည်း စောင့်ရှောက်နေကြတာပဲ…ဘာစိုးရိမ်စရာရှိလို့လဲ”

ရွှေအ ဖိုးငိုကို တစ်ရွာလုံးက ချစ်ကြသည်မှာတော့ အမှန်၊ စကားမပြောတတ်ရှာသော်လည်း တစ်ဖက်သားကို ကူညီချင်သည့်စိတ်က သူ့ဆီမှာအပြည့်ရှိ၏။ ဒါကြောင့်လည်း သူ့လို ရှစ်နှစ်ကိုးနှစ်အရွယ်တူကလေးချင်းကပင် ရွှေအကို နိုင်ထက်စီးနင်း ဆက်ဆံသူမရှိဘဲ ချစ်ခင်ကြလေသည်။

တကယ်တော့ ရွှေအဖိုးငိုမှာ မွေးရာပါ စကားမပြောတတ်ခြင်းတော့မဟုတ်။ သူ နှစ်နှစ်အရွယ်တွင် အပူကြီးပြီး အပျင်းဖျားရာမှ စကားသံတွေပါ ပျောက်ကွယ်သွားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ဒေါ်ခလေးမတစ်ယောက်မှာ လင်ယောကျ်ားဆုံးပါးပြီး ဒုက္ခရောက်ကာ ဆင်းရဲနွမ်းပါးရသည့်အထဲ ဖတဆိုးလေး ဖိုးငို၏ရောဂါကို ဗိန္ဓောဆရာမျိုးစုံနှင့်တော့ ကုရှာသည်။ သို့သော်…ဖိုးငို၏စကားသံတွေကတော့ ဝဋ်နာကံနာတစ်ခုလို့ ပြောရမလောက်ပင် ဘာမှထူးထူးခြားခြား ပြန်ပြီးကောင်းမလာခဲ့။

တစ်ခု ထူးခြားသည်ကတော့ ထိုသို့စကားသံမထွက်တော့သည့်နောက်ပိုင်း ဖိုးငိုမှာအသားတွေ ငါးတွေကို ဘယ်လိုမှကျွေး၍မရတော့ခြင်းပင်။ တချို့ကလည်း ရွှေအ အခုလိုဖြစ်ပြီး ဆွံ့အသွားခဲ့သည်မှာ ရွာတော်ရှင်နှင့် မိရိုးဖလာရိုးရာ နတ်မင်းများကို မပူဇော်မပသ၍ ဖြစ်ရသည်ဟု ထင်မြင်ယူဆလျက်ရှိကြသည်။

သို့သော် ကျောင်းထိုင်ဆရာတော် ဦးစန္ဒိမာလာ၏ညီ ကိုရင်ပန်းခွေးကတော့ ရွှေအဖိုးငိုတစ်ယောက် ယခုကဲ့သို့ဖြစ်ရခြင်းမှာ အပူကြီးပြီး ဓာတ်ကြီးလေးပါး ငုတ်ခြင်းကြောင့်သာ ဖြစ်ရသည်ဟု ပြောဆိုလေသည်။

အခုလည်း ရွှေအ ဖိုးငိုတစ်ယောက် ဟိုလူ့မျက်နှာမော့ကြည့်လိုက်၊ ဒီလူ့မျက်နှာမော့ကြည့်လိုက်နှင့် လူအချို့နှင့်အတူ ရွာလမ်းအတိုင်း လျှောက်ပြန်လာ၏။ သူ့စိတ်ထဲမှာလည်း တစ်ကြိမ်တစ်ခါမှ မမြင်ဘူးသော အဖြစ်အပျက်တွေကြောင့် ဘာမှန်းမသိသော ခံစားချက်တွေက တနင့်တပိုးနှင့် ဖြစ်လာပုံရသည်။

"ဟဲ့…ဖိုးငို၊ နင့်အရွယ်က သွားကြည့်ရမယ့် အရွယ်လား၊ သွား အခုချက်ချင်း အိမ်ပြန်"

ရုတ်တရက်ကြားလိုက်ရသော အသံကြောင့် ဖိုးငို၏အတွေးတွေက တစ်စစီလွင့်ပျံကုန်၏။ ပြီးတော့ ထိုအသံနှင့်အတူ သူ့အမေဒေါ်ခလေးမ၏လက်ထဲတွင် သစ်ကိုင်းခြောက်တစ်ခုကို ဆုပ်ကိုင်ထားသည်ကို တွေ့လေရာ ရွှေအ, ဖိုးငိုတစ်ယောက် ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး ခြေဟန်လက်ဟန်တွေနှင့်…

"အ…အ…ဉ…အင်"

လက်ခါခြေခါနှင့် သူ့ကိုမရိုက်ရန် ပြောနေသော ရွှေအ ဖိုးငိုကိုကြည့်ကာ ဒေါ်ခလေးမတစ်ယောက် စိတ်မကောင်းဖြစ်ရပြန်၏။ တကယ်တော့ ရွှေအ ဖိုးငိုနှင့် သူမမှာ ဆရာတော် ဦးစန္ဒိမာလာ တစ်ချိန်က မိန့်ကြားခဲ့သလို ကံတူအကျိုးပေးဘဝတွေကြောင့် ယခုဘဝတွင် အကြောင်းပါလာရသူတွေ ဖြစ်ကြရုံမက ဒုက္ခကံကြမ္မာ၏ လှိုင်း

ဘုံပိုးအောက်တွင် အလူးလူးအလွန့်လွန့် ခံစားနေကြရသည့် ဘဝတူတွေ ပင်ဖြစ်ကြသည်။

ရွာလမ်းအတိုင်း ငိုက်စိုက်ငိုက်စိုက်နှင့် လျှောက်ပြန်လာသော ရွှေအ ဖိုးငိုတို့၏ခြေလှမ်းတွေက လေးလံတုံ့ဆိုင်းနေသည်ဟုပင် ထင်ရ၏။ သူ့မျက်လုံးတွေကလည်း တစ်စုံတစ်ခုကို ပြောချင်နေကာ ရွာပြင်ဘက်ကို စိုက်ကြည့်နေသည့် အကြည့်တွေက ခါတိုင်းနှင့်မတူဘဲ ထူးထူးခြားခြားပင်ဖြစ်နေသည်။ ဒါကို ဒေါ်ခမလေးမကိုယ်တိုင် တစ်စက်ကလေးမှ မရိပ်မိသည့်အပြင် ထိုနေ့ည သက်ကြီးခေါင်းချချိန်တွင်တော့ ရွှေအ ဖိုးငိုတစ်ယောက် ရွာမှ တိတ်တိတ်ကလေးထွက်သွားတာကို ဘယ်သူမှ မမြင်လိုက်ကြချေ။

● ● ●

## အခန်း(၆)

နောက်တစ်နေ့နံနက် ဝေလီဝေလင်းအချိန်တွင်တော့ စလူမြောင်ရွာသား ကိုဖုန်းဝေတစ်ယောက် ရိုးမတောကြီးအတွင်းသို့ ဝါးခုတ်ရန်တစ်ယောက်တည်းထွက်လာခဲ့သည်။ သူ့အတွေးထဲမှာလည်း မနေ့က ပယောဂဆရာ၊ ဆရာမြိုင် မန်းမှုတ်ပေးလိုက်သည့် အန္တရာယ်ကင်းပရိတ်ကြိုးကြောင့် မကောင်းဆိုးဝါးတွေ၊ နာနာဘာဝတွေက အနားသို့ မကပ်နိုင်ရုံမက ရွာတွင်းကော ရွာပြင်မှာပါ တစ္ဆေသရဲ လုံးဝမရှိတော့ဟု ယုံကြည်နေမိလေသည်။

ရွာထိပ်သို့ရောက်သည်နှင့် ပြာလဲ့လဲ့ အုံ့ဆိုင်းနေသော မြူခိုးတွေက လယ်ကွင်းတွေအပေါ်မှာ ဝေ့ဝဲနေ၏။ မနေ့ကညဦးပိုင်းက တစိမ့်စိမ့်ရွာသွားသည့်မိုးကြောင့် လယ်ကွက်တွေထဲမှာ ရေတွေက အဖွေးသားနှင့်ဖြစ်နေသည်။ လေကလည်း ရိုးမတောင်ကြီးပေါ်မှ ဖြတ်တိုက်လာသည့်လေမို့လားမသိ၊ ကိုဖုန်းဝေ၏ တစ်ကိုယ်လုံး အေးစက်ထုံကျင်နေသည်။

ထိုသို့ တစ်လှမ်းချင်းသွားနေသော ကိုဖုန်းဝေ၏ ခြေထောက်တွေမှာလည်း ရွှံ့ညွှံတွေ၊ ဗွက်တွေက ခြေမျက်စိအထိပင် နစ်မြုပ်နေလေသည်။ တဖြည်းဖြည်းနှင့် ရိုးလေးတစ်ခုအပေါ် ဖြတ်ကျော်ပြီး ဆိုးထားသော ဝါးတံတားလေးအနီးသို့ ရောက်ကာမှ ရုတ်တရက်မြင်လိုက်ရသည့် ခြေရာကြီးတစ်ဖက်ကြောင့် ကိုဖုန်းဝေ၏ မျက်နှာတစ်ခုလုံး ချက်ချင်းပင် သွေးဆုတ်ဖြူရော်သွားသည်။

"ဟင်"

ခြေရာကြီးက ရွှံ့ညွှံထဲတွင် ရှည်မျောမျောကြီးဖြစ်နေပြီး သာမန်လူတစ်ယောက်၏ ခြေရာလို ဘယ်ညာလှမ်းရင်း လျှောက်သွားသည့် ခြေရာမျိုးမဟုတ်ဘဲ တစ်ဖက်ထဲလှမ်းကာ ခုန်ဆွခုန်ဆွသွားထားသလို ဖြစ်နေ၏။ ပြီးတော့ ထိုခြေရာကြီးက ရွာပြင်ကိုဦးတည်ပြီး သွားတဲ့ အနေအထားမျိုး...

"ဘုရား...ဘုရား...ဒါ...ဒါဟာ ဟိုခြေထောက်တစ်ဖက်နဲ့ သနာဘာဝရဲ့ ခြေရာပဲ၊ ကေန္တ ဟိုပယောဂဆရာ မနေ့က ပညာစွမ်းပြလိုက်လို့ ရွာပြင်ကိုထွက်သွားရတဲ့ ခြေရာပဲဖြစ်မယ်"

ထိုအတွေးနှင့်အတူ ကိုဖုန်းဝေ၏ခြေလှမ်းတွေက ထိုနေရာမှာပင် ကျောက်ရုပ်တစ်ရုပ်လို တောင့်တင်းနေ၏။

"မဖြစ်ဘူး...မဖြစ်ဘူး၊ ဒီအခြေအနေကို ဟိုပယောဂဆရာ သိအောင်တော့ သွားပြောမှဖြစ်မယ်၊ နောက်ပြီး ဒီမိစ္ဆာကောင်ရဲ့ ခြေလှမ်းတွေက ရွာပြင်က သင်္ချိုင်းဖက် ဦးတည်ပြီးသွားတာဆိုတော့"

ကိုဖုန်းဝေမှာ ချက်ချင်းဆိုသလို ထိုနေရာမှနောက်သို့ ချာကနဲလှည့်ကာ ရွာသို့ တက်သုတ်ရိုက်ပြီး ပြန်ပြေးလေသည်။

သိပ်မကြာလိုက် ပထောဂဆရာ ဆရာမြိုင်နှင့် ရှာသားလေးငါး ဆယ်ယောက်ထက်မနည်း ထိုနေရာသို့ လိုက်ပါလာကြလေသည်။ သူတို့အားလုံး၏ မျက်နှာများမှာလည်း ကြောက်ရွံ့တုန်လှုပ်နေကြရသည် ထက် မမြင်အပ် မတွေ့အပ်သည့်အရာ မှန်သမျှကို တွေ့ချင်မြင်ချင် စူးစမ်းချင်သည့် စိတ်တွေက ထိန်းမနိုင်သိမ်းမနိုင်မရပင် ဖြစ်နေကြသည်။

ထိုနေရာသို့ ရောက်သောအခါ…

"ဟုတ်ပါ့ ဆရာရေ့…ဒါ ခြေတစ်ချောင်းထောက် ကောင်ကြီးရဲ့ ခြေရာမှအစစ်ပဲ"

"ဟုတ်တယ်ဗျို့…ဒီခြေရာရဲ့ အနေအထားကိုကြည့်ရတာ ရွာထိပ်က သင်္ချိုင်းဖက်ကိုသွားတဲ့ ပုံပဲဗျ"

တစ်ယောက်တစ်ပေါက်တွေ ဝိုင်းပြောနေကြသော ရွာသားများမှာ လယ်ကွက်ထဲမှာ ထင်းထင်းကြီးဖြစ်နေသည့် ခြေရာနားကို မျက်စိနှင့် ကပ်ပြီးကြည့်ကြ၏။ တချို့ကလည်း ခြေရာကို လက်နှင့် တိုင်းထွာကာ မိစ္ဆာကောင်ကြီး၏အရွယ်မှာ ဘယ်၍ဘယ်မျှလောက် ရှိနိုင်ကြောင်း ခန့်မှန်းပြောဆိုနေကြသည်။

ပထောဂဆရာ ဆရာမြိုင်ကတော့ လူအုပ်ကြီး၏အလယ်တွင် သူ့နှုတ်ခမ်းမွေးကားကားကြီးကို လက်ဖြင့် ဆွဲသပ်ချရင်း ခေါင်း တငြိမ့်ငြိမ့်နှင့်လုပ်နေကာ…

"အဲဒါ အမှောင့်ပထောဂမှန်လို့…သူ့နေရာသူပြန်တာပါ၊ ဘာမှ စိုးရိမ်စရာ မဟုတ်ပါဘူး၊ ကျုပ်ပြောပြီးပြီတော့ဗျာ၊ ခင်ဗျားတို့ ရွာကို အဲဒီ နာနာဘာဝကြီးက နောက်တစ်ကြိမ် ဘယ်တော့မှ ပြန်လာမှာမဟုတ်ပါဘူး…ဆို"

ထိုအချိန်မှာပင်...

လူအုပ်ကြီးအတွင်းမှ ခိုင်မာပြတ်သားလွန်းသည့် အသံတစ်သံက ရုတ်ရုတ်သဲသဲ ဖြစ်နေကြသူတွေ အကုန်လုံးကို လွှမ်းသွားအောင် အော်ဟစ်ပြောဆိုလိုက်လေသည်။

"ဒီခြေရာကြီးဟာ ရွာထိပ်ကသင်္ချိုင်းကို သွားတဲ့ခြေရာ မဟုတ်ဘူး၊ ရွာထဲကို ဦးတည်ပြီးလာတဲ့ခြေရာ..."

ထိုအသံက ရိုးမတောထဲတွင် ခြေတစ်ချောင်းဘေးကောက်ဆရဲကို တစ်စိတ်တစ်ပိုင်း မြင်တွေ့လိုက်ရသူ ကိုတက်လူ၏အသံပင်...

"ဟင်...ဘယ်လို"

"ဒါ...ကျုပ်တို့ရွာကို လာတဲ့ခြေရာဟုတ်လား"

"ဟုတ်တယ်"

ကိုတက်လူက ပြောပြောဆိုဆို ထိုခြေရာကွက်ကြီးအနီးတွင် ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး...

"ကျုပ် ရိုးမတောထဲမှာ မြင်လာခဲ့တဲ့ ခြေတစ်ဖက်ထောက် ကောင်ကြီးရဲ့ခြေဦးဟာ ခင်ဗျားတို့ ကျုပ်တို့ခြေထောက်တွေလို မဟုတ်ဘူး၊ သူ့ ဖနောင့်က အရှေ့ဖက်ကိုလှည့်ထားတာ၊ ဟောဒီမှာကြည့်— ခြေချောင်းတွေဟာ ရွာပြင်သင်္ချိုင်းဖက်ကို လှည့်နေတာ မှန်သမျှ တကယ်တမ်းတော့ အဲဒီနာနာဘာဝဟာ သင်္ချိုင်းကနေ ကျုပ်တို့ရွာဘက် ကိုလာတာ အသေအချာပဲဗျ"

ထိုစကားကြောင့် ရွာသားတစ်ဦးက...

"ဟာ...ဒါဆိုရင် ဘယ်နှယ့်လုပ်ကြမတုံး။ ကျုပ်တို့ရွာတော့ ဒုက္ခတွေရောက်ပြီနဲ့တူပါတယ်ဗျာ"

ဟု ပျာပျာသလဲ ပြောပြန်၏။

ပယောဂဆရာ ဆရာမြိုင်မှာလည်း ကိုတက်လူ၏စကားကြောင့် မျက်စိမျက်နှာက ကွက်ကနဲပင် ပျက်သွား၏။ ပြီးတော့ သူ မနေ့က ရွာသားတွေရှေ့မှာ ဟုင်္ပါတိပတ်တိနှင့် မောင်းထုတ်ခဲ့သည့် နာနာဘာဝ က အခုမှ အမှန်တကယ် ရွာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ သည်ဟုဆိုသောအခါ ဆရာမြိုင်၏နဖူးမှ ချွေးစေးတွေက မြင်မကောင်း အောင် ထွက်လာ၏။

ထိုအချိန်မှာပင်…

"အူ…ဝူး…ဝူး…"

"အူး…ဝူး…အူး…"

ရုတ်တရက် အုပ်လိုက်သင်းလိုက် ဆွဲဆွဲငင်ငင်ကြီး အူလိုက် သည့် ခွေးအူသံကြီးတွေကြောင့် သူတို့အားလုံး၏ မျက်လုံးတွေက အသံလာရာ ရွာပြင်မှ သင်္ချိုင်းဖက်ဆီသို့ ပြိုင်တူလှမ်းကြည့်လိုက်ကြ သည်။

ရွာပြင်မှ မှုန်ရီမှုန်ဝါး လှမ်းမြင်နေရသော သင်္ချိုင်းကုန်းကြီးမှာ ကြို့ပင်ကြီးများ ကုက္ကိုပင်ကြီးများ အုပ်ဆိုင်းထားပြီး နံနက်ဝေလီဝေ လင်း အလင်းရောင်အောက်တွင် အသက်မဲ့စွာ တိတ်ဆိတ်နေ၏။

ကြို့ပင်ကြီးများကြားမှ တစ်စွန်းတစ်စ တိုးထွက်နေသော ဇရပ်အိုး၏ ခေါင်မိုးတွေက လေတိုက်တိုင်း တဖြန်းဖြန်းမြည်နေ၏။ ထိုဇရပ်အိုမှာ လူသေတွေ သရဏဂုံတင်ရာ နေရာဖြစ်ပြီး ရွာနီးချုပ်စပ် မှ ခွေးလေခွေးလွင့်တွေ အုပ်ဖွဲ့ကျက်စားရာ နေရာတစ်ခုလည်းဖြစ်လေ သည်။

အခုလည်း ဒီခွေးအူသံကြီးတွေက ဇရပ်အိုကြီးပေါ်မှ အုပ်လိုက်သင်းလိုက် အဆက်မပြတ် အူနေခြင်းပင်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် သူတို့၏ခြေလှမ်းတွေက ခွေးအူသံတွေကြားနေရသော ရွာပြင်မှ သင်္ချိုင်းဖက်ဆီသို့ ဦးတည်လိုက်ကြသည်။ ဘာပဲပြောပြော ကိုတက်လူ မြင်ဖူးခဲ့ပါသည်ဟုဆိုသော ခြေတစ်ဖက်ထောက်ကောင်ကြီးကိုတွေ့၍သာ ဇရပ်ပေါ်မှ ခွေးတစ်သိုက် အူနေကြခြင်းဖြစ်မည်ဟုလည်း တွေးထင်နေမိကြသည်။

ထို့နောက် ရွာသားအချို့မှာ ကိုတက်လူညွှန်ပြနေသည့် ဖက်နှင့်သန့်ကျင်ရာ ရွာပြင်မှသင်္ချိုင်းဆီသို့ သွားကြည့်ကြရန် သဘောတူလိုက်ကြ၏။

"ကဲ…လာကြဗျာ၊ ဟုတ်သော်ရှိ မဟုတ်သော်ရှိပေါ့၊ ဒီခြေရာအတိုင်း သင်္ချိုင်းဖက်ကို လိုက်သွားကြည့်မယ်၊ တကယ်တမ်းသာ ဒီနာနာဘာဝကြီးက သင်္ချိုင်းမှာ ကျက်စားနေတယ်ဆိုရင် တစ်ခုခုတော့ ထူးခြားတာတွေ့ရမှာပဲ"

ပယောဂဆရာ ဆရာမြိုင်မှာလည်း ရွာသားများ သင်္ချိုင်းဖက်သို့ သွားကြမည်ဟုဆိုသောအခါ သူ့အမူအရာက မနှစ်မြို့သလို သွေးပျက်သလိုလို ဖြစ်သွား၏။ ဒါကို ရိပ်မိသော အချို့ရွာသားများမှာလည်း ဆရာမြိုင့်ကို မပါပါအောင် ဇွတ်အတင်း ခေါ်နေကြပြန်သည်။

"ဘယ်လိုလဲ ဆရာကြီး…ကျုပ်တို့နဲ့အတူ သင်္ချိုင်းဖက်ကို လိုက်မယ်မဟုတ်လား"

"ဟို…အဲ…ဟင်း…ဟင်း၊ ကျုပ်က နေမပွင့်ခင် ရွာပြန်ရမှာဆိုတော့ မလိုက်တော့ပါဘူးဗျာ၊ အခုလောက်ဆို တခြားရွာတွေက

ဆေးကုဖို့လာပင့်တဲ့သူတွေ ကျုပ်ကိုစောင့်နေကြရောပေါ့"

"မဟုတ်တာ ဆရာကြီးရယ်၊ ကျုပ်တို့က အားကိုးစရာဆိုလို့ ဆရာကြီးပဲ ရှိတာမဟုတ်လား၊ အခုလည်း သင်္ချိုင်းမှာ မတော်လို့ တစ်စုံတစ်ခုဖြစ်ရင် ဘယ့်နှယ့်လုပ်မလဲ...လာစမ်းပါဗျာ"

ရွာသားများအားလုံးမှာ တစ်ယောက်တစ်ပေါက် ဝိုင်းပြောသော်လည်း ပယောဂဆရာ ဆရာမြိုင်မှာ နေရာမရွေ့ဘဲ အကြောက်အလန့်ပင် ငြင်းဆန်နေပြသည်။ တဖြည်းဖြည်း ဆရာမြိုင်၏ အမူအရာနှင့် သတ္တိကြောင်သည့် အပြုအမူတွေက ဘွင်းဘွင်းကြီး ပေါ်လာသောအခါ ရွာသားများက လက်ကဆွဲသူဆွဲ၊ ပခုံးကဖက်သူဖက်နှင့် သင်္ချိုင်းဆီသို့ အတင်းဆွဲခေါ်ကြလေသည်။

ထိုအခါမှ ပယောဂဆရာ ဆရာမြိုင်မှာ မတတ်သာသည့်အဆုံး ရွာသားများခေါ်ဆောင်ရာနောက်သို့ မလိုက်ချင်ဇိုက်ချင်နှင့် လိုက်ပါသွားရလေသည်။ တကယ်တော့ မရှူးမကောင်းနှင့် ဒေါ်စိန်ပုကို သရဲဝင်ပူးပါသည်ဟုဆိုကာ မဟုတ်တမ်းတရားတွေပြောပြီး ရိုက်နှက်ခဲ့သော ဆရာမြိုင်ဆိုသူကို ရွာသားအချို့က မနေ့ကတည်းက အယုံအကြည်ကင်းမဲ့နေကြကာ မကျေမနပ်တွေ ဖြစ်နေခဲ့ကြသည်။

ထို့နောက် သူတို့အားလုံးမှာ လယ်ကွက်တွေထဲမှ ချော်ရာကြီးကို ကြည့်ကာ သင်္ချိုင်းရှိ ရာသို့ တဖြည်းဖြည်း ဦးတည်ပြီးသွားကြလေသည်။

"အူး...ဝူး...ဝူး..."

"အူး...ဝူး..."

သင်္ချိုင်းနားသို့ နီးကပ်လာသည်နှင့် ခွေးအူသံတွေကလည်း ပိုပြီး ကျယ်ကျယ်လောင်လောင်ကြီး ကြားလာရသည်။ ဒါတင်မက

လယ်ကွက်ထဲမှ ခြေရာကြီးကလည်း သူတို့စပြီး တွေ့ကာစတုန်းကလို မဟုတ်တော့ဘဲ တစ်ချက်တစ်ချက် လှမ်းခုန်သွားသည့် ပုံစံအနေအထား က တစ်ခုနှင့်တစ်ခု တစ်လံကျော်ကျော်လောက် ကွာဝေးနေသည်။

ထိုခြေရာအနေအထားကို တွေ့လိုက်ရသည်နှင့် သူတို့အားလုံး မှာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်မိကြသည်။ အားလုံး၏ မျက်လုံးတွေကတော့ ဝေလီဝေလင်း အမှောင်အောက်တွင် တဖျတ်ဖျတ်ပင် လက်နေကြသည်။ ပြီးတော့ သူတို့၏လှုပ်ရှားမှုတွေ ကလည်း သံချိုင်းမြေသို့ စပြီးဝင်လိုက်သည်နှင့် တစ်စုံတရာကို သတိ ထိရိယကြီးစွာ ချဉ်းကပ်နေကြသလို လေးလံနှေးကွေးကုန်ကြ၏။

ထိုအထဲမှ ပယောဂဆရာ ဆရာမြိုင်၏ အသားတွေက တဆတ်ဆတ်ပင် တုန်ရင်နေကာ မျက်လုံးအစုံက ဘေးပတ်ဝန်းကျင် တစ်ခုလုံးကို ကျီးကန်းတောင်းမှောက်ကြည့်ပြီး ဂါထာတွေကို တတွတ် တွတ်ရွတ်ဆိုနေ၏။

"ဂီး...ဂစ်...ဂစ်...ဂစ်"

ရုတ်တရက် သူတို့ခေါင်းပေါ်မှကပ်ပြီး ပျံသွားသော လင်းဝက် တစ်ကောင်ကြောင့် လန့်ပြီးမအော်လိုက်မိအောင်ပင် မနည်းသတိထား လိုက်ကြရသည်။

အခုအချိန်ထိ ဇရပ်အိုကြီးပေါ်မှာ ဘာအရိပ်အယောင်ကိုမျှ သူတို့ မမြင်ကြရသေး။ စောစောက အုပ်လိုက်သင်းလိုက်ဖွဲ့ကာ အူအူ ကြသည့် ခွေးလေခွေးလွင့်တွေမှာလည်း အံ့သြစရာကောင်းအောင်ပင် တစ်ကောင်တစ်မြီးမှ မတွေ့ရတော့။

ခြေတစ်ချောင်းထောက် နာနာဘာဝက ဒီသင်္ချိုင်းဇက်ကို

ဦးတည်ပြီးသွားတာ မဟုတ်ပါဘူးဆိုသော ကိုတက်လူကိုယ်တိုင်ပင်လျှင် ရုတ်ချည်းပျောက်ကွယ်သွားသော ဇရပ်ပေါ်မှ ခွေးအုပ်ကြောင့် စိတ်က မသိုးမသန့်တွေ ဖြစ်လာသည်။ တကယ်တော့ ကိုတက်လူ လန့်ချင်လည်းလန့်စရာ၊ စောစောက အူနေသည့် ခွေးအုပ်ထဲမှ တစ်ကောင်တလေကတော့ ဒီအချိန်မှာ သူတို့ကိုမြင်ပြီး ဟောင်သင့်သည်။ အခုတော့ သချိုင်းကြီးတစ်ခုလုံးက အံ့သြစရာကောင်းအောင် တိတ်ဆိတ်နေ၏။

ဒါပ်မကြာလိုက် သူတို့အားလုံးမှာ ပြိုပျက်နေသော ဇရပ်အိုကြီးအနီးသို့ ရောက်လာကြလေသည်။ ထိုနေရာသို့ ရောက်သောအခါ ဇရပ်အိုပေါ်သို့တက်ရာ လှေကားထစ်ပေါ်တွင် ရွှံ့ညံ့တွေပရုပစ်နှင့် တွေ့လိုက်ရသော ခြေရာကြီးတစ်ဖက်ကြောင့် နောက်သို့ အလိုလိုဆုပ်လျှက်သားတွေ ဖြစ်ကုန်သည်။ ထိုခြေရာကြီးတစ်ဖက်မှာလည်း လှေကားသုံးထစ်တွင်မှ ဖဝါးတစ်ဖက်သာ လှေကားတစ်ထစ်ကို နင်းတက်သွားပြီး ထိုပေါ်မှ ရွှံ့ဗွက်တွေကလည်း လတ်လတ်ဆတ်ဆတ်ကြီးပင် ရှိနေသေးသည်။

ထိုအချိန်မှာပင်...

သူတို့အားလုံးမှာ တစ်ယောက်နှင့်တစ်ယောက် တိုင်ပင်မထားဘဲနှင့် ဇရပ်အိုပျက်ကြီးပေါ်သို့ ပြိုင်တူလှမ်းကြည့်လိုက်ကြလေရာ ဘယ်လိုမှ မထင်မှတ်ထားသည့် မြင်ကွင်းကြောင့် ပါးစပ်အဟောင်းသားတွေနှင့် ဖြစ်ကုန်ကြသည်။

"ဟင်..."

"ဟာ..."

◆

ထိုဇရပ်အိုကြီးပေါ်တွင်တော့ သူတို့အားလုံးက ကျောပေးပြီး ထိုင်နေသော ခြေတစ်ဖက်ပြတ် သူတောင်းစားကြီးတင်ဋ္ဌေကို တွေ့လိုက်ကြရသည်။ သူတောင်းစားတင်ဋ္ဌေ၏ ဘေးတွင်လည်း ယောင်းနွမ်းစုတ်ပြတ်နေပြီဖြစ်သော သစ်သားချိုင်းထောက်ကြီးတစ်ဖက်ကို ဇရပ်လက်ရန်းတွင် မှီထောင်ထား၏။

ထိုအခါမှ ရွာသားများအားလုံးမှာ လယ်ကွက်တွေထဲမှ ရွံ့ဗွက်တွေ ပရပစ်ကိုနင်းလာသော ခြေရာကြီးတစ်ဖက်မှာ သူတောင်းစားတင်ဋ္ဌေ၏ခြေရာကြီး ဖြစ်နေမှန်း သိလိုက်ကြရတော့သည်။ စောစောက အမျိုးမျိုးထင်ကြေးတွေပေးပြီး ပြောဆိုခဲ့ကြသော ကိုတက်လူနှင့် ရွာသားအချို့မှာ ခြေတစ်ဖက်ပြတ် သူတောင်းစားတင်ဋ္ဌေ၏ ကျောပြင်ကိုကြည့်ကာ ငိုအားထက် ရယ်အားသန်တွေ ဖြစ်ကုန်ကြလေသည်။

ထိုအချိန်မှာပင်…

"ပယောဂဆရာဆိုတဲ့အကောင် အဲဒီဇရပ်ထဲမှာ ရှိသလားဟေ့"

အသံလာရာသို့ လှမ်းကြည့်လိုက်သောအခါ ဒေါ်စိန်ပု၏ ယောက်ျားဖြစ်သူ ဦးထွန်းဝတစ်ယောက် ၄က်ကြီးတောင် ဓားကြီးတဝင့်ဝင့်နှင့် ကိုတက်လူတို့ရှိရာ ဇရပ်ဆီသို့ လျှောက်လာ၏။ သူ့မျက်နှာတစ်ခုလုံးမှာလည်း ဒေါသကြောင့်လား တစ်ညလုံးသောက်ထားသည့် အရက်၏အရှိန်ကြောင့်လားမသိ အလွန်အမင်း နီမြန်းလျက်ရှိနေ၏။

"တောက်…ဟေ့ ဇရပ်ပေါ်က ကောင်တွေ…ငါမေးနေတာ မကြားဘူးလား၊ ဘယ်မလဲ ပယောဂဆရာဆိုတဲ့အကောင်၊ ဒီကောင့်ကြောင့် ငါ့မိန်းမမစိန်ပု အခု အိပ်ယာထဲက မထနိုင်တော့ဘူး။

ဘာပယောဂလဲ၊ ဒါ သက်သက်မဲ့ လူကိုနှိပ်စက်သွားတာ"

နောက်တစ်ကြိမ် အော်လိုက်သည့် ဦးထွန်းဝ၏အသံကြောင့် ပယောဂဆရာ ဆရာမြိုင်မှာ နေစရာမရှိအောင် ကြောက်လန့်တုန်လှုပ်နေလေသည်။ ကိုတက်လူတို့ ရွာသားများမှာလည်း ထိုအခါမှ ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်ကာ ဦးထွန်းဝကို ဝိုင်းဝန်းဖျောင်းဖျကြလေသည်။

"ဟဲ့…ထွန်းဝ၊ မင်းလက်ထဲက ဓားကြီးကို ခဏချထားစမ်းပါအုံးကွ၊ အခုကိစ္စက ငါတို့တွေလည်း သိသင့်သလောက် သိထားတာပဲ၊ စိတ်ကို ထိန်းစမ်းပါကွ"

"အေးလေကွာ ထွန်းဝကလည်း…ပေး…ပေး၊ မင်းလက်ထဲက ဓားကြီး"

"မပေးဘူး…မပေးဘူး…ငါ အဲဒီကလိန်ခြဲပယောဂဆရာကို သတ်ပြီးမှ ဓားကိုချမယ်…ဖယ်စမ်း"

ထွန်းဝကလည်းမရ၊ ငှက်ကြီးတောင်ဓားကြီးကို တရွယ်ရွယ်နှင့် ကိုတက်လူတို့ ဝိုင်းဝန်းဆွဲလွဲနေသည့်ကြားမှ ဆရာမြိုင့်ကိုတွေ့သွားပြီး အမျိုးမျိုးဆဲဆိုကြိမ်းမောင်းကာ ဓားနှင့်လိုက်တော့သည်။ ဆရာမြိုင်မှာလည်း သူ့အပြစ်နှင့်သူ ပုဆိုးမနိုင်ပုဝါမနိုင်နှင့် ဇရပ်ပေါ်မှာ ကမျောသောပါး ခုန်ချထွက်ပြေးရလေသည်။

ထိုသို့ ဇရပ်ပေါ်မှ ရုန်းရင်းဆန်ခတ်တွေ ဖြစ်နေကြချိန်တွင် အုတ်ဂူအပြိုအပျက်တွေကြားမှ မျက်လုံးနီနီကြီးတစ်စုံက ချောင်းမြောင်းကြည့်နေသည်ကို ရွာသားအချို့ မြင်လိုက်ကြရလေသည်။

●●●

## အခန်း(၇)

"ချွင်…ချွင်…ချွင်"

"ဂလောင်…ဂလောင်…"

"ဟ…ကောင်ကြီးရ၊ ဘယ်ကိုဆွဲနေတာလဲ"

"တောက်…တယ်…ငါလုပ်လိုက်ရ"

တိတ်ဆိတ်နေသော တောအစပ်မှ ဥတိုချောင်းနားမှာ ကိုဝက်သိုးတို့ သားအဖမောင်းလာသည့် နွားလှည်း၏အသံက ကျွတ်ကျွတ်ပင်ညံနေသည်။ တောတက်ပြန်လာသည့်လှည်းဟု ဆိုသော်လည်း သူတို့သားအဖ တောတက်သည်က တောအစပ်မှာတင် အသီးအနှံများ ခူးဆွတ်ရုံသာဖြစ်၏။ လှည်းပေါင်းမိုးအတွင်း သူတို့ ခူးဆွတ်လာသည့် ဒူးရင်း၊ ငှက်ပျောနှင့် ပိန္နဲသီးတွေက ပြည့်သိပ်နေသည်ဖြစ်ရာ ဝက်သိုး၏သားဖြစ်သူ ခွေးပုတစ်ယောက်မှာ လှည်းနောက်မြီးတွင် ခြေထောက်တွဲလောင်းချပြီး လိုက်လာရသည်။

မိုးဦးကျကာလမို့ လှည်းလမ်းကြောင်းတွေက ရွှံ့ဗွက်တွေဖြစ်နေရုံမက ကသင်းရိုးတွေကလည်း မြေစာမြက်တို့ ထူထပ်စွာပေါက်ရောက်နေကြရာ လှည်းကို ပင်ပင်ပန်းပန်း ကွေ့ပတ်မောင်းနေရသည်။

"သွက်သွက်လေးမောင်းစမ်းပါ အဖေရ၊ ဒီတောအစပ်က ဟိုတစ်ခါ ရွာက မမလေးမြမေတို့ သရဲနဲ့တွေ့တယ်ဆိုတဲ့ နေရာကြီးဗျ"

လှည်းနောက်မြီးတွင် ခြေတွဲလောင်းချပြီး လိုက်ပါလာသည့် ခွေးပုက ပြီးခဲ့သည့်ရက်က မြမေတို့ ခြေတစ်ချောင်းထောက်သရဲနှင့် ပင်ပင်းတိုးခဲ့သည့် ဝါးပိုးတောကြီးအရောက်တွင် လှည်းကို **အတင်း** မောင်းခိုင်းနေ၏။

"ဟား…ဟား…ဟား…မင်းကလည်း ယောကျ်ားဖြစ်ပြီး ကြောက်တတ်လိုက်တာလွန်ရော၊ ဒါနဲ့များ ဦးကာလုလို တစ်ယောက် တည်း တောပစ်က ထွက်ချင်သေးတယ်"

ကိုဝက်သိုးနှင့် သူ့သားခွေးပုတို့မှာ နွားလှည်းပေါ်တွင် တစ်ယောက်နှင့်တစ်ယောက် နောက်ခိုင်းထိုင်လျက် စကားတပြောပြော နှင့် တအိအိ တရွေ့ရွေ့မောင်းလာကြ၏။ သူတို့နှစ်ယောက်၏ အလယ် တွင်လည်း ငှက်ပျောခိုင်များ၊ ပိန္နဲခိုင်များနှင့် ဒူးရင်းသီးတွေက အပုံ အပင်ကြီး တင်ဆောင်လာခဲ့သဖြင့် တစ်ယောက်နှင့်တစ်ယောက်မှာ မမြင်ကြရဘဲ အသံကိုသာကြားနေရ၏။

"အဖေကလည်း ကျုပ်က အခုမှ ခုနစ်နှစ်ပဲရှိသေးတာ၊ ဦးကာလုတို့အရွယ်ရောက်ရင်တော့ ဘာဖြစ်လို့မသွ…းရဲရမှာလဲ"

တဖြည်းဖြည်းနှင့် သူတို့နွားလှည်းကြီးက ဝါးပိုးပင်တွေ ပြွတ် ကျပ်နေအောင်ပေါက်နေသော ဝါးတောကြီးအလယ်မှ ဖြတ်မောင်းလာ ပြီး လျှိုကြီးတစ်ခုအတွင်းသို့ နိမ့်ဆင်းသွားရပြန်၏။ ထိုသို့ နိမ့်ဆင်း သွားတိုင်း ခွေးပု၏ခန္ဓာကိုယ်က လှည်းပေါ်မှ ငှက်ပျောခိုင်တွေအပေါ် အလိုက်သင့်ပင် ခပ်မော့မော့မှီထားမိလေသည်။

သိပ်မကြာလိုက် လမ်းက ခပ်ပြေပြေဖြစ်လာသည်နှင့် ဝါးရွက်ခြောက်တွေက မြေပြင်တစ်ခုလုံး ဖွေးဖွေးလှုပ်နေသည်။ ဝါးပိုးဝါးရုံကြီးတွေကလည်း ဟိုနားတစ်စု ဒီနားတစ်စု ဖြစ်လာလေရာ…ကိုဝက်သိုးတစ်ယောက်လည်း တစ်စီးစာမြေလမ်းကို မနည်းရှာဖွေကာ ကွေ့ပတ်မောင်းနေရ၏။

ထိုအချိန်မှာပင်…လှည်းနောက်မြီးမှ ခြေထောက်တွဲလောင်းချရင်း လိုက်ပါလာသည့် ခွေးပုမှာ အသံတုန်တုန်ရင်ရင်နှင့်…

"အဖေ…အဖေ၊ ကျုပ်တို့နောက်ကို တစ်ယောက်ယောက်လိုက်လာသလိုပဲဗျ"

"ဟာ…မင်းကလည်း မဟုတ်က ဟုတ်ကတွေ မပြောစမ်းပါနဲ့ကွာ၊ ဒီမှာ လှည်းမောင်းဖို့ လမ်းကို မနည်းရှာနေရတဲ့အထဲ"

ကိုဝက်သိုး၏အသံက ပြောသာပြောနေရသော်လည်း ဒီရိုးမတောကြီးထဲက ပြန်ထွက်လာကတည်းက ဘာရယ်မဟုတ်ဘဲ သူ့စိတ်တွေက လေးလံထိုင်းမှိုင်းနေမိသည်။

ထိုစဉ်…

"ဖျောက်ဖျောက်…ရှပ်…ရှပ်…ဖရော…ဖျော"

ဝါးရွက်အခြောက်တွေက လှည်းအနောက်ဖက်တွင် လေပွေတစ်ခုလို လှည့်ပတ်ရစ်ခွေရင်း လိုက်ပါလာ၏။ ဒါကိုတော့ လှည်းမောင်းနေသည့် ကိုဝက်သိုးက နောက်ခိုင်းနေသဖြင့် ဘယ်လိုမှမမြင်တွေ့ရချေ။

ကိုဝက်သိုး၏သား ခွေးပုမှာ လှည်းနောက်တွင် လေပွေတစ်ခုလို လှည့်ပတ်ရင်းလိုက်ပါလာသည့် ဝါးရွက်ခြောက်တွေကိုကြည့်ကာ

ကြက်သီးမွေးညင်းတွေ တဖျန်းဖျန်းထနေ၏။ ပြီးတော့ သူ့အဖေကြား အောင် တစ်စုံတရာ အော်ဟစ်လိုက်မည်ဟု ကြံသော်လည်း သူ့နှုတ်ဖျား တွေက ဆွံ့အလေးလံနေသည်။

ခွေးပုမှာ လှည်းနောက်မြီးမှ တွဲလောင်းချထားသော ခြေထောက် နှစ်ချောင်းကို အလိုလိုနေရင်း လှည်းပေါ်သို့ ဆွဲတင်မိလျက်သား ဖြစ်သွား၏။ လှည်းကလည်း အခုမှပိုပြီး နှေးကွေးနေသယောင် သူ့စိတ် ထဲမှာ ထင်မိနေသည်။ တစ်ခါတစ်ခါ လူတစ်ရပ်စာနီးနီးရှိ လေပွေ လုံးကြီးက သူ့ကိုယ်ပေါ်ဖုံးအုပ်တော့မလို လှည့်ပတ်ပြီး အနီးသို့ရောက် လာသည်။ ထိုလေပွေလုံးကြီးထဲတွင်လည်း လက်နှစ်ဖက်ကို ဘေးသို့ ဆန့်တန်းထားပြီး လည်ပတ်နေသော လူ့ရိပ်သဏ္ဌာန်တစ်ခုကို သူမြင် နေရ၏။ ဘယ်လိုမှဆက်ပြီး မကြည့်မမြင်ရဲသောအခါ…

ခွေးပု အာခေါင်ကိုခြစ်ပြီး ကုန်းအော်လိုက်၏။

"အာ…အဖေ…အဖေ လုပ်ပါအုံး ကျုပ်တို့နောက်မှာ သ… သရဲ"

သို့သော် ခွေးပု၏အသံက အပြင်သို့ထွက်မလာ။ လည်ချောင်း ဝတွင် ပျောက်ကွယ်သွားပြီး တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်တွေ ကျလာ၏။

လှည်းက ဝါးရုံများအလွန်သို့ မရောက်တရောက်မှာ တုန့်ကနဲ ရပ်သွား၏။ နွားနှစ်ကောင်မှာလည်း နှာမှုတ်သံ တရှူးရှူးနှင့် ရှေ့သို့ လုံးဝဆက်မသွားတော့ဘဲ လှည်းတံပိုးအောက်မှ ရုန်းကန်နေ၏။

"ဟကောင်ကြီးတွေရ…သွားလေ ဘာဖြစ်နေတာလဲ၊ တောက်"

ကိုဝက်သိုး၏ ငေါက်ငမ်းသံနှင့်အတူ နွားနှစ်ကောင်၏ ကျောပြင်ပေါ်ကိုလည်း ကြိမ်တံတွေက တရွှမ်းရွှမ်းနှင့် ကျသွား၏။

"တယ်…ဒီကောင်တွေတော့ ငါလုပ်ရရင် သေကုန်တော့မှာပ"

ကိုဝက်သိုး ဘယ်ကိုမောင်းမောင်း နွားနှစ်ကောင်က ရှေ့ကို နည်းနည်းမှ ဆက်မသွားကြဘဲ ပေပြီးတောင့်ခံနေကြသည်။

လှည်းက ဘယ်လိုမှ မရွေ့တော့…။ ခွေးပုကလည်း လှည်း နောက်မြီးမှ နေစရာမရှိအောင် ကြောက်လန့်နေသည်။

သိပ်မကြာလိုက်…

စောစောက လှည်းနောက်တွင် လေပွေတစ်ခုလို လှည့်ပတ် ရစ်ခွေပြီး လိုက်ပါလာသည့် သစ်ရွက်ခြောက်တွေမှာလည်း လှည်းရပ် သွားသည်နှင့် မြေပြင်တွင် ဘာတစ်ခုမှမဖြစ်ခဲ့သလို ငြိမ်သက်သွား ကြသည်။

လှည်းနောက်မြီးမှ ခွေးပုမှာလည်း ရုတ်တရက်ကြီး ရပ်တန့် သွားသည့်လှည်းပေါ်တွင် မျက်စိသူငယ် နားသူငယ်နှင့် အလွန့်အမင်း ကြောက်လန့်နေ၏။ ထိုအချိန်မှာပင် ဘာတစ်ခုမှမသိသေးသော ကိုဝက်သိုးမှာ လှည်းပေါ်မှ လွှားကနဲခုန်ဆင်းလိုက်ပြီး…

"ခွေးပုရေ…သားရေ၊ လှည်းပေါ်က ခဏဆင်းအုံးဟေ့၊ ဒီကောင်ကြီးတွေ ဘာကိုတွေ့ပြီး လန့်နေတယ် မသိပါဘူးကွာ၊ ရှေ့ကို နည်းနည်းမှ မသွားတော့ဘူး"

သူတို့နှစ်ယောက် လှည်းပေါ်ကဆင်းလိုက်သည်နှင့် နွား နှစ်ကောင်မှာ လှည်းတံပိုးကို တဝုန်းဝုန်းနှင့် ရုန်းကန်ကြလေသည်။

"ကျွတ်…ကျွတ်…ကျွတ်"

ကိုဝက်သိုး၏ပါးစပ်မှ စုတ်တသပ်သပ်နှင့် နွားနှစ်ကောင်ကို ချော့သော်လည်း သူနွားတွေက လှည်းတံပိုးအောက်မှ အထိတ်တလန့်တွေနှင့် ရုန်းကန်နေကြသည်။

"ဒါဟာ ရိုးရိုးသားသားတော့ ဟုတ်ပုံမရဘူး၊ ကေန္တ… ဟို…ဟို နာနာဘာဝကြီးကို တွေ့နေလို့များ ဒီကောင်တွေ လန့်နေတာလား"

ထိုအချိန်မှာပင် ကိုဝက်သိုး၏နားထဲမှာ သစ်ကိုင်းသစ်ခက်တွေကို တစ်စုံတရာက တိုးဝှေ့လာသံတွေလိုလို၊ ခပ်ဝေးဝေးဆီမှ မိုးသက်လေပြင်းတွေ ဟီးဟီးထ တိုက်ခတ်လာသံတွေလိုလို ကြားလိုက်ရသည်။

"ဝေါ…ဖရော"

ကိုဝက်သိုးမှာ ထိုအခါမှ ခွေးပုကို ကပျာကယာနှင့် ကောက်ပြီးချီလိုက်ကာ အရပ်ရှစ်မျက်နှာလုံးကိုလည်း ပြူးပြူးပြာပြာ လှည့်ပတ်ပြီးကြည့်လိုက်၏။ သို့သော် ထိုအသံတွေမှလွဲ၍ ဘာသစ်ကိုင်းသစ်ခက်တွေမှ လှုပ်ရှားခြင်းမရှိဘဲ တောကြီးတစ်ခုလုံးမှာ ပကတိပင် ငြိမ်သက်နေသည်။

ထိုစဉ်…

"ဖျောင်း…ဝုန်း…ဂျုံး"

ဟူသော မြည်သံကြီးနှင့်အတူ နွားနှစ်ကောင်မှာ လှည်းတံပိုးအောက်မှ လွတ်ထွက်သွားလေသည်။ ထိုအခါမှ လှည်းပေါ်မှ ငှက်ပျောခိုင်၊ ပိန္နဲခိုင်နှင့် ဒူးရင်းသီးတွေက ဦးစိုက်ကျသွားသော နွားလှည်းဘေးတွင် တစ်စစီလွင့်စင်ကုန်တော့၏။

ထိုအဖြစ်အပျက်နှင့် တစ်ချိန်တည်းမှာပင်...

ကိုဝက်သိုးနှင့် မျက်နှာချင်းဆိုင် ဝါးပိုးတောထဲမှ လူ့သဏ္ဍာန်သို့လို ခုန်ပေါက်ပြေးလာသော အရိပ်တစ်ခုကို လှစ်ကနဲလှမ်းမြင်လိုက်ရလေသည်။ ထိုအရာကြီးက သူတို့နှင့်မလှမ်းကမ်းမှ ဝါးပင်များကြားသို့းဝင်သွားပြီး ရုတ်ခြည်းပျောက်ကွယ်သွား၏။

"ဟင်..."

ကိုဝက်သိုးမှာ ထိုမြင်ကွင်းကြောင့် သူ့သားခွေးပုကို လက်တစ်ဖက်က ပွေ့ချီထားပြီး တောခုတ်ဓားမကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားကာ ထိုနေရာမှာပင် မှင်သက်ငေးကြောင်နေမိသည်။ ခွေးပုမှာလည်း ထိုအခါမှ သူ့အဖေကိုဝက်သိုး၏ ပခုံးကို မလွှတ်တမ်းဖက်တွယ်ထားကာ သွေးပျက်လုမတတ်ပင် ကြောက်လန့်နေ၏။

ကိုဝက်သိုးမှာ ဘာကိုမှစဉ်းစားမနေတော့ဘဲ ရွာသို့ အသက်သုကာ ခြေကုန်သုတ်ပြီးပြေးတော့၏။ သူ့ပါးစပ်မှလည်း ကြောက်ကြောက်လန့်လန့်တွေနှင့် ငယ်သံပါအောင်ပင် အော်ဟစ်သွားလေသည်။

"ကယ်...ကြပါအုံးဗျို့...ကျုပ်တို့နောက်ကို ဘာကောင်ကြီးမှန်း မသိဘူး...လိုက်လာလို့ဗျို့...ကယ်ကြပါအုံး"

ကိုဝက်သိုး၏ သွေးပျက်လုခမန်း အော်ဟစ်လိုက်သည့် အသံကြီးကြောင့် စလူမြောင်တစ်ရွာလုံး နေ့ခင်းကြောင်တောင် အထိတ်တလန့်တွေ ဖြစ်ကုန်ကြလေတော့သည်။

●●●

၈

အခန်း(၈)

"ဟာ…ဝက်သိုးတို့သားအဖ ဘာဖြစ်လာကြတာလဲ မသိဘူးဟေ့"

"ဟေ့ကောင်တွေ ဝက်သိုး ရွာရောက်ပြီလေ သတိထား၊ သတိထား…"

"ဟင်…သူ့သားခွေးပုလည်း ပါလာတာပဲ…"

"ဟဲ့ လုပ်ကြပါအုံး သူတို့သားအဖကို ရေလေးဘာလေး တိုက်လိုက် ကြပါအုံး…ဒုက္ခပါပဲဟယ် ဘာတွေဖြစ်လာကြတာပါ လိမ့်…"

ရွာအတွင်းသို့ အော်ရင်း ဟစ်ရင်း သွေးရူးသွေးတမ်း ပြေး ဝင်လာသည့် ဝက်သိုးတို့သားအဖကို တစ်ရွာလုံးက အလန့်တကြား နှင့် ဆီးပြီးမေးကြ၏။ သူတို့ စလူမြောင်တစ်ရွာလုံးမှာလည်း အခုတ လော နေ့စဉ်ရက်ဆက်ဆိုသလို ထိတ်လန့်စရာတွေက တစ်မျိုးပြီးတစ် မျိုး တွေ့ကြုံနေရသည်ဖြစ်ရာ ကိုယ့်အလုပ်ကိုပင်ကိုယ်ဖြောင့်အောင်မ လုပ်နိုင်ကြဘဲ ဖြစ်နေကြရသည်။

"ဟို…ဟို ဝါးတောထဲမှာ ခြေတစ်ချောင်း ထောက်ကောင်ကြီးနဲ့တွေ့… တွေ့လာခဲ့လို့…"

ကိုဝက်သိုးမှာ သူကိုယ်တိုင် ဖျတ်ခနဲမြင်လိုက်ရသည့် လူသဏ္ဍာန်လိုလို မိစ္ဆာကောင်ကြီးကြောင့် တစ်ကိုယ်လုံး အသားတွေ ကတဆတ်ဆတ်တုန်ရင်နေကာ စကားသံတွေက အထစ်ထစ် အငေါ့ငေါ့ပင်ဖြစ်နေသည်။

"ဘာ…ခြေတစ်ချောင်းကောင်ကြီး ဟုတ်လား"

"ဟုတ်တယ်…အဲဒီကောင်ကြီးက ခုန်ဆွခုန်ဆွနဲ့ ကျုပ်လှည်းဆီကို တန်းတန်းကြီးပြေးလာတာ"

ကိုဝက်သိုး၏ဘေးမှ သူ့သား ခွေးပုမှာလည်း မျက်လုံးပုတ်ခတ်ပုတ်ခတ်နှင့် ကြောင်စီစီဖြစ်နေကာ ခပ်ကုတ်ကုတ်ကလေး ငြိမ်နေ၏။ ထို့နောက် ကိုဝက်သိုးက ဗလုံးဗထွေးလေသံနှင့်…

"ကျုပ်…ကျုပ် နွားတွေ အဲဒါကြီးကိုမြင်ပြီး လန့်ပြေးကြ ဘယ်ရောက်လို့ ရောက်ကုန်မှန်း မသိဘူး…၊အခုလောက်ဆို အဲဒီနာနာ ဘာဝကြီးက ကျုပ်နွားနှစ်ကောင်ကို သတ်စားပစ်ပြီနဲ့တူတယ်…လုပ်ကြပါအုံးဗျာ…ကူညီကြပါအုံး…"

ထိုအခါမှ ရွာသားများမှာ တစ်ယောက်တစ်ပေါက်တွေနှင့် ကျွတ်ကျွတ်ညံညံ ဖြစ်ကုန်ကြ၏။

"ဟင်…ဒါဆိုရင်ဘယ်ဖြစ်မလဲ…အဲဒီနေရာကို အခုချက်ချင်းလိုက်မှဖြစ်မှာပေါ့…"

"ဟုတ်တယ်ဗျို့… ဒီကောင်ကြီးက သွေးဆာနေတဲ့မိစ္ဆာကောင်ကြီးဆိုတော့ ဝက်သိုးရဲ့နွားတွေကို သတ်စားချင်စားမှာ…၊

ကျုပ်တို့ အချိန်မှီလိုက်ကြစို့…"

တစ်ခဏအတွင်းမှာပင် တောထဲသို့ လိုက်ကြမည့် လူအုပ်ကြီးက ဆယ့်လေးငါးယောက်ထက် မနည်းစုမိသွား၏။ အချို့ရွာသားများလည်း ဓား၊ လှံတွေကို ဆွဲလျက် ပါးစပ်က အမျိုးမျိုးဆဲဆိုကြိမ်းမောင်းနေကြလေသည်။ ထိုအထဲမှ တောအကြောင်း တောင်အကြောင်းကို နားလည်သူ မုဆိုးဦးကာလုကမူ…

"ဒီမှာ… အားလုံးနားထောင်ကြဟေ့…တောထဲတောင်ထဲမှာ စိတ်လိုက်မာန်ပါတွေနဲ့ ဆဲတာဆိုတာတွေကို ဆင်ခြင်ကြ။ ပြီးတော့ တစ်ယောက်နာမည်ကို တစ်ယောက်အော်မခေါ်မိဖို့နဲ့ အပေါ့အလေးကို တွေ့ကရာနေရာမှာ မသွားမိဖို့ကို အထူးသတိထားကြ…"

ဘာပဲပြောပြော အခုလိုအခြေအနေမျိုးတွင် တောနှင့်အကျွမ်းတစ်ဝင်ရှိသူ မုဆိုးကြီးဦးကာလု၏ စကားကို အားလုံးက နာခံရမည်မှာ အမှန်ပင်ဖြစ်၏။ ထို့နောက် မုဆိုးဦးကာလုနှင့် အတူရွာသားများမှာ ကိုဝက်သိုး လမ်းပြခေါ်ဆောင်ရာနောက်သို့ လိုက်ပါလာကြသည်။

သူတို့လူစုကြီး စလူမြောင်ရွာမှ စပြီးထွက်လာချိန်တွင်တော့ မိုးသားတိမ်လိပ်တွေက မိုးစနေ၊ လေရာဟုဆိုသောစကားအတိုင်း စနေထောင့်မှ မည်းပြီးတက်လာနေ၏။

သိပ်မကြာလိုက် ဥတိုချောင်းအနီးသို့အရောက်တွင် မိုးက သဲသဲမဲမဲရွာချလေတော့သည်။ အရပ်ရှစ်မျက်နှာလုံး မဲမှောင်နေရုံမက လေပြင်းတွေကလဲ တရစပ်တိုက်ခတ်လာသဖြင့် ခရီးက မတွင်ပဲဖြစ်နေရသည်။

"ဂျိမ်း…ဒလိန်း…"

ဖျတ်ကနဲ လင်းလက်သွားသည့် လျှပ်စီးတန်းကြီးကြောင့် ခပ်လှမ်းလှမ်းမှ ရိုးမတောကြီးတစ်ခုလုံးကို ဖွေးကနဲ အတိုင်းသား မြင်လိုက်ရသည်။

တောင်ပေါ်မှ အလုံးအရင်းနှင့် စီးဆင်းလာသော ရွှံ့နှစ်ရေတွေ နှင့်အတူ သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက်တွေက ဥတိုချောင်းအတွင်း အရှိန်အဟုန်နှင့် မျောပါနေကြ၏။ ထိုဥတိုချောင်းမှာ ချောင်းဟုဆိုသော သည်း လူကြီးရင်စို့လောက်သာနက်၏။ သို့သော် အရှည်က တစ်မိုင် နှစ်မိုင်ရှိသည်။ ချောင်းလက်တက်တွေကလည်း အများကြီးရှိပြီး စလူ မြောင်ရွာမှ လယ်ကွက်တွေနားအထိပင် ဖြာထွက်ပြန့်နှံ့နေ၏။

ထိုဥတိုချောင်းကမ်း နဖူးပေါ်မှ လျှောက်လာကြသော ကိုဝက်သိုးတို့ လူစုကြီးမှာ တဖြည်းဖြည်းနှင့် ဝါးပိုးဝါးတောကြီးနှင့် နီးကပ်လာချေပြီ….။ ထိုဝါးပိုးတောကြီးမှာ နာနာဘာဝတွေ၊ တစ္ဆေ သရဲတွေကပ်တွယ်မည်ဆိုလည်း ကပ်တွယ်စရာ…ဝါးပင်တွေက ဆယ်ပေ ပတ်လည်သာသာ အစုလိုက် အပြုံလိုက် ကျပ်ကျပ်ညပ်ညပ် ပေါက်နေသော စိမ်းညို့နေသည့် တောအုပ်ကြီးဖြစ်နေသည်။

ထိုဝါးတောကြီးအရောက်တွင် ကိုဝက်သိုးနှင့်အတူ ရွာသား များအားလုံးမှာ မိုးတွေ လေတွေ တဝေါဝေါတိုက်ခတ်နေသည့်ကြား မှ မျက်စိတွေကိုရှင်ရှင်ထားပြီး ဟိုဟိုဒီဒီကြည့်နေမိကြသည်။ အမှန် တော့ ရွာသားများအားလုံး၏ အတွေးအာရုံတွေက ခြေတစ်ဖက်ထောက် နာနာဘာဝကြီးနှင့် ဘယ်အချိန် ပက်ပင်းတိုးမိကြမည်လဲဆိုသည်ကို သာရင်တမမနှင့် ဖြစ်နေကြ၏။

“ဟိုမှာ…ဟိုမှာ…တွေ့ပြီဗျို့ ကိုဝက်သိုးရဲ့ နွားတစ်ကောင်”

ရုတ်တရက် ရွာသားတစ်ယောက်၏ ကျယ်ကျယ်လောင်လောင်ကြီးအော်လိုက်သံကြောင့် အားလုံးက ဝါးပိုးဝါးရုံအနီးမှ မြေကွက်လပ်ဆီကို လှမ်းကြည့်လိုက်ကြသည်။

ထိုမြေကွက်လပ်တွင် ကိုဝက်သိုး၏နွားတစ်ကောင်မှာ နားရွက်နှစ်ဖက်ကိုထောင်လျှက် အလွန်အမင်း ကြောက်လန့်နေတုန်းပင်ဖြစ်သည်။

"ကျွတ်…ကျွတ်…ကျွတ်…ကျွတ်…"

ကိုဝက်သိုးမှာ ပါးစပ်ကနေ စုတ်တစ်သပ်သပ်နှင့် သူ့နွားနွားပြာကြီးနားသို့ တဖြည်းဖြည်းတိုးကပ်ကာ ချော့မော့ပြီး ဖမ်းလေသည်။

သိပ်မကြာလိုက် ကာလသားခေါင်း ကိုတက်လူတို့ဘက်မှလည်း နောက်ထပ် နွားတစ်ကောင်ကို တွေ့ပြီဖြစ်ကြောင်း လှမ်းအော်ပြောလိုက်၏။

နွားနှစ်ကောင်စလုံးမှာ အခုအချိန်အထိ အကြောက်မပျယ်ကြသေးပဲ တစ်ရှူးရှူး တရှုံ့ရှုံ့နှင့် နှာမှုတ်နေကြသေးသည်။

"တော်သေးတာပေါ့ ဝက်သိုးရာ…ဒီနှစ်ကောင်ကို အကောင်းအတိုင်းပြန်တွေ့ရလို့။ ငါ့အထင် ဟိုခြေတစ်ဖက်နဲ့ ကောင်ကြီး ရဲ့လက်ချက်မဟုတ်ရင်တောင် မင်းနွားတွေတောထဲမှာ ကျားစာမိပြီအောက်မေ့နေတာ"

ဦးထွန်းဝ၏စကားကြောင့် ဝက်သိုးရော အခြားရွာသားများပါအခုမှသက်ပြင်းတွေချနိုင်ကြတော့သည်။ ထို့နောက် ဦးကာလုက…

"ကဲ…ဒါဆိုလည်း လှည်းရှိတဲ့နေရာကို သွားရအောင်ဟော့"

ကိုဝက်သိုးနှင့်အတူ ရှာသားများမှာ နွားနှစ်ကောင်ကို ဆွဲပြီး လှည်းရှိရာနေရာသို့ ဆက်ပြီးလျှောက်လာကြသည်။ သူတို့ လျှောက်လာပြီး သိပ်မကြာခင်မှာပင် ဂျွမ်းထိုးမှောက်ခုံဖြစ်နေသော နွားလှည်းကြီးနှင့်အတူ မြေပြင်ပေါ်တွင် ဖယိုဖရဲနှင့် ကျဲပြန့်နေသော ဒူးရင်း၊ ငှက်ပျောနှင့် ပိန္နဲခိုင်များကို တွေ့လိုက်ကြရသည်။

ထိုနေရာတဝိုက်တွင် တစ်စစီ ကျဲပြန့်နေသော ပိန္နဲသီးများမှာ ဆက်ခြမ်းကွဲပြီး ဟင်းလင်းပွင့်နေလျက် သတ္တဝါတစ်ကောင်,ကောင်က စားသောက်ထားသလိုမျိုး တွေ့လိုက်ရသည်။ ထိုနည်းတူ ငှက်ပျောခိုင်များမှ ငှက်ပျောသီးများမှာလည်း ရစရာမရှိအောင်ကျဲပြန့်နေ၏။ ပိုဆိုးသည်က ဒူးရင်းသီးများ၏ အတွင်းမှ အမွှာများကို လူတစ်ယောက်ကဲ့သို့ပင် စိတ်ရှိလက်ရှိခွဲခြမ်း နှိုက်ကော်စားသောက်ထားခြင်းပင်...။

"ဟင်...ဒါ...ဒါက ဘယ်လိုတွေဖြစ်သွားတာလဲမသိဘူး...။ အံ့ဩစရာပဲဗျို့၊ ကြည့်ပါအုံးဗျာ။ ကျူပ်ပိန္နဲသီးတွေက လှည်းပေါ်ပါလာတုန်းက အများကြီးပါ။ အခုဘယ်ရောက်သွားပြီလဲ"

ကိုဝက်သိုးမှာ မြေပြင်ပေါ်မှ လျော့သွားသည့် သူ့အသီးအနှံတွေကိုကြည့်ရင်း ပါးစပ်အဟောင်းသားနှင့်ဖြစ်နေ၏။ ပြီးတော့သူနှင့်အတူပါလာသည့် ရွာသားများအားလုံးမှာလည်း ထူးထူးဆန်းဆန်း အသီးအနှံတွေကို စားသောက်ထားသည့် အနေအထားကိုကြည့်ကာ...

"မဟုတ်မှလွဲရော...ဝက်သိုးရေ...မင်းအသီးအနှံတွေကို ဟိုနာနာဘာဝကောင်ကြီး စားသွားတာပဲဖြစ်မယ်..."

"ဟုတ်ပ...ဟောဟိုက ဒူးရင်းသီးကို ခွဲပြီးအထဲက အမွှာကို နှိုက်စားသွားပုံက တကယ့်ကို အံ့ဩစရာပဲ..."

ဟုအမျိုးမျိုး ထင်ကြေးတွေနှင့် ပြောဆိုနေကြလေသည်။

ထိုအထဲမှ မုဆိုးကြီးဦးကာလုကတော့ ဘာကိုမှ ထင်ကြေးမပေးဘဲ တစ်နေရာတည်းကိုသာ တွေတွေကြီးစိုက်ကြည့်လျက် တစ်စုံတရာကို လေးလေးနက်နက်ကြီး စဉ်းစားနေတော့သည်။

●●●

## အခန်း(၉)

အချိန်က ညဆယ်နာရီသာသာ,သာရှိသေးသော်လည်း လကွယ်ညဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ ပိန်းပိတ်အောင် မှောင်နေ၏။ ကောင်းကင်ကြီးတစ်ခုလုံးမှာလည်း မိုးသားမိုးရိပ်တွေက ကင်းစင်လျက် ကြယ်တချို့က မလင်းတစ်ဝက် လင်းတဝက်နှင့် ရှိနေသည်။

ပိုးကောင်မွှားကောင်တို့၏ မြည်သံကလည်း အခုလို မိုးလေကင်းသည့် ညဖက်ဆိုလျှင် စီစီညံညံနှင့် ပိုပြီးကြားရသလိုရှိ၏။ ပြီတော့ ယခုလို သန်းခေါင်ယံအချိန်နှင့် နီးကပ်လာသည့်နှင့် လေးလေးမှန်မှန် အသံနေအသံထားနှင့် အော်မြည်တတ်သော စီးကွက်နှင့် ဒီးဒုတ်ကြီးများ၏ အသံတွေက ပကတိ တောသဘာဝ၏ အသံတွေဆိုသည်ကို စလူမြောင်တစ်ရွာလုံး သိထားပြီးပင်ဖြစ်သည်။

သို့သော်…

ထိုအသံတွေနှင့် အတူ စည်းချက်ကျကျအော်မြည်နေသော အသံတစ်ခုကို စလူမြောင်ရွာသားတွေ ထူးထူးဆန်းနှင့် ကြားနေရ၏။

"ဂီး…ဂစ်…ဂစ်…၊ဂီး…ဂစ်ဂစ်…၊ ဂီး..ဂစ် ဂစ်…"

အသံက ရွာအနီးသို့ မာန်ဖီပြီး ဖြည်းဖြည်းချင်းတိုးကပ် လာနေသည့် အသံမျိုး။ ထိုအသံကြီးကြောင့်ရွာအတွင်းမှ ထိတ်လန့်ခြောက်ခြားနေသူတွေထဲ ရွှေအ ဖိုးငိုတစ်ယောက်လည်း အပါအဝင်ဖြစ်၏။ ရွှေအ ဖိုးငိုမှာ စောင်ကိုလည်ပင်းအထိ ဆွဲခြုံထားသော်လည်း သူ့မျက်လုံးတွေက အသံလာရာဆီသို့ လိုက်ပြီးရွှေ့လျားနေကာ တစ်စုံတရာကို စိတ်ထဲမှ ကြိမ်ဖန်များစွာ တီးတိုးရေရွတ်နေ၏။

နေ့လည်က ကိုဝက်သိုးနှင့်အတူ ရိုးမတောထဲသို့ နွားပျောက်ရှာကိုလိုက်ပါသွားကြသော ရွာသားအချို့မှာ သူတို့မြင်ခဲ့ရသည့် သီးနှံတွေ၏မြင်ကွင်းကြောင့် စိတ်တွေက မတင်မကျဖြစ်နေကြရာ ထိုအော်သံကြီးကို ကြားရသော အခါမှ စိတ်ကပိုပြီးခြောက်ခြားကြရလေသည်။

"ဒီအသံကြီးက ထူးထူးခြားခြား အခုညမှာ ဘာဖြစ်လို့ကြားနေရတာလဲ"

သူတို့နေထိုင်ရာ စလူမြောင်ရွာမှာ ရိုးမတောကြီးနှင့် ကပ်လျက်ရှိသောရွာဖြစ်သော်လည်း ယခုကဲ့သို့ ထူးထူးဆန်းဆန်းအော်မြည်နေသည့် သတ္တဝါကြီး၏ အသံကိုမူ တစ်ကြိမ်တစ်ခါမှ ကြားဖူးခြင်းမရှိလေရာ အားလုံးက အသက်ပင် မရှူရဲလောက်အောင် ငြိမ်ပြီးနားစိုက်ထောင်နေကြသည်။

"ဗျို့…ဦးကာလု…၊ ဦးကာလု…၊ ဦးကာလု ရှိလားဗျို့…"

အိမ်ရှေ့မှ လက်ဆွဲမီးအိမ် တဝင်းဝင်းနှင့် ခပ်အုပ်အုပ်ခေါ်သံကြောင့် အမှောင်ထဲမှာထိုင်ကာ အသံဗလံတွေကို ငြိမ်ပြီး နားစွင့်နေသော ဦးကာလုတို့လင်မယားမှာ…

"ရှိတယ်ဟော့…ဘယ်သူတွေလဲ အိမ်ထဲကိုဝင်ခဲ့ကြ…"

ထိုအခါမှ ဦးကာလုမိန်းမ ဒေါ်ပြားက အိမ်တိုင်ဘေးမှ ရေနံဆီမီးခွက်ကို မီးထွန်းညှိလိုက်၏။ ထို့နောက် အိမ်ထဲသို့ ခပ်သုတ်သုတ် ပြေးဝင်လာသော ကိုတက်လူက…

"ဦးကာလု…အခုကြားနေရတဲ့အသံကြီးက ဘာသံကြီးလဲဗျ၊ ကျုပ်အထင်တော့ ဒါသားရဲတရစ္ဆာန်တစ်ကောင်ကောင် အော်နေတာ တော့မဖြစ်နိုင်ဘူးထင်တယ်…"

ကိုတက်လူ၏ ကမူးရှူးထိုးလေသံက မုဆိုးကြီးဦးကာလု အံမှတစ်စုံတရာကို ခန့်မှန်းပြောဆိုလိမ့်မည်အထင်နှင့် အားကိုးတကြီး မေးလိုက်၏။

"အေး…ငါလည်း အဲဒါကိုစဉ်းစားနေတာပဲ တက်လူရ၊ အခုဟာက ငှက်သံလည်းမဟုတ်…။ ခွေးအတွေမိတ်လိုက်တဲ့ အသံလည်း မဟုတ်ဆိုတော့ စဉ်းစားရတော်တော်ခက်နေတယ်ကွ၊ နောက်ပြီး ဒီအသံကြီးက မင်းကြားတဲ့အတိုင်းပဲ တို့ရွာဖက်ကို တဖြည်းဖြည်း ဦးတည်ပြီး လာနေတဲ့အသံကြီး…"

ထိုအခါမှ ကိုတက်လူနှင့် ဦးကာလုမိန်းမ ဒေါ်ပြားတို့မှာ ပို၍ပြီးကြောက်လာကြလေသည်။ သူတို့ထင်ထားသည်က နေ့လည်က တောထဲမှာ ကိုဝက်သိုး၏ သီးနှံတွေကိုစားသောက်သွားသော အကောင်ကြီးက ရွာကိုအန္တရာယ်ပြုပြီးများလိုက်လာသည်လား ဆိုသည့်အတွေးတွေနှင့် ဖြစ်နေကြသည်။

တကယ်တော့ ထိုအသံကြီးစပြီးကြားနေရကတည်းက ရွာသားအားလုံး၏ အတွေးတွေက နာနာဘာဝကြီးသူတို့ရွာသို့ ချဉ်းကပ်

လာနေသည်ဟုပင် တွေးထင်ထားကြပြီးသားဖြစ်သည်။

"ဂီး...ဂစ်...ဂစ်...၊ ဂီး...ဂစ်..ဂစ်...၊"

အသံကြီးက စောစောကထက်ပိုကျယ်လာပြီး ရွာနှင့်နီးကပ်လာနေသည်။ ထိုသို့ တဖြည်းဖြည်းနီးကပ်လာနေသည့်နှင့် ရွာသားများမှာရွာလည်လမ်းမပေါ်တွင် ရုတ်စု၊ရုတ်စုတွေဖြစ်လာကြသည်။ တချို့ကလည်းအိမ်ထဲက အိမ်ပြင်သို့ပင် မထွက်ရဲဘဲ ထိုအသံကြီးကိုသာ နားစိုက်ထောင်နေကြသည်။

"ဒီမယ်...ကိုကာလု...၊ နေ့လည်က ရှင်တို့တွေ တောထဲမှာ အမှားတစ်ခုခုများ လုပ်ခဲ့ကြသလားတော်...ဒီအသံကြီးက သိပ်မှုမမှန်သလိုပဲ။ ဒါမှမဟုတ်...ဟို...ဟို ဝက်သိုးတို့ တောလှည်းပေါ်က ပိန္နဲသီးတွေ ဒူးရင်းသီးတွေကို စားသောက်သွားတယ်ဆိုတဲ့ ကောင်ကြီးကပဲ မကျေနပ်လို့ ကျုပ်တို့ရွာကိုလိုက်လာနေသလား..."

"အလကားပါမယ်ပြားရာ...နင်တို့ကလည်း တစ်ဆိတ်ရှိ အဲဒီတောထဲက ဘာမှန်းမသိတဲ့ကောင်ကြီးကိုပဲ ထည့်ထည့်ပြောနေကြတာ...၊ ငါတော့ အခုတစ်ရွာလုံး ပြောပြောနေတဲ့ ခြေတစ်ချောင်းထောက်နာနာဘာဝကြီးဆိုတာကို အခုအချိန်အထိမြင်လည်း မမြင်ဘူးဖူး၊ နဲနဲမှလည်းအယုံအကြည်မရှိဘူး..."

ဦးကာလု၏စကားကြောင့် ဒေါ်ပြားကော ကိုတက်လူပါ တအံ့တသြနှင့်ဖြစ်သွားကြ၏။ ကိုတက်လူက ရေနံဆီမီးခွက်မှ အလင်းရောင်ကို ဦးကာလုမျက်နှာ မြင်သာအောင်အပေါ်သို့ မြှောက်လိုက်ရင်း...

"ဗျာ...ဘယ်လို ဦးကာလု၊ ဦးကာလုက သရဲတစ္ဆေရှိတယ်ဆိုတာကို မယုံဘူးဟုတ်လား..."

"မယုံတာမဟုတ်ပါဘူး တက်လူရာ၊ ငါလည်း တောထဲ ကောင်ထဲ လှည့်ပတ်ပြီး မုဆိုးလုပ်နေတဲ့သူပဲ၊ သရဲ၊ တစ္ဆေတို့ပြိတ္တာတို့နဲ့ ကြာမကြာဆုံတွေ့နေကြပါကွ၊ အခုဟာက ဘာမှန်းမသိတဲ့အကောင် ကြီးကို တစ်ရွာလုံးက တစ်စိတ်ကို တစ်အိတ်လုပ်ပြီး နာနာဘာဝကြီး ...ိုင်းပြောနေတာကို အယုံအကြည်မရှိတာကွ…"

ဦးကာလု၏စကားကြောင့် ဒေါ်ပြားနှင့် ကိုတက်လူတို့မှာ ...းခပ်အပေါင်းသားတွေနှင့် ဖြစ်ကုန်ကြ၏။ ထို့နောက် ကိုတက်လူက-

"ဒါဆိုရင် ကျုပ်တို့တောထဲမှာ တွေ့လာခဲ့တဲ့ ကောင်ကြီးက ...ာလဲဗျ"

ဦးကာလုမှာ ထိုမေးခွန်းကို အတန်ကြာအောင်စဉ်းစားနေ၏။ ...းမှ…

"အေး… သေချာတာကတော့ မင်းတို့ပြောတဲ့ ခြေတစ်ဖက် ...ောက်ကောင်ကြီးဟာ ဝက်သိုးရဲ့နွားတွေကိုတောင် မစားဘဲ လှည်း ...ေါ်ကကျတဲ့ အသီးအနှံတွေကိုစားပုံထောက်ရင် နာနာဘာဝကြီးလို့ ...ပြောလို့ မရဘူးကွ…၊ နာနာဘာဝဆိုတာ သားစိမ်း၊ ငါးစိမ်းကိုပဲစားတာ ...င်းတို့သိတဲ့အတိုင်းပဲ…"

ဦးကာလု မိန်းမဒေါ်ပြားကတော့ သူယောက်ျား၏စကားတွေ ...ို အစကတည်းက နဲနဲမှအယုံအကြည်မရှိသူပီပီ မျက်စောင်းထိုးရင်း-

"တကတည်းမှပဲ…တစ်ရွာလုံးက ပြောနေကြတာတောင် ...င်က လက်မခံဘဲခေါင်းမာနေရအောင် နာနာဘာဝမဟုတ်ဘူးဆိုတာကို ...င်ဘယ်လိုသက်သေပြနိုင်လို့လဲ…"

"ဒီမယ် မပြား၊ ငါက ကိုယ်တိုင်မမြင်ရရင် ဘယ်သူပြော

တာကိုမှလက်ခံတဲ့ကောင်မဟုတ်ဘူး၊ အခု အဲဒီခြေတစ်ဖက်ထောက် ကောင်ကြီးသာ ဟောဒီရိုးမတောကြီးထဲမှာ ရှိနေရိုးမှန်ရင် ငါထောင် ထားတဲ့သုတ်ကိုင်းအောက်က ပြေးမလွတ်ပါဘူး။ ကြည့်နေ အဲဒီအခါ နင်တို့ပြောပြောနေတဲ့အကောင်ကြီးဟာ ဘာလဲဆိုတာ ငါသက်သေ ပြမယ်…"

သည်လိုနှင့်…

ဦးကာလုမှာ သူ့စကားနှင့်သူ ရိုးမတောကြီးထဲတွင် သုတ် ကိုင်းထောင်ဖို့ ကိစ္စကိုကြိုတင်ပြီး စီစဉ်ရတော့သည်။ ကိုတက်လူနှင့် အတူ ရွာသားများအားလုံးမှာလည်း ခြေတစ်ဖက်ထောက်နာနာဘာဝကြီး ကို ဦးကာလု သုတ်ကိုင်းထောင်ပြီး ဖမ်းပြမည်ဆိုသောအခါ အထူး စိတ်ဝင်တစားတွေနှင့် ဖြစ်ကုန်ကြ၏။

ထိုညက တစ်ဂီးဂီး တဂစ်ဂစ်နှင့် အော်မြည်နေသော အသံ ကြီးမှာလဲ နံနက်အာရုံတက်ခါနီးအချိန်တွင် ရွာနှင့် တဖြည်းဖြည်းဖြ ဝေးသလိုမျိုး အသံက တိုးသွားသည်။ ထိုအခါမှ စလူမြောင်တစ်ရွာ လုံးမှာ သက်ပြင်းများကိုယ်စီချပြီး စိတ်ချလက်ချ အိပ်မှိုင်ကြတော့သည်။

●●●

## အခန်း(၁၀)

နောက်တစ်နေ့နံနက်စောစောတွင် ကြားနေရသော ဘုတ်အီသံ
က ထိုနေ့အဖို့မိုးမရွာတော့ကြောင်း သက်သေထူနေသဖြင့် မုဆိုးကြီး
ဦးကာလုမှာ ရိုးမတောကြီးအတွင်း သုတ်ကိုင်းထောင်ရန်ထွက်လာလေ
သည်။ ဦးကာလု တောတက်လာရာလမ်းတလျှောက်လုံးမှာပဲ မနက်
နှင်းသင်းလုလင်းချိန်မှာ ရွာထားသောမိုးကြောင့် မြေသားတွေကချောနေ
သည်။

ဦးကာလု၏ ပုခုံးပေါ်တွင်လည်း အရင်းက လူကြီး ခြေသ
လုံးသာသာရှိသော သစ်သားသုတ်ကိုင်းတံ တစ်ချောင်း ကို ထမ်းလာပြီး
သစ်စေး၊ သစ်ခေါက်တွေနှင့် အကြိမ်ကြိမ် ပွတ်တိုက်ထားသော
ကျစ်ကြိုး တစ်ပင်ကို ပုခုံးတွင်ခွေပြီး ချိတ်လွယ်လာ၏။ ထိုကျစ်ကြိုးမှာ
သက်သန်းလုံးခန့်ရှိပြီး ချောမွတ်ခိုင်ခန့်ကာ တော်ရုံ တိရစ္ဆာန်တစ်ကောင်
၏အားနှင့်ပင် ပြတ်နိုင်ရန် အလွန်ခဲယဉ်းသော ကြိုးဖြစ်လေသည်။

ဦးကာလု တောကြီးထဲစဝင်လိုက်သည်နှင့် သစ်တောကြီးထဲ
က်လေတိုးလိုက်သလို ရှဲခနဲအသံ တစ်ချက်ကြားလိုက်ရ၏။ ထိုအသံ
နှင့်အတူ ဦးကာလု၏ တစ်ကိုယ်လုံးမှာလည်း ချက်ချင်းဆတ်ကနဲ
တုန်ခါသွားပြီး ဖြန်းကနဲပင် ကြက်သီးမွေးညှင်းထသွားသည်။

"ဟင်…ဒါ ဘာဖြစ်တာလဲ…"

တကယ်တော့ ဦးကာလုမှာ ကြောက်ရွံလန့်ရွံမဟုတ်။ မိုးဦးကာလ သစ်ကြီးဝါးကြီးတို့၏ အေးစိမ့်မှုကြောင့် ရုတ်တရက် ကျောချမ်းသွားခြင်းပင်။ ဤသည်ကို ဦးကာလုစိတ်ထဲမှာ ဘယ်လိုမှ မသိုးမသန့်မဖြစ်မိဘဲ သူသွားနေကျ တောလမ်းအတိုင်း ခပ်သုတ်သုတ် ဆက်ပြီးလျှောက်လာလေသည်။

ဦးကာလု ဦးတည်လျှောက်လာရာ ဥတိုချောင်းကမ်းပါး တစ်လျှောက်လုံးမှာ ကဏန်းလုံးနီတွေက ဖွေးဖွေးလှုပ်နေ၏။ ခါတိုင်းဆိုလျှင် ဒီဥတိုချောင်းပေါ်သို့ ကိုင်းကျနေသော သရက်ပင်ကြီးပေါ်မှ မျောက်ညိုတစ်အုပ်က အပင်ပေါ်မှဆင်းပြီး ကဏန်းလုံးတွေကို နှိုက်ဖမ်း နေကျဖြစ်၏။ သို့သော် ဒီတစ်ခါတော့ ထူးထူးခြားခြား ကဏန်းလုံး တွေကိုဖမ်းမည့် မျောက်အုပ်ကို တစ်ကောင်တစ်မြီးမှ မတွေ့ရသဖြင့် ဦးကာလု၏စိတ်ထဲမှာ တစ်မျိုးဖြစ်နေမိသည်။

ထို့နောက် ဦးကာလုမှာ ပတ်ဝန်းကျင်တစ်ခုလုံးကို လှည့်ပတ် အကဲခတ်လိုက်ပြီး သုတ်ကိုင်းထောင်ရန် နေရာကို ရှာဖွေလေတော့သည်။

ခါတိုင်းဆိုလျှင် သုတ်ကိုင်းထောင်ပြီး ဖမ်းယူမည့် တော ကောင်ကို တွက်ဆပြီးကိုင်းတံမှ ကိုင်းကြိုးအား အတင်းအလျော့ချိန် သားကိုက်ပြင်ဆင်ရသော်လည်း ဒီတစ်ခါ ဦးကာလုဖမ်းဆီးမည့် သားကောင်က ပုံသဏ္ဍာန်ရော အရွယ်အစားပါ ခန့်မှန်းရခက်နေသည်ဖြစ် ရာ သုတ်ကိုင်းထောင်ရန် နေရာ၊ အကွက်အကွင်းကအစ ဂရုတစိုက်နှင့် ရွေးချယ်နေရ၏။

ဦးကာလုအဖို့ ယခုကဲ့သို့ သုတ်ကိုင်းထောင်ရခြင်းမှာလည်း တစ်ရွာလုံးအထိတ်တလန့်ဖြစ်နေသည့် ခြေတစ်ချောင်းထောက်ကောင်ကြီးကို လက်ရဖမ်းရင်း တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို မကြာသေးခင် စလူမြောင်ရွာ၊ ကျောက်ဖြူတောင်ရွာနှင့် တိမ်မြုတ်ရွာတွေ အနီးတစ်ဝိုက် လှည့်ပတ်ချောင်းမြောင်းနေသည့် ကျားဆိုးကြီးကိုပါ ဖမ်းဆီးဖို့ပင်ဖြစ်သည်။

ထို့နောက် ဦးကာလုမှာ ဥတိုချောင်းအစပ်မှ ကညင်တောကြီးထဲတွင်ပင် သုတ်ကိုင်းထောင်ရန် နေရာရွေးချယ်လိုက်၏။ ထိုနေရာတဝိုက်မှာ တောဝက်၊ ဂျီ၊ ဆတ်၊ ပြောင်တို့သာမက တစ်ခါတစ်ရံ ကျားတို့ ကျားသစ်တို့ပင် သားကောင်နောက်လိုက်ရင်း ရေဆင်းသောက်တတ်ကြ၏။

ဦးကာလုမှာ သူ့ပုခုံးပေါ်ထမ်းလာသော သစ်သားကိုင်းတံကို သစ်ပင်တစ်ပင်ခြေရင်းတွင်ငုတ်ရိုက်ကာ အဖျားကိုကွေးညွှတ်လာအောင် အားကုန်ဆွဲပြီးကွေးလိုက်သည်။ ထိုသို့ကွေးညွှတ်သွားသော သုတ်ကိုင်းတံကို ရုတ်တရက်ကြည့်လျှင် ကိုင်းတံမှန်းမသိရ။ သစ်ပင်တစ်ပင်ကိုင်းညွှတ်နေခြင်းသာဟု သတ္တဝါက အထင်ရောက်နိုင်သည်။ ထို့နောက် သစ်စေး၊ သစ်ခေါက်တွေနှင့် အကြိမ်ကြိမ်ပွတ်တိုက်ထားသော ကျစ်ကြိုးကို ကိုင်းတံထိပ်တွင် ကွင်းလျှောချည်ကာ မောင်းခလုပ် တစ်ခုကိုလဲ သတ္တဝါတစ်ကောင်ကောင်ဝင်တိုးလျှင် အလိုလိုပြုတ်အောင်ပြုလုပ်ထား၏။ နောက်ဆုံး အားလုံးပြီးဆုံးသွားသောအခါ ကိုင်းတံ အဖျားတွင် နွားခလောက်တစ်လုံးကိုပါ ဆွဲချည်ထားလိုက်လေသည်။

ထို့နောက် ဦးကာလုမှာ သုတ်ကိုင်းထောင်ထားသည့် ခြေ

ပြင်ကိုလဲ ခြေရာလက်ရာမပျက်အောင် သစ်ရွက်သစ်ခက်တွေနှင့် ဖုံး ထားလိုက်၏။

ဦးကာလု၏ အတွေးထဲတွင် ရှာသားတွေ-သွားပျက်ထိတ်လန့်နေသည့် ခြေတစ်ဖက်ထောက်ကောင်ကြီးမှာ ဤတော၊ ဤတောင်တွင် အမှန်တကယ် ကျက်စားသွားလာနေပါက ယခုသူထောင်ထားသည့် သုတ်ကိုင်းတွင်ကျိန်းသေ မိစေရမည်ဟု အပိုင်တွက်ထား၏။

တကယ်တော့ မုဆိုးကြီးဦးကာလု အပိုင်တွက်လျှင်လည်း တွက်စရာ။ သူထောင်ခဲ့သည့် သုတ်ကိုင်းတိုင်းမှာ သားကောင်ကလွတ်သည်ဟူ၍မရှိ။ ကားကနဲမိတတ်သည်ချည်း…။

ထိုသို့ ဦးကာလုတစ်ယောက် ကညင်တောကြီးအတွင်း ချွေး တစ်လုံးတစ်လုံးနှင့် သုတ်ကိုင်းထောင်နေသည်ကို အစမှအဆုံးချောင်း မြောင်းကြည့်ရှုနေသည့် မျက်လုံးတစ်စုံက သစ်အယ်ပင်ကြီးတစ်ပင် ၏နောက်တွင် ဝင်းဝင်းတောက်လျက်ရှိ၏။

ထိုမျက်လုံးပိုင်ရှင်ကတော့…

ရွှေအ ဖိုးငိုပင်…။

◆

ရွှေအ ဖိုးငိုမှာ သုတ်ကိုင်းထောင်ပြီး စိတ်ချလက်ချ ပြန်လှည့် ထွက်သွားသော ဦးကာလု၏ ကျောပြင်ကို ချောင်းမြောင်းကြည့်ရှုနေ ရာမှ တစ်စုံတရာကို စဉ်းစားရင်း တွေတွေဝေဝေနှင့် ဖြစ်သွားသည်။ တောကြီးအတွင်းမှ ခူးဆွတ်လာခဲ့သည့် သရက်သီးနှင့် နာနတ်သီးတွေက ရွှေအ ဖိုးငို၏လက်ထဲတွင် တစ်ပွေ့တစ်ပိုက်ကြီးဖြစ်နေ၏။ ပြီးတော့ အပင်မြင့်မြင့်ကြီးတွေပေါ် ခဲရာခဲဆစ်တက်ပြီးခူးဆွတ်လာခဲ့ရသည့်အ

ဘွက်လည်း သူ့တစ်ကိုယ်လုံးမှာ ချွေးသီးချွေးပေါက်တွေက မြင်မကောင်းအောင်ထွက်နေ၏။

အမှန်တော့ ရွှေအဖိုးငိုတစ်ယောက် အပြင်းဖျားပြီးနောက်ပိုင်း သားစိမ်း၊ ငါးစိမ်းတွေကို အနံ့ပင်မခံနိုင်လောက်အောင်ဖြစ်သွားပြီး သစ်သီး၊ သစ်ဥတွေကိုသာ ခုံခုံမင်မင်စားသောက်လာခဲ့ရာ သူ့အဖို့ဒီရိုးမတောကြီးက အရာရာပြည့်စုံသည့် ဘုံဗိမ္ဗာန်တစ်ခုလိုပင်ဖြစ်နေသည်။

"ဖုန်း…ဖုန်း…ဖုန်း…"

သူ့နောက်ကျောဖက်မှမြေသားပြောင်ပြောင်ပေါ် သတ္တဝါတစ်ကောင် ဖြတ်ပြေးသွားသည်ကို မျက်လုံးထောင့်စွန်းနားတွင် ရိပ်ကနဲမြင်လိုက်ရသည်။ ထိုသတ္တဝါက လွန်စွာမှ လျှင်မြန်လွန်းသည်ဖြစ်ရာ ရွှေအ ဖိုးငိုနောက်သို့ လှည့်ကြည့်လိုက်စဉ်မှာပင် ပျောက်ချင်းမလှပျောက်သွား၏။

"ဟင်…၊ ဘာကောင်ပါလိမ့်…၊ကေန္တဒီလောက်မြန်ပုံထောက်ရင် တောဝက်တွေဘာတွေများဖြစ်နေမလား…"

ရွှေအ အတွေးတွေက တောကောင်တွေ၏ အသွားအလာနှင့် အရိပ်အခြေကို အကျွမ်းတဝင်ရှိသူတစ်ယောက်လို ခန့်မှန်းတွေးကြည့်လိုက်၏။ သို့သော်သူ၏မျက်လုံးတွေက တစ်စုံတရာကို သံသယဖြစ်နေမိ၏။

ထို့နောက် ရွှေအ ဖိုးငိုမှာ သူပင်ပင်ပန်းပန်းခူးဆွတ်လာခဲ့သည့် သရက်သီးနှင့် နာနတ်သီးတွေကို ပွေ့ပိုက်ရင်း ဥတိုချောင်းကမ်းပါးအတိုင်း တဖြည်းဖြည်းလျှောက်လာ၏။ တစ်ချိန်တည်းမှာပင် မနက်မိုးမလင်းခင်ကတည်းက ဒီရိုးမတောကြီးထဲသို့ ထွက်လာခဲ့ရသဖြင့် သူ့ဗိုက်

တွေက တစ်ကျုတ်ကျုတ်မြည်အောင်ပင် ဆာလောင်လာ၏။

ထို့ကြောင့် ရွှေအမှာ အရိပ်ကောင်းသော မကျည်းပင်ကြီး အောက်တွင် တင်ပလ္လင်ခွေထိုင်ကာ ခါးပိုက်ဆောင်အတွင်းထည့်ယူ လာသည့် သရက်သီးမှည့်တွေကို မြိန်ရည်ရှက်ရေနှင့်စားတော့သည်။

ထိုအချိန်မှာပင် ရုတ်တရက် သူ့နောက်ကျောဖက်မှ အေးစက် စက်လက်ကြီးနှစ်ဖက်က ပုခုံးနှစ်ဖက်ပေါ်မှ ရှောကနဲကျော်ပြီးကျလာကာ သရက်သီးမှည့်တွေကို လှမ်းနှိုက်ယူလိုက်လေသည်။

"အင်…၊ အာ…ဥ…အ….၊"

"အား…"

ရွှေအ ဖိုးငိုမှာ ထိုအေးစက်နေသော လက်ကြီးနှစ်ဖက်ကိုမြင် လိုက်သည်နှင့် ပါးစပ်က အော်မိအော်ရာတွေကုန်းအော်ပြီး သတိလစ် လဲကျသွားလေတော့သည်။

●●●

## အခန်း(၁၁)

"နောင်…ဝေ…ဝေ…"

"အူ…ဝူး…ဝူး…"

ရွာဦးကျောင်းက ကြေးစည်သံ တစ်ချက်တီးလိုက်တိုင်း ခွေးအူသံတွေက ပံ့တင်ထပ်ကာလိုက်ပါလာ၏။ ညနေစောင်း နေရောင်ခြည်၏ အလင်းမှုန်မှားမွှားအောက်မှာ တစ်ရွာလုံး အထိတ်တလန့်ဖြစ်နေကြရသည့် မျက်နှာတွေနှင့် ညရောက်မှာကို အလိုလိုကြောက်လန့်နေသည့် မျက်နှာတွေက လေးလံစွာရွေ့လျားနေကြသည်။ ဒါ့အပြင် အားလုံး၏ ခံစားမှုတွေက ရေရာခြင်းမရှိသော အန္တရာယ်ဆိုးကြီးတစ်ခု သူတို့ထံသို့ ဆိုက်ဆိုက် မြိုက်မြိုက်ကြီး ရောက်လာနေပြီဆိုသည်ကို ကြောက်ရွံ့တုန်လှုပ်နေကြခြင်းပင်။

ထိုသို့ ကြောက်မက်ဖွယ်ရာအန္တရာယ်ဆိုးကြီးရောက် လာလုဆဲဆဲမှာပင် မနက်မိုးလင်းကတည်းက ပျောက်ခြင်းမလှပျောက်နေသည့် ရွှေအ ဖိုးငိုကြောင့် သူ့အမေ ဒေါ်ခလေးမရော ရွာသားများကပါ စိုးရိမ်သောကတွေရောက်နေကြပြီး ခေါင်းမီးတွေတောက်နေကြ၏။

ဒေါ်ခလေးမက ဖျင်တဘက်တစ်ထည်ခေါင်းပေါင်းပြီး သူ့သားဖိုးငို သွားတတ်လာတတ်သည့် နေရာတွေကို တစ်နေ့လုံးဒေါင်းတောင်အောင်လိုက်ရှာသော်လည်း အရိပ်အရောင်မျှပင်မတွေ့ရ။ ယုတ်စွအဆုံး ရွာအလယ်က အသုံးမပြုတော့သည့် ရေတွင်းပျက်ကြီးတွေထဲကိုတောင် နှံ့နှံ့စပ်စပ် ရှာဖွေကြည့်သော်လည်း ရွှေအ ဖိုးငိုကို မည်သို့မျှမတွေ့ရချေ…။

ကြာတော့ ဒေါ်ခလေးမ တစ်ယောက်မှာ မျက်ရည်နှင့်မျက်ခွက်ပင် ဖြစ်လာနေ၏။ ခါတိုင်းဆိုလျှင် ထမင်းစားချိန်ရောက်တိုင်း ပြန်ပြန်လာတတ်သော်လည်း ဒီတစ်ခါ အဆော့မက်သည့် ဖိုးငိုတစ်ယောက် ဘယ်ရောက်နေမှန်းအားလုံးမသိကြ…။

"ကျုပ်…ကျုပ် သားလေးတော့ ဒုက္ခရောက်ပြီနဲ့တူပါတယ်… ကူညီရှာပေးကြပါအုံးရှင်…အီး…ဟီး…ဟီ…"

"သိပ်လည်းစိတ်မပူပါနဲ့ ဒေါ်ခလေးမရာ၊ ဒီကောင် အဝေးကြီးတော့သွားမယ်မထင်ပါဘူး…၊"

ရွှေအ ဖိုးငိုကြောင့် တစ်ရွာလုံး အုတ်အော်သောင်းနင်းတွေဖြစ်ကာ စိတ်မကောင်းဖြစ်ကုန်ကြ၏။ တချို့ကလည်း ရွှေအကို ဘယ်အချိန်က ဘယ်နေရာမှာ တွေ့မိလိုက်ကြောင်း…၊ ဘယ်အချိန်က အခြား ကောင်လေးတွေနှင့်အတူ ဆော့နေတာကို တွေ့လိုက်ကြောင်း မရေမရာနှင့်ဝင်ပြောကြ၏။

ရွှေအ၏ မိခင်ဖြစ်သူ ဒေါ်ခလေးမကတော့ အချိန်ကြာလာသည်နှင့်အမျှ အရူးတစ်ယောက်လို ခုန်ပေါက်ပြေးလွှားကာ ဖိုးငိုကို တစ်ကြော်ကြော်အော်ဟစ်ပြီး ခေါ်နေတော့၏။

"သားရေ…ဖိုးငို…၊ ဖိုးငိုရေ…"

ဒေါ်ခလေးမ၏ အသံတွေက ငိုသံပါကြီးနှင့် တုန်ရင်မောဟိုက်နေလေသည်။ အချို့ရွာသားများမှာလဲ ရွှေအ ဖိုးငိုသွားတတ်လာတတ်သည့် ရွာအစွန်မှ ဇရပ်အိုကြီးနားနှင့် သင်္ချိုင်းမြေထဲမှ အုတ်ဂူအပြိုအပျက်တွေကြားတွင် လိုက်ရှာကြ၏။ သို့သော် ရွှေအ ဖိုးငိုနှင့် ပတ်သက်ပြီး ဘာတစ်ခုမှခြေရာ လက်ရာမတွေ့ရသောအခါ စိတ်ပျက်အားလျော့စပြုလာကြသည်။

"တို့ရွာ အနီးအနားမှာ ရွှေအ မရှိတာတော့ သေချာသွားပြီ…"

"ဧကန္တ…တောစပ်ဖက်ကို သွားတာကော မဖြစ်နိုင်ဘူးလား…၊ ဒီကောင်က တစ်ခါတစ်ခါ အဲဒီ ရိုးမတောကြီးဖက်ကို တွေတွေကြီး စိုက်စိုက်ကြည့်နေတတ်တယ်…"

"ဒီအချိန်မှတော့… တောကြီးထဲမှာ ဖိုးငိုရှိမယ်မထင်တော့ပါဘူးကွာ…၊ ငါ့အထင် နတ်ဖွက်တာတွေ ဘာတွေများဖြစ်နေမလားလို့…"

ထိုစကားကြောင့် အားလုံးစိတ်ထဲတွင် မတင်မကျတွေနှင့်ဖြစ်ကုန်ကြ၏။ ထိုလူစုကြီးထဲမှ တစ်ယောက်က…

"ဟင်…ဒါ…ဒါဆိုရင် ဘယ့်နှယ်လုပ်ကြမတုံး…"

"နတ်ဖွက်တယ်ဆိုတာ ဘယ်လိုလဲ၊ လူ့ဘဝကို ပြန်မလာနိုင်တော့ဘူးလား…"

ထိုမေးခွန်းတွေ၏နောက်တွင် စကားသံတွေက ရုတ်ချည်း

တိတ်ဆိတ်သွားပြန်၏။ ဒေါ်ခလေးမကိုယ်တိုင်ပင် ထိုစကားကြောင့် တွေတွေဝေဝေဖြစ်သွား၏။

"နတ်…နတ်ဖွက်တာ…၊ နတ်ဖွက်တယ် ဆိုပါလား…"

အကြိမ်ကြိမ် ပြန်ရွတ်ကြည့်နေရင်း သူ့ခေါင်းတွေက ချာချာပင်လည်နေ၏။ ပြီးတော့တစ်ကိုယ်လုံးမှ ရှိသမျှကြွက်သားတွေက တောင့်တင်းလာကာ မွန်းကြပ်ကြပ်ပင် ဖြစ်လာနေသည်။

အချိန်က တဖြည်းဖြည်းကြာလာသည်နှင့် အမှု ပတ်ဝန်းကျင် တစ်ခုလုံးမှာလည်း မှောင်မိုက်၍လာနေကာ အရာရာက မသဲမကွဲနှင့်ဖြစ်လာနေ၏။

ဆွဲဆွဲငင်ငင်ကြီး အူနေကြသည့် ခွေးအူသံတွေလည်း ရွာလယ်လမ်းမကြီးတစ်လျှောက် ကျွတ်ကျွတ်ပင်ညံနေသည်။

ထိုအချိန်မှာပင်…

"မဖြစ်နိုင်ဘူး…၊ မဖြစ်နိုင်ဘူး…၊ ရွှေအ ဖိုးငိုကိုနတ်ဖွက်တယ်ဆိုတာမဖြစ်နိုင်ဘူး…၊ ဒါဟာ မကောင်းဆိုးရွား တစ်ကောင်ကောင်က သူ့ကိုလှည့်ဖျားပြီးခေါ်သွားတာ…"

လူအုပ်ကြီး၏နောက်ကွယ်အမှောင်ရိပ်ထဲမှ အသံတစ်သံက ပိုင်ပိုင်နိုင်နိုင်ကြီး အော်ဟစ်ပြောဆိုလိုက်၏။ ထိုအသံက စိတ်ကယောက်ကယက်ဖြစ်နေသူ ဒေါ်စိန်ပု၏အသံ…။

"ဟာ… အရေးထဲမှ ဒီကျပ်မပြည့်တဲ့မိန်းမကလည်း ပေါက်ကရတွေဝင်ပြောပြန်ပြီ…။"

"ဟေ့ ထွန်းဝ…၊ ထွန်းဝဘယ်မလဲဟေ့…၊ မင်းမိန်းမ စိန်ပုကို နည်းနည်းပါးပါး ထိန်းထားစမ်းပါအုံးကွ…၊"

"ဒီထွန်းဝဆိုတဲ့အကောင်ကလည်း ဘယ်ချောင်မှာ သွားမူးနေ ဘယ်မသိဘူး…တောက်"

ထိုသို့ရုတ်ရုတ်သဲသဲတွေ ဖြစ်နေကြသည့် အချိန်မှာ အားလုံးက ဆီမဆိုင် ထွန်းဝကိုပင် ဆဲဆိုကြိမ်းမောင်းနေကြ၏။

သိပ်မကြာခင်အချိန်မှာပဲ…

ညကတဖြည်းဖြည်းနှင့် မရဏဆန်ဆန် မှောင်မဲတိတ်ဆိတ် ပြုလာသည်။ တဖျစ်ဖျစ်မြည်ကာ တဟုန်းဟုန်းတောက်လောင်နေ သော လက်ကိုင်မီးတုတ်၏ မီးလျှံများကြားတွင် စလူမြောင်ရွာသား များမှာ တစ်စုံတစ်ရာကို သံသယမျက်လုံးများဖြင့် ယုတ္တိဆန်ဆန် တွေတောနေသည့် အမူအရာတွေဖြစ်နေကြသည်။

"ဒေါ်စိန်ပု…ပြောသလို…ဒါဟာတကယ်ပဲ မကောင်းဆိုး ဝါး တစ်ကောင်,ကောင်က လှည့်ဖျားပြီးခေါ်သွားတယ်ဆိုတာ ဟုတ်ပဲဟုတ်နေခဲ့ပြီလား…၊ပြီးတော့ ရွှေအ ဖိုးငိုကိုကြည့်ရတာ ငေးငေး ငိုင်ငိုင်နဲ့ မျက်လုံးတွေကလည်း သိပ်ဂဏာမငြိမ်သလိုပဲ…။ ဟုတ်တယ်…၊ ရွှေအ ဖိုးငိုဟာ တစ္ဆေတစ်ကောင်ရဲ့ ဖျားယောင်းမှု နောက်ကို ကောက်ကောက်ပါသွားခဲ့ပြီထင်ပါရဲ့…"

"ငါ့အထင်ပြောရရင် ရွှေအ ဒီရွာကို ဘယ်တော့မှ ပြန်လာတော့မှာမဟုတ်တော့ဘူး…၊"

"ဟင်…"

ရုတ်တရက်ပြောလိုက်သော ကိုဖိုးငွေ၏စကားကြောင့် အတူ ဝိုင်းဖွဲ့ထိုင်နေကြသည့် ကိုတက်လူ၊ ကိုဝက်သိုးနှင့် အခြားရွာသားလေး ငါးယောက်တို့မှာ တအံ့တဩနှင့် ပါးစပ်အဟောင်းသားတွေ ဖြစ်ကုန် ၏။

"ဗျာ…ဘယ်လို ကိုဖိုးငွေ…။ ရွှေအ ဒီရွာကို ပြန်မလာနိုင်တော့ဘူးဟုတ်လား…"

"ဟုတ်တယ်…၊ မင်းတို့ပဲ စဉ်းစားကြည့်လေ၊ လိုက်ရှာတာလဲနေရာနှံ့နေပြီ။ တကယ်တမ်းသာ ဟောဒီရွာနားတစ်ဝိုက်မှာ ဒီကလေးရှိနေရင် ဘယ်နည်းနဲ့မဆို ဒီအချိန်တော့ပြန်ရောက်လာမှာပဲ…၊ အခုဟာက ညည့်တောင် အတော်နက်နေပြီဆိုတော့…ဒီကောင် သေရင်သေ…မသေရင်…"

"ဟာ…ကိုဖိုးငွေကလည်း မပြောကောင်း မဆိုကောင်း ဗျာ…၊ ဘယ့်နှယ်"

"အေးလေဗျာ…ခင်ဗျားစကားကြီးကလည်း…ဒေါ်ခလေးမသာကြားရင် စိတ်မကောင်းဖြစ်သွားပါအုံးမယ်…"

ကိုဝက်သိုးတို့အိမ်ပေါ်တွင် အခုအချိန်အထိ မပြန်နိုင်ကြသေးဘဲ စုပြုံဝိုင်းဖွဲ့ကာ စကားပြောနေကြသည်။ လူစုကြီးမှာ ရွှေအ ဖိုးငိုကြောင့် စိတ်သောကတွေရောက်နေကြသည့် အထဲ ကိုဖိုးငွေ၏စကားကြောင့် အားလုံးက ပိုပြီးဇလောင်ဆူကုန်ကြ၏။

"ငါက စိတ်မှန်းနဲ့တွေးပြီး ပြောတာပါကွာ…မင်းတို့ကလည်း…၊ ရွှေအ ဖိုးငိုဆိုတာလည်း တို့လက်ပေါ်ပဲ ကြီးခဲ့တဲ့ကလေးဆိုတော့…တကယ့်တကယ် ငါလည်းဘယ်ဖြစ်စေချင်မှာလဲ…မဟုတ်ဘူးလား…"

ကိုဖိုးငွေ၏စကားကို ကိုတက်လူတို့လူစုက နောက်ထပ်ကာတစ်ခွန်းမှထပ်မပြောတော့ဘဲ ဖာသိဖာသာနှင့် နေလိုက်ကြသည်။

ကိုဖိုးငွေမှာ စလူမြောင်ရွာဇာတိဖြစ်သော်လည်း သူ့အလုပ်က

ဆယ့်နှစ်ပွဲဈေးသည် ဖြစ်သည့်အလျောက် ရွာတွင်အနေကျဲပြီး အရပ် ဘကော လှည့်သွားနေရသူဖြစ်လေရာ ကိုတက်လူတို့လောက်ရွာအပေါ် ကို သံယောဇဉ်ရှိသူမဟုတ်။ အထူးသဖြင့် အခုလို သေသည်လား ရှင်သည်လားမသိ၊ ပျောက်ဆုံးနေသည့် ရွှေအ ဖိုးငို ကိစ္စကိုလည်း သူက ပေါ့ပေါ့တန်တန်ပင် သဘောထားပြီး ပြောဆိုနေသည်။

အရပ်တကာ နယ်တကာလှည့်ပြီးရောင်းသည့် ဈေးသည်ဟု ဆိုသောလဲ ကိုဖိုးငွေက အခြားတန်ဘိုးကြီးကုန် ပစ္စည်းတွေကို လှည့်လည်ရောင်းချသူမဟုတ်။ ရိုးမတောကြီးအတွင်းမှ ဆေးပင်၊ ဆေးမြစ်တွေကို ချိုးနှုတ်ပြီး သူ့ကိုယ်သူဆေးဆရာဟု အမည်တပ်ကာ နယ်တကာလှည့်ပြီး အာဝဇ္ဇန်းကောင်းကောင်းနှင့် ဖြီးဖြန်းလိမ်ညာနေသူ ပင်ဖြစ်၏။

ထို့နောက်ကိုဖိုးငွေက သူ့ပါးစပ်ထဲမှ ကွမ်းတစ်တွေးကို ကြမ်း ကြားမှ အောက်သို့ ထွေးချလိုက်ရင်း

"အေးလေ...ဘယ်တတ်နိုင်ပါ့မလဲ...လူ့ဘဝဟာ ကံ,ကံ ရဲ့အကြောင်းတရားတွေပဲ...၊ တို့ဗုဒ္ဓဘာသာတွေဟာ ရှေးဘဝက ပြု ခဲ့တဲ့ကုသိုလ်ကံကြောင့် ဒီဘဝမှာ ပေးဆပ်နေရတာပဲ။ အခုကြည့်လေ... ရွှေအ ဖိုးငိုတစ်ယောက် ဟိုအရင်ဘဝက ပြုခဲ့တဲ့ကံကြောင့် မွေးရာပါ မဟုတ်ဘဲ စကားတွေဆွံ့အသွားရတာ..."

ကိုဖိုးငွေကတော့ သူ့ဝါသနာအတိုင်း အာဝဇ္ဇန်းကောင်းကောင်း နှင့် ရေပက်မဝင်အောင်ပြောနေ၏။ ကိုတက်လူတို့ လူစုမှာလည်း အလိုလိုမှ ရွှေအ ဖိုးငိုအတွက် စိတ်မကောင်းတွေဖြစ်နေကြရသည့် အထဲ... အာဘောင်အာရင်းသန်သန်နှင့် ရောက်တတ်ရာရာတွေ

ပြောနေသော ကိုဖိုးငွေ၏စကားတွေကို စိတ်ပျက်လက်ပျက်နှင့်ပင် နားထောင်နေကြရသည်။

ထို့နောက် ကိုဖိုးငွေက သူ့စကားကိုဆက်ကာ...

"ပထမတော့...ငါလည်းဒီကလေးကို ဆေးလေးဝါးလေးနဲ့ စကားသံပြန်ထွက်အောင် ကုပေးမယ်စဉ်းစားပါသေးတယ်...၊ ခက်တာက အဲဒီဆေးနည်းတွေက နန်းတွင်းပရပိုက်တွေထဲမှာမှ ရှိတာဆိုတော့ ငါလည်းမတတ်သာတော့ဘူး..."

"ဟင်...ရွှေအ ဖိုးငိုလိုစကားမပြောတတ်တာက ကုရင် ပျောက်နိုင်တယ် ဟုတ်လား ကိုဖိုးငွေ"

"ဟုတ်တယ် အဲဒီလို မွေးရာပါမဟုတ်တဲ့ဆွံ့အသူတွေကို ကုသတဲ့ ဆေးနည်းတွေက ဟိုးရှေးပဝေသဏီကတည်းက နန်းတွင်း ပရပိုက်တွေထဲမှာရှိခဲ့တယ်..."

ကိုဖိုးငွေ၏စကားကြောင့် ပျောက်ခြင်းမလှပျောက်နေသည့် ရွှေအ ဖိုးငိုကို အားလုံးက ပိုပြီးနှမျောတသနှင့် ဖြစ်နေကြရသည်။ သို့သော် ဈေးရောင်းသလို ဖြီးလုံးလိုမ့်လုံးတွေနှင့် တစ်ဖက်သားကို အယုံသွင်းပြီး ပြောတတ်သော ကိုဖိုးငွေ၏စကားကိုမူ ကိုတက်လူတို့ လူစုက တစက်ကလေးမှ အယုံအကြည်မရှိကြချေ...။

ထိုအချိန်မှာပင်...

"အူ...ဝူး...ဝူး..."

"ဝူး...ဝူး...အူး..."

ရွာထိပ်မှ ဆွဲဆွဲငင်ငင်ကြီး အူလိုက်သည့် ခွေးအူသံကြီး၏ နောက်တွင် တစ်ရွာလုံးရှိသမျှခွေးတွေ အကုန်လုံး သံရှည်ဆွဲပြီး အူလိုက်

ကြသည်မှာ ကျွတ်ကျွတ်ညံကုန်သည်။

ကိုတက်လူတို့ လူစုကြီးမှာလည်း ထိုအခါမှ ပတ်ဝန်းကျင်တစ်ခုလုံးကို သတိထားမိသွားပြီး အိမ်အပြင်ဖက်မှ အမှောင်ထုအတွင်းသို့ မျက်မှောင်ကျုံ့ပြီးလှမ်းကြည့်လိုက်မိသည်။ အပြင်ဖက်ဘွင်တော့ ကောင်းကင်ကြီးတစ်ခုလုံးမှာ လျှပ်စီးများ တဝင်းဝင်း လက်လျှက်ရှိနေပြီး မိုးသားရိပ်တို့က ရိုးမတောကြီးဖက်ဆီမှာ အလိတ်လိုက်မဲမှောင်ပြီးတက်လာ၏။

သိပ်မကြာလိုက် မိုးငွေ့ပါသည့်လေအေးတွေက လယ်ကွင်းတွေကိုဖြတ်ပြီး တသောသောတိုက်ခတ်လာသည်။ ထိုအခါမှ ကိုတက်လူတို့ ကာလသားတစ်သိုက်မှာ ရွှေအ ဖိုးငိုကို ပိုပြီးစိတ်ပူလာကြ၏။

ထိုစဉ် ကိုဖိုးငွေက သူ့ပါးစပ်ထဲမှ ကွမ်းတံတွေးကို အိမ်အောက်သို့ ထွေးချရန် အခင်းကြမ်းပြင်နှင့် သူ့မျက်နှာကို ကပ်လိုက်လေရာ ကြမ်းကြားမှ အိမ်ပေါ်သို့ ပြန်မော့ကြည့်နေသော မျက်လုံးနှစ်လုံးနှင့် ဘွားကနဲဆုံတွေ့လိုက်ရလေသည်။

"အား..."

ထိုမျက်လုံးတစ်စုံကတော့ တစ်နေကုန် ပျောက်ခြင်းမလှပျောက်ဆုံးနေသည့် ရွှေအ ဖိုးငို၏မျက်လုံးတစ်စုံပင်...။

●●●

## အခန်း(၁၂)

နောက်တစ်နေ့ မနက်တွင် ရွှေအ ဖိုးငို ပြန်ရောက်လာသည် ဆိုသောသတင်းက တစ်ရွာလုံးတစ်မုဟုတ်ခြင်း ပျံ့နှံ့သွား၏။ ဒေါ်ခလေးမ မှာလည်း သူ့သားဖိုးငို ပြန်ရောက်လာသည်နှင့် ဝမ်းနည်းဝမ်းသာဖြစ်ကာ ရွှေအ၏ကျောပြင်ကို ထုထုပြီးငိုလေသည်။

ရွာဦးကျောင်းမှ ဆရာတော်ဦးစန္ဒိမာလာ၏ညီ ကိုရင်ပန်းခွေး မှာလည်း ဒေါ်ခလေးမ တို့သားအမိကိုကြည့်ကာ…

"တော်သေးတာပေါ့ ခလေးမရယ် ငါ့ဖြင့် စိတ်ပူလိုက်ရတာ တစ်ညလုံးကောင်းကောင်းကို အိပ်မရပါဘူး…ဒီကြားထဲ ဟိုကောင် ဖိုးငွေတစ်ယောက် ပေါက်ပန်းလေးဆယ်ပြော ကလေးအတွက် ပိုပြီးစိုးရိမ်သွားရတယ်"

အချို့ရွာသားများမှာလည်း ရွှေအ ဖိုးငိုကို မျက်ဝါးထင်ထင် ပြန်တွေ့ရပြီဖြစ်သော်လည်း မယုံတစ်ဝက်ယုံတစ်ဝက်တွေနှင့် ဖြစ်နေကြ သည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း ရွှေအ ဖိုးငိုတစ်ယောက် နတ်ဖမ်း သလိုလို တစ္ဆေပဲဖမ်းစားခံရသလိုနှင့် အချိန်တော်တော်ကြာကြာ ပျောက်ဆုံးနေခဲ့ခြင်းကြောင့်ပင်ဖြစ်၏။

ထိုအထဲမှ မြမေတို့ သန်းရင်တို့ အပျိုတစ်သိုက်က…

"ဟဲ့…ရွှေအ ကိုကြည့်ရတာ တစ်မျိုးပဲ…၊ ဟိုအရင်ကလို သွက်သွက်လက်လက်မရှိတော့သလိုပဲဟ….၊ ပြီးတော့ သူ့မျက်လုံးတွေကလည်း တစ်ခုခုကို ကြောင်နေသလိုနဲ့၊ ကြောင်တိကြောင်တောင်ဖြစ်နေပုံပဲ…၊"

"အေး…ဟုတ်တယ်၊ ငါလည်း အဲဒါကိုသတိထားမိနေတာ ခါတိုင်းဆိုရင် ရွှေအ က,စကားသာမပြောတတ်တာ ပြုံးရွှင်ရွှင်နဲ့ အမြဲနေတတ်တာ တစ်ရွာလုံးအသိပဲ…အခုမှ ဘာဖြစ်လာတယ်မသိပါဘူး"

ရွှေအ ဖိုးငို၏ ပြောင်းလဲနေသော အမူအရာတွေကို ကြည့်ကာ မြမေတို့အုပ်စုက တီးတိုးပြောဆိုနေကြ၏။ ထိုအချိန်မှာပင် ရွှေအ ဖိုးငို၏အမေ ဒေါ်ခလေးမက…

"ဟဲ့…ဖိုးငို ငါ့ကိုသေချာကြည့်စမ်း…၊ နင်တစ်နေ့လုံး တစ်ညလုံး ထမင်းမစားဘာမစားနဲ့ ဘယ်တွေလျှောက်သွားနေတာ လဲ…၊"

ထိုအမေးကို ရွှေအက ခေါင်းကိုသာ အတွင်တွင် ခါပြနေသည်။ ပြီးတော့သူ့မျက်လုံးတွေက အေးစက်စက် မာကြောကြောနှင့် ဖြစ်နေ၏။

"ဟဲ့…မေးနေတာ…ဖြေလေ…၊ ငါတယ်လုပ်လိုက်ရ"

ဒေါ်ခလေးမ၏ လေသံက တဖြည်းဖြည်းနှင့် ဒေါသသံတွေ ပါလာပြီး လက်နှင့်ရိုက်ဖို့ရွယ်လိုက်သည်။ ထိုအခါမှ ဘေးမှာရပ်ကြည့် နေကြသည့် ရွာသားများအားလုံးမှာလည်း ရွှေအဖက်မှ ကာဆီးကာဆီး တွေနှင့်…

"မလုပ်ပါနဲ့… ဒေါ်ခလေးမရယ် သူ့ခမျာ ဘာတွေဖြစ်လာခဲ့လို့ ထိတ်ထိတ်ပြာပြာတွေ ဖြစ်နေလဲမှမသိတာ…"

"အေးလေ…ဟုတ်ပါရဲ့ …သူ့ကိုကြည့်ရတာ ငေးငေးငိုင်ငိုင်နဲ့ မျက်လုံးတွေကလည်း မှုမမှန်သလိုဘဲ…ကြောင်တောင်တောင်နဲ့…"

အားလုံးက ထင်ရာမြင်ရာတွေကို တစ်ယောက်တစ်ပေါက်နှင့် ဝင်ပြောကြပြန်သည်။ ဦးကာလုမိန်းမ ဒေါ်ပြားက…

"ဟဲ့…မိခလေးရဲ့ ညဦးသားက အပ,တွေဘာတွေများမိလာသလားမှ မသိတာ၊ နည်းနည်းပါးပါးလည်း သတိထားပြီး ကြည့်ပါအုံးဟ…"

ရွှေအ ကတော့ ဘာစကားကိုမှ မကြားတော့သလိုလို သူ့မျက်လုံးတွေက အေးစက်စက်နှင့် လက်သည်းစတွေကို တစ်ထောက်ထောက်ကိုက်ဖြတ်နေ၏။

ထိုအခါမှ အားလုံး၏ စိတ်ထဲတွင် ရွှေအ ဖိုးငိုကိုကြည့်ပြီး စိတ်ကမသိုးမသန့်တွေဖြစ်ကုန်ကြသည်။ သူတို့ထင်ထားသလို ခြေတစ်ဖက်ထောက်နာနာဘာဝကြီးက ဒီတစ်ခါတော့ ရွှေအ ဖိုးငိုကို ဝင်ပြီး ပူးကပ်နေပြီလားဆိုသည့် အတွေးတွေက ချက်ချင်းပင်ခေါင်းထဲ ရောက်လာကြ၏။

"အို…ဒေါ်ပြားကလည်း… အပမှီဆို ဖိုးငိုမရှိတဲ့မနေ့ညက ကျုပ်တို့ ရွာမှာ ညဖက်ကြားနေရတဲ့ အသံကြီးကို ဘယ်မှာကြားရတော့လို့လဲ…"

နှုတ်ခမ်းတလန် ပန်းတလန်နှင့် မျက်စောင်းချီပင့်ပြီးပြောနေ

သည့် ဒေါက်တာတုတ်ဆိုသူ မိန်းမကြီး၏ အမူအရာက ဘယ်သူမှသတိ ထားသေးသည့် ကိစ္စတစ်ခုကို သူက ဦးအောင်သိနှင့်ထားသည်ဆို သောမျက်နှာနှင့် ဝင်ပြောလိုက်၏။

ထိုအချိန်မှာပင် ကိုရင်ပန်းခွေးက တစ်ချိန်လုံး ငြိမ်နေရာမှ…

"ဒီမှာ ဒေါ်ပြားနဲ့ ဒေါက်တာတုတ် ခင်ဗျားတို့ဆီကကြားလိုက်ရ တဲ့ အဲဒီ နာနာဘာဝတို့ သရဲ တစ္ဆေတို့ဆိုတဲ့ မရေမရာ မဟုတ်မဟတ် စကားတွေပဲကြားနေရတယ်။ ဒီမှာ ကျုပ်ပြောမယ် ရွှေအ အခုဖြစ်နေတာ က သူ့ဟာသူနေမကောင်းလို့လည်း ဖြစ်ချင်ဖြစ်မယ်…။ တစ်နေ့လုံး တစ်ညလုံးသွားလာခဲ့ရလို့ ပင်ပင်ပန်းပန်း ဖြစ်ချင်လည်းဖြစ်နေမယ်။ ပေါက်ပန်းလေးဆယ်စကားတွေ လျှောက်ပြောမနေကြနဲ့…။"

ချက်ခင်းဆိုသလို ကိုရင်ပန်းခွေး၏စကားကြောင့် ဒေါ်ခလေးမ တို့အိမ်ရှေ့ ခြံဝင်းထဲမှ လူအုပ်ကြီးမှာ စကားသံတွေတိတ်ပြီး ငြိမ်ကျသွား ၏။

မုဆိုးကြီးဦးကာလုက ထိုအခါမှ…

"ဟုတ်သားပဲ…နင်တို့တွေက တဆိတ်ရှိ အဲဒီသရဲ တစ္ဆေတို့ နာနာဘာဝတို့ကိုပဲ စွပ်စွဲနေကြတာကို အခုရွှေအ ဖိုးငိုငေးငိုင်နေရတာ ကိုရင်ပန်းခွေးပြောသလို ဖြစ်နိုင်တယ်။ ပြီးတော့ နင်တို့ အခုတလော ပြောပြောနေတဲ့ ခြေတစ်ဖက်ထောက်ကောင်ကြီးဆိုတာကို မကြာခင်မှာ အဖြူအမဲ သဲကွဲအောင်ငါလက်ဆုပ်လက်ကိုင်ပြမယ်…ကြည့်နေ…"

ထိုစကားကြောင့် ကိုရင်ပန်းခွေးကော အခြားရွာသားများကပါ မုဆိုးကြီး ဦးကာလုကို လှမ်းကြည့်လိုက်ကြ၏။ ဦးကာလုကတော့ သူထောင်ထားသည့် သုတ်ကိုင်းကြိုးတွင် မိနေလောက်ပြီဖြစ်သည့်

ခြေတစ်ချောင်းထောက်ကောင်ကြီးကို အားလုံးအမြင်ရှင်းသွားအောင် ဝိုင်ဝိုင်နိုင်နိုင် ပြချင်နေမိ၏။

ထိုအချိန်မှာပင် ရွှေအ၏မျက်လုံးတွေက ရိုးမတောကြီးရှိရာ ဆီသို့ ငေးငေးရီရီနှင့် လှမ်းကြည့်နေ၏။ ပြီးတော့ သူ့အတွေးအာရုံတွေက သူမြင်တွေ့ခဲ့ရသည့် အဖြစ်အပျက်တွေကို ပြန်ပြီးမြင်ယောင်နေသလို တခြားဘာကိုမှ ဂရုမစိုက်တော့ပဲ အေးစက်စက်နှင့်ဖြစ်နေတော့သည်။

နောက်တစ်နေ့နံနက်တွင် မုဆိုးကြီးဦးကာလုမှာ ရိုးမတောကြီး အတွင်း ဝင်ကာ သူထောင်ထားသည့် သုတ်ကိုင်း၏အခြေအနေကို တစေ့တစောင်းသွားကြည့်လေသည်။ သို့သော် သူထောင်ထားခဲ့သည့် သုတ်ကိုင်းမှာ စပြီးထောင်ခဲ့တုန်းကလိုပင် ဘာတစ်ခုမှ ခြေရာလက်ရာ မပျက်သေး။ သုတ်ကိုင်းကွင်းမှာလည်း မူလအတိုင်းပင် ဘာမှ ပြောင်း လဲခြင်းမရှိ အားလုံးပကတိအတိုင်းပင်…။ ကြာတော့ ဦးကာလု ခေါင်းကို အကြိမ်ကြိမ်ကုတ်ပြီးစဉ်းစား၏။

"တောက်…ဒီတစ်ခါတော့ အတော့်ကိုထူးဆန်းနေပြီ။ ဒီတော,ဒီတောင်မှာတောကောင်တွေပဲမရှိတော့ကြရော့သလား။ ငါ ထောင်တဲ့သုတ်ကိုင်းက ဘာမဟုတ်တဲ့တောကြက်နဲ့ရှဉ့် လောက်တောင် မမိဘဲဖြစ်နေပုံက အံ့သြစရာပဲ…"

"ထိုအတွေးနှင့်အတူ ဦးကာလုမှာ မြေပြင်မှ ခြေရာလက်ရာ နှင့် သစ်ပင်သစ်ကိုင်းတို့၏ ထူးခြားချက်တွေကို အသေးစိတ်လိုက်ပြီး ကြည့်၏။ မြေပြင်မှာ သစ်ခက်သစ်ရွက်တို့နှင့် ဖုံးအုပ်ခဲ့သော သုတ်ကိုင်း ကွင်း၏အနေအထားကိုလည်း မကျေမနပ်နှင့် အကြိမ်ကြိမ် အခါခါ

ပြန်ပြီး စစ်ဆေးကြည့်သည်။ အားလုံးက ဘာအပြစ်အနာအဆာ ချွတ်ယွင်းချက်မှမရှိ…။

"ကေန္တ…ဒီနေရာတဝိုက်မှာ ဟိုခြေတစ်ချောင်းထောက်နဲ့ ကောင်ကြီး ကျက်စားနေလို့ အခြားတောရဲတိရိစ္ဆာန်တွေ မလာရဲကြတာပဲ ဖြစ်မယ်။"

ထိုအတွေးနှင့်အတူ ဦးကာလုက ရွာသားတွေအခုတစ်လော ပြောပြောနေကြသည့် ခြေတစ်ချောင်းထောက်နှင့်နာနာဘာဝကြီးကို မျက်လုံးထဲမှာပြေးပြီးမြင်လိုက်မိ၏။ ထိုအခါမှ ဦးကာလုမှာ အကြောအချဉ် တွေကပဲ အေးစိမ့်လာသလိုလို ခြေဖျား၊ လက်ဖျားတွေကပဲ တောင့် တင်းလာသလို မဖြစ်စဖူးသွေ့ရင်တွေက တထိတ်ထိတ်နှင့် ဖြစ်လာ၏။ ထိုအချိန်မှာပင်…

"ကွီး…ကွီး…ကွီး…ကွီး…"

ဦးကာလုနှင့် မလှမ်းမကမ်းရှိ သစ်ပင်မြင့်မြင့်ကြီးများပေါ်မှ အာခေါင်ကို ခြစ်ပြီး အော်လိုက်ကြသည့် မျောက်အော်သံတွေကို ဆူဆူ ညံညံကြားလိုက်ရသည်။

ထိုမျောက်အော်သံတွေမှာ တစ်စုံတရာကို မြင်ပြီးအလန့်တ ကြားနှင့် အော်ဟာစ်နေမှန်း သိလိုက်၏။ ထိုအခါမှ ဦးကာလုမှာ ပုခုံး ပေါ်မှာ ချိတ်လွယ်ထားသော ဒူးလေးကြီးကိုဖြုတ်ကာ လက်ထဲတွင် အသင့်အနေအထားနှင့် ကိုင်ထား၏။ ပြီးတော့ ထိုအော်သံတွေကြားရာ ဆီသို့ နားစွင့်နေရင်း သစ်ပင်ကြီးတစ်ပင်၏ အမြစ်ဆုံကိုမှီကာ အာကာ အကွယ်ယူပြီး စောင့်ကြည့်နေလိုက်သည်။

"ဒီကောင်ကြီးဟာ ဘယ်လိုပုံစံမျိုးနဲ့ငါ့ဆီကိုရောက်လာမှာ

လဲ…တက်လူပြောပုံအရဆိုရင် ခြေတစ်ချောင်းတည်း ခုန်ပေါက်ပြေး သွားတာဟာ အရမ်းမြန်တယ်ဆိုပဲ…"

သူ့အတွေးထဲတွင်လည်း ဒီတစ်ခါတော့ တစ်ရွာလုံး သွေးပျက် မတတ်ထိတ်လန့်နေသည့် ခြေတစ်ချောင်းထောက် နာနာဘာဝကြီးကို ဘယ်နည်းနှင့်မဆို သူကိုယ်တိုင်မြင်တွေ့ခွင့်ရမည်ဟု ထင်နေ၏။

ထိုအချိန်မှာပင် ကောင်းကင်ကြီးတစ်ခုလုံးမှာ မိုးသားမိုးရိပ် တွေက မည်းမည်းညို့ညို့နှင့် တက်လာသည်။ လျှပ်စီးမိုးကြိုးတွေ ကလည်း ဝင်းကနဲ လက်ကနဲနှင့် ကျယ်ကျယ်လောင်လောင် ထစ်ခြုန်း နေရာ မြေပြင်တစ်ခုလုံး သိမ့်သိမ့်တုန်ခါနေ၏။

"ဝုန်း…ဂျိမ်း…"

မကြာမီ မိုးခြိမ်းသံတွေနှင့်အတူ လေကောမိုးကော တသော သောနှင့်ကျလာ၏။ ဦးကာလုမှာလည်း ထိုအချိန်အထိ သစ်မြစ်ဆုံကြီးမှာ ခန္ဓာကိုယ်ကို မှီထားရင်းအသံလာရာကို ဆက်ပြီးချောင်းမြောင်းနေတုန်း ပင်ဖြစ်သည်။

သူနှင့်လေးငါးဆယ်ကိုက်သာသာဝေးသော ဥတိုချောင်းမှ တောင်ကျရေတွေက အရှိန်အဟုန်ဖြင့် ဝုန်းဒိုင်းကျဲပြီး စီးဆင်းနေကြ သည်။ ရေစီးအတိုင်းမျောပါလာသော တောကြီးထဲမှ သစ်ကိုင်း၊ သစ် ခက်တွေက ကွေးကောင်နေသော ချောင်းကမ်းပါးတစ်လျှောက် မြေသား တွေကို ထိုးကော်တိုက်စားပြစ်ကုန်သည်။

မုဆိုးကြီးဦးကာလုမှာ မျက်နှာပေါ်သို့ တစ်ဖျန်းဖျန်းစီးကျလာ သော မိုးရေစက်တွေကို လက်ဖြင့်မိုးကာရင်း စောစောက မျောက်အုပ် ရှိရာ သစ်ပင်များဆီသို့ လှမ်းကြည့်လိုက်သည်။ ထိုနေရာမှာ တစီစီ

ည့်ည့် အော်နေသော မျောက်အုပ်မှာ သစ်ပင်မြင့်မြင့်ကြီးများ၏အကိုင်း ကိုကို ဖက်မှီတွယ်ထားရင်း တိတ်ဆိတ်ငြိမ်သက်သွားကြ၏။

အချိန်တွေကြာလာသည်နှင့်အမျှ ဦးကာလု၏တစ်ကိုယ်လုံးမှာ သည်း မိုးရေတွေရွှဲရွှဲစိုလျက် ခိုက်ခိုက်ပင်တုန်လာသည်။ သူချောင်း မြောင်းနေသည့် ခြေတစ်ဖက်ထောက်ကောင်ကြီးမှာလဲ အခုအချိန် အထိအရိပ်အယောင်ပင် မတွေ့ရသောအခါ စိတ်ပျက်လက်ပျက်နှင့် ဖြစ်လာသည်။ ထို့နောက် သူထောင်ထားသည့် သုတ်ကိုင်းကို ခြေရာ လက်ရာမပျက်အောင် ပြန်ပြင်ဆင်ရင်း ကျိုက်မနိုင်ခဲမရနှင့် ရွာသို့ပြန်လာ ခဲ့တော့သည်။

နောက်တစ်နေ့ ဦးကာလု ရိုးမတောကြီးအတွင်းသို့ ရောက် သောအခါ ဥတိုချောင်းအထက်မှ ဝါးပိုးဝါးရုံတွေကြားမှာ ရိပ်ခနဲ မ်းတွေ့လိုက်ရသည့် လူရိပ်သဏ္ဍာန်ကြောင့် ခေါင်းနပန်းတွေ ချက်ချင်း ကြီးသွား၏။

"ဟင်…"

ထိုလူရိပ်သဏ္ဍာန်မှာ ဘယ်သူဘယ်ဝါမှန်း ထင်ထင်ရှားရှား မြင်လိုက်ရဘဲ ဦးကာလုထောင်ထားသည့် သုတ်ကိုင်းရှိရာဖက်သို့ ဘာတိုးပြေးဝင်သွားလေသည်။

ထိုအချိန်မှာပင် ဦးကာလုမှာ မြွားအိမ်မှ မြွားတစ်စင်းကိုဒူး လေး၏လေးညှို့မှာ တပ်ဆင်လိုက်၏။ ထို့နောက် ခြေသံလုံနိုင်သမျှ အောင် နင်းရင်း သုတ်ကိုင်းထောင်ထားရာ နေရာဆီသို့ဖြည်းဖြည်း ချင်းတိုးကပ်သွားသည်။

သူခြေလှမ်းတွေက လေးငါးဆယ်လှမ်းမျှပင် မလှမ်းရသေးခင်

ဆောဆော က လူရိပ်သဏ္ဍာန်ကို ထင်းထင်းကြီး မြင်လိုက်ရလေသည်။

"ဟင်…ဖိုးငို…"

ရိုးမတောကြီးအတွင်း မထင်မှတ်ဘဲ တွေ့လိုက်ရသည့် ရွှေအဖိုးငိုကြောင့် ဦးကာလုမှာ အံ့သြတကြီးနှင့် ဖြစ်သွားပြီး ပါးစပ်ကယောင်ယမ်းအော်မိလိုက်သည်။ ရွှေအ ဖိုးငိုမှာလည်း ထိုအသံကြောင့်ခြေလှမ်းတွေကို တုန့်ခနဲရပ်ကာ နောက်သို့လှည့်ကြည့်လိုက်၏။

"ဟာ…ဟော့…ဟော့ကောင်ရွှေအ …မင်းဘယ်က ဘယ်လိုဒီတောထဲရောက်လာရတာလဲ…"

တစ်ချိန်ထဲမှာပင် သူထောင်ထားသည့် သုတ်ကိုင်းကြီးကထိုနေရာမှာ ရှိနေ၍ရွှေအ ဖိုးငိုကို ပိုပြီးစိုးရိမ် သွားမိသည်။ ရွှေအဖိုးငိုကတော့ ဦးကာလုကို မြင်လိုက်သည်နှင့် ခေါင်းတခါခါ လည်တခါခါနှင့်…

"အ…အ…ဥ…ဥ…"

ထို့နောက် ဦးကာလုမှာ ရွှေအ ဖိုးငိုကို လက်ဆွဲလျက်ပြန်ခေါ်လာကာ သုတ်ကိုင်းကြီးထောင်ထားရာနေရာဆီသို့ သွားပြီးကြည့်လေသည်။ ထိုနေရာသို့ ရောက်သောအခါ သူထောင်ထားသည့် သုတ်ကိုင်းကြီးက သတ္တဝါတစ်ကောင်ကိုက်ဖြတ်ထားသလိုမျိုး အနားစတွေဖွာလန်ကျဲပြီး ခြေရာလက်ရာပျက်နေသည်ကို တွေ့လိုက်ရသည်။

"ဟင်…"

ဦးကာလုမှာ ထိုမြင်ကွင်းကြောင့် အချိန်တော်တော်ကြာအောင်ပင် မှင်သက်နေမိလေသည်။ သူ့အတွေးအာရုံထဲမှာလည်း ထိုအဖြစ်အပျက်ကို ဘယ်လိုမှ မယုံကြည်နိုင်လောက်အောင်ဖြစ်သွား၏။ ထို့နောက်အနား

ပေါ်ထွက်နေသည့် သုတ်ကိုင်းကြိုးကိုကိုင်ကာ…

"ဒီလောက် သစ်စေး၊ သစ်ခေါက်တွေနဲ့ အထပ်ထပ်ပွတ်တိုက်ထားတဲ့ ကြိုးကိုမှ ပြတ်အောင် ကိုက်ဖြတ်နိုင်တဲ့ သတ္တဝါဟာ ဘယ်ရုံတန်ရုံတော့ မဟုတ်တာသေချာနေပြီ။ ဒါဟာ ဟိုခြေတစ်ဖက်သောက်ကောင်ကြီးပဲဖြစ်နေမလား…"

ဦးကာလု၏ တစ်သက်တာတွင် ဒီတစ်ခါသုတ်ကိုင်းထောင်သလောက် ဦးနှောက်ခြောက်တာ အဖြစ်ဆန်းတာ တစ်ခါမှ မကြုံဘူး။ ထို့ကြောင့် စိတ်ထဲစနိုးစနောင့်ဖြစ်သွားသလို ခြေတစ်ဖက်ထောက်ကောင်ကြီးကိုလည်း တစ်ကြိမ်တစ်ခါမှမမြင်ဖူးပါဘဲနှင့် ကြောက်စိတ်ဝင်လာမိ၏။

ထိုအချိန်မှာပင် ဦးကာလု၏ တစ်ကိုယ်လုံးမှာ ကြက်သီးမွေးညင်းတွေ တဖျန်းဖျန်းထသွားပြီး အနီးပတ်ဝန်းကျင် တစ်ခုလုံးကို သွေးပျက်ထိတ်လန့်စွာ လှည့်ပတ်ကြည့်လိုက်သည်။

ပတ်ဝန်းကျင် တစ်ခုလုံးမှတော့ ပုဇွန်ဆီရောင် မိုးသားကောင်းကင်ကြီးတစ်ခုလုံးက အမှောင်ထုအောက်သို့ တဖြည်းဖြည်း တိုးဝင်စပြုလာပြီဖြစ်သည်။

●●●

## အခန်း(၁၃)

ဒီနေ့နှင့်ပါဆိုလျှင် ဦးကာလု တစ်ယောက်ရိုးမတောကြီးအတွင်းသို့ အမဲလိုက်မထွက်သည်မှာ လေးငါးခြောက်ရက်ထက်ပင်မနည်း ရှိနေပြီဖြစ်သည်။ ထိုသို့ တောပစ်မထွက်ခြင်းက ဦးကာလုတို့မိသားစု အတွက်စားဝတ်နေရေး အခက်ကြုံရခြင်းပင်။ သူတို့မိသားစု အခက်ကြုံလျှင် ရွာသူရွာသားတွေမှာလည်း အနည်းနှင့်အများတော့ အူခြောက်လာ၏။ တစ်ရွာလုံးက ဦးကာလုထံ ဆီပေး၊ ဆန်ပေးနှင့် လဲလှယ်ပြီး စားနေရသော အသားစို၊ အသားခြောက်တွေက ပြတ်လာကုန်သည်။

ထို့ကြောင့် မုဆိုးကြီးဦးကာလုကို တောတက်ရန် တိုက်တွန်းကြသူတွေမှာ သူ့မိန်းမဒေါ်ပြားသာမက စလူမြောင်ရွာမှ မြင်သမျှတွေ့သမျှ လူအကုန်လုံးပင် တိုက်တွန်းပြောဆိုကြလေသည်။

တကယ်တော့ ဦးကာလု ရိုးမတောကြီးအတွင်းသို့ အခုတလောမဝင်ဖြစ်ခြင်းမှာ ဘာအကြောင်းပြချက်မှ ခိုင်ခိုင်လုံလုံရှိသည်မဟုတ်။ ပြီးခဲ့သည့် ရက်က သူထောင်ထားသည့် သုတ်ကိုင်းကြီးကို ပြတ်အောင်ကိုက်ဖြတ်လိုက်သည့် ခြေတစ်ချောင်း ထောက်မိစွာ ကောင်ကြီးနှင့် ရင်ဆိုင်ရန်သွေးပျက်နေခြင်းပင်ဖြစ်သည်။

မိန်းမဖြစ်သူဒေါ်ပြားကတော့ ဦးကာလုကို တဗျစ်တောက်တောက်နှင့်

"ဒီမယ်…ကိုကာလု ရှင်က အခုတလော တောမတက်ဘဲ အိမ်မှာအခန့်သား နေရအောင် ရှင်ကဘယ်လောက်ချမ်းသာနေလို့လဲ၊ ကျုပ်ကိုပြောစမ်းပါအုံး၊ ဒီမှာ ဆန်အိုးထဲမလည်း ဆန်မရှိတော့ဘူးရှင့်၊ သိရဲ့လား…"

"ငါ…ငါ သွားမှာပါဟ အခုတစ်လော ကိုယ်တွေလက်တွေက နည်းနည်းကိုက်ချင်သလို ဖြစ်နေလို့ပါ"

ဦးကာလု၏ဆင်ခြေက ဘာမှရေရေရာရာမရှိ…။ သူ့ဝါးစပ်ထဲရှိရာကိုသာ ပြောလိုက်ခြင်းဖြစ်၏။ ထို့နောက် ဒေါ်ပြားက ဦးကာလုကို ခနဲ့သည့်လေသံဖြင့်…

"အခုလောက်ဆို ရှင်ထောင်ထားတဲ့သုတ်ကိုင်းမှာ ခြေတစ်ချောင်းနဲ့ နာနာဘာဝကြီးမမိရှင်တောင် ဖွတ်တို့ ကြောင်တို့ မိနေလောက်ပြီ…၊ နည်းနည်းပါးပါးသွားကြည့်ပါအုံး…"

ဦးကာလုကတော့ ဘာစကားမှ ထပ်မပြောဘဲ သတ်ဖြင်းကိုသာအကြိမ်ကြိမ် ချနေတော့သည်။ တစ်ချိန်တည်းမှာပဲ ပြီးခဲ့သည့်ရက်က ကိုင်းကြိုးအသစ်နှင့် ပြန်ပြီးထောင်ခဲ့သည့် သုတ်ကိုင်းမှာဘယ်လိုပုံစံမျိုးနှင့် ထပ်ပြီးပျက်စီးနေအုံးမည်လဲ ဆိုသည်ကိုတွေးနေမိ၏။

တကယ်တော့ ဦးကာလုကိုယ်တိုင် တစ်ရွာလုံးပြောနေသည့် ခြေတစ်ချောင်းထောက်ကောင်ကြီးကို အခုအချိန်အထိ မျက်ဝါးထင်ထင် တွေ့ဘူး၊ မကြုံးဘူးသေးသော်လည်း…အလွန်တရာမှ မာကျောကျစ်လစ်သည့် သုတ်ကိုင်းကြိုးကို ဖြတ်တောက်ကိုက်သွားသည့်အတွက်

ထိုအရာကြီးကို စိတ်က အလိုလိုနေရင်း ကြောက်လန့်နေမိသည်။

ထို့နောက်ဦးကာလုမှာ ရွာသားသုံးလေးယောက်ကို အဖော်အဖြစ်ခေါ်လျက် ရိုးမတောကြီးအတွင်းသို့သုတ်ကိုင်းတွင်မိနေသည့်တောကောင်ကို ဝိုင်းဝန်းသယ်ပေးရန် တဖက်လှည့်နှင့် ပြောဆိုပြီးခေါ်ရလေသည်။ သည်လိုနှင့် ဦးကာလုအပါအဝင် အဖော်ရွာသားသုံးလေးဦးတို့မှာ နောက်တစ်နေ့နံနက် ဝေလီဝေလင်းအချိန်တွင် လေး၊ မြှား၊ လက်နက်တို့ကို ကိုင်ဆောင်လျက် ရိုးမတောကြီးအတွင်းတိတ်တဆိတ်ဝင်ရောက်လေတော့သည်။

အချိန်က နံနက်ဝေလီဝေလင်းဟုဆိုသောလည်း အရပ်ရှစ်မျက်နှာစလုံးမှာ မိုးသားမိုးရိပ်တို့ကြောင့် အုံ့ဆိုင်းမဲမှောင်လျက်ရှိနေသည်။

"ဗျို့... ဦးကာလု၊ ခင်ဗျားထောင်တဲ့ သုတ်ကိုင်းက ဟိုခြေတစ်ဖက်နဲ့ကောင်ကြီး သောင်းကျန်းနေတဲ့ ဝါးပိုးဝါးတောကြီးဖက်မှာဆို..."

"အေး...ဟုတ်တယ်...၊ ဒါပေမယ့် အလားကားပါကွာ လူတွေက ဂျပိုးကိုလိပ်ဖြစ်အောင်ပြောနေကြတာပါ၊ တကယ်တော့ နာနာဘာဝဆိုတာ ကိုယ်က ကံနိမ့်နေမှမြင်ရတာ..."

ဦးကာလုစကားကြောင့် သူနှင့်အတူလိုက်ပါလာကြသည့် ရွာသားများမှာ ဘာတစ်ခွန်းမှထပ်ပြီးမမေးကြတော့ဘဲ တောလမ်းအတိုင်းဆက်ပြီးလျှောက်လာကြသည်။ သူတို့အဖွဲ့ ဥတိုချောင်းနားသို့ အရောက်တွင်မိုးကတဖွဲဖွဲကျလာ၏။

တခါတရံ လေတိုးသံက တောကြီးတစ်ခုလုံးမှာရှိသည့် သစ်ပင်၊ ဝါးပင်တွေကို ဆွဲခါဆွဲနှုတ်နေသလို ဟီးဟီးထ အော်မြည်လျက်ရှိ၏။

"စွပ်…စွပ်…စွပ်…"

ရွှံ့ညွှန်တွေကြောင့် မြေသားတွေက ခပ်ပျော့ပျော့ဖြစ်နေလေရာ ဦးကာလုနှင့်အတူ လိုက်ပါလာကြသည့် ရွာသားများမှာ တစွပ်စွပ်နှင့် ရွှံ့ထဲကို နင်းမိနေ၏။ ထို့ကြောင့်လည်းရွာနှင့် မိုင်ဝက်သာသာဝေးသော ရိုးမတောကြီးဆီသို့ အချိန်ကြာမြင့်စွာ လျှောက်နေကြရသည်။

စိတ်ကိုမောင်းတင်ပြီးသာ လျှောက်လာနေရသော်လည်း ဦးကာလု ၏မျက်လုံးတွေက ရိုးမတောကြီးအတွင်းသို့ စပြီးဝင်လာကတည်းက ဟိုဟိုဒီဒီကို ကျိုးကန်းတောင်းမှောက်နှင့် ကြည့်လာ၏။ ဒီတောဒီတောင်နှင့် အစိမ်းသက်သက်မဟုတ်သောလည်း သူ့ခြေလှမ်းတွေက ဒီတစ်ခါတော့ လေးလံလွန်းနေသည်။

"ဗျို့…ဦးကာလု ခင်ဗျားပြောတဲ့နေရာက မရောက်သေးဘူးလားဗျ…"

"ရောက်တော့မှာပါကွာ…ဟောဟိုရှေ့ ပျဉ်းမပင်မြင့်မြင့်ကြီးကိုကျော်ရင် ရောက်ပြီ"

ခြေထောက်ဗလာနှင့် ဆူးခြုံတွေကို ရှောင်ကာသတိထားပြီး နင်းနေရသဖြင့် ရွာသားများက စိတ်မရှည်သည့် လေသံတွေဖြစ်လာသည်။

ထိုအချိန်မှာပင်…

"ဒေါင်…ဒင်…"

"ဒေါင်…ဒင်…"

"ဒေါင်…ဒင်…"

"ဟင်…ဒါ…ဒါ နွားခလောက်မြည်နေတဲ့အသံပဲ… ဟုတ်

တယ်၊ သေချာတယ်၊ ငါထောင်ထားတဲ့ သုတ်ကိုင်းမှာ ဟို အကောင်ကြီး ကျိန်းသေမိနေပြီ…"

ဦးကာလု၏မျက်လုံးများမှာ သုတ်ကိုင်းကြိုးမှာ ချိတ်တွယ်ထားသည့် နွားခလောက်သံကြောင့် ချက်ချင်းဆိုသလို အရောင်လင်းလက်သွားပြီး ထိုနေရာသို့ မြန်မြန်ရောက်အောင် ခြေလှမ်းတွေကို အရှိန်မြှင့်လိုက်၏။ ထိုအခါမှ အတူလိုက်ပါလာသည့် ရွာသားများမှာလည်း မုဆိုးကြီး ဦးကာလု၏ လှုပ်ရှားမှုအတိုင်း ဘာမသိညာမသိနှင့် ခပ်သုတ်သုတ်လျှောက်လိုက်ကြ၏။

"ဒေါင်…ဒင်…"

"ဒေါင်…ဒင်…"

သေချာပါသည်။ အသံကတော့ တင်းတင်းကျပ်ကျပ်မိနေသည့် သုတ်ကိုင်းကြိုးကို ရှိသမျှအားအင်သုံးပြီး ရုန်းကန်နေသည့်အသံ…။

ဦးကာလု၏ ခြေလှမ်းတွေက မြန်နိုင်သမျှမြန်အောင် လျှောက်နေရသော်လဲ သူ့နှလုံးခုန်သံတွေက မကြာမီ မြင်ရတော့မည့် မြင်ကွင်းကြောင့် တဒိတ်ဒိတ်ပင်ခုန်လာသည်။

သူနှင့်အတူအဖော်ပါလာသည့် ရွာသားလေးဦးမှာလည်း ဦးကာလု ထောင်ထားသည့် ထောင်ချောက်တွင်မိနေပြီဖြစ်သော သားကောင်ကို စိတ်မှန်းနှင့် မှန်းကာ တစ်ယောက်နှင့် တစ်ယောက် တီးတိုးပင်ငြင်းခုန်နေကြသည်။

တဖြည်းဖြည်းနှင့် ဥတိုချောင်းဘေးမှ သဲပြင်ကိုကျော်လာသော အခါ ဦးကာလုပြောသည့် ပျဉ်းမပင်မြင့်မြင့်ကြီး အနားသို့ရောက်လာသည်။

ထိုပျဉ်းမပင် မြင့်မြင့်ကြီး၏ တစ်ဖက်တွင်တော့ ဦးကာလု၏ ဘက်ကိုင်းကြိုးထောင်ထားသည့် နေရာကို လှမ်းမြင်လိုက်ရသည်။

"ဟင်…"

"ဟာ…"

သူတို့အားလုံးမြင်လိုက်ရသည်က ရင်ဘတ်တစ်ခုလုံး သွေး ချင်းချင်းရဲပြီး ဟင်းလင်းပွင့်နေသည့် လူသေအလောင်းတစ်လောင်း…။

ထိုလူသေအလောင်း၏ မလှမ်းမကမ်းတွင်တော့ သုတ်ကိုင်း ကြိုးတွင် တန်းလန်းမိနေသော တောဝက်လားမသိ တုတ်တုတ်မျှမလှုပ် ဲ ခြင်ပြွန်းပင်တွေနားတွင် ကိုင်းကြိုးတန်းလန်းနှင့် ဖြစ်နေသည်။

"ဒီလူကတောထဲကို ဘယ်လိုရောက်လာပြီး သေနေရတာ ဲ…"

"ကြည့်ရတာ ဒီနေရာတဝိုက်က ဟိုအကောင်ကြီးသောင်း ာင်းနေတဲ့ နေရာဆိုတော့ မဟုတ်မှလွဲရော ဒီကောင်ကြီးရဲ့ လက်ချက် ပဲ ဘား…"

ဦးကာလုနှင့်အတူ ပါလာသည့်ရွာသားတွေက တစ်ယောက် ာင်ပေါက်နှင့် ထင်ကြေးတွေပြောဆိုနေကြသော်လည်း ဦးကာလု၏ မျက် လုံးတွေက သုတ်ကိုင်းကြိုးထောင်ထားသည့် အနီးမှ မြေပြင်တွင် ကဲ့လက်လဲကျနေသော အလောင်းကိုသာ အာရုံစိုက်ပြီးကြည့်နေမိ၏။

ထို့နောက် သူတို့အားလုံးမှာ လဲကျနေသော လူသေအလောင်း ကြီးနားသို့ တဖြည်းဖြည်းတိုးကပ်ပြီး သွားကြည့်လိုက်လေရာ…

"ဟင်…သူတောင်းစားကြီး…တင်ငွေ…"

"ဟာ… ချိုင်းထောက် တင်ငွေပါလား…"

ရင်ဘတ်တစ်ခုလုံး ဟင်းလင်းပွင့်လျက် သွေးအလိမ်းလိမ်းနှင့် သေဆုံးနေသော ခြေတစ်ဖက်ပြတ် သူတောင်းစားကြီး တင်ငွေကို အံ့သြတကြီးနှင့် တွေ့လိုက်ရလေသည်။ ထိုသူတောင်းစား တင်ငွေ နှင့် မလှမ်းမကမ်းတွင်လည်း သူ၏သစ်သားချိုင်းထောက်ကြီး တစ်ဖက်ကို တစ်စစီကျိုးပဲ့လျက် တွေ့လိုက်ရ၏။

ထိုအချိန်မှာပင်…

သူတို့အားလုံးကို ခပ်လှမ်းလှမ်းမှ မမိုတ်မသုန် စိုက်ကြည့်နေ သော လူမျက်နှာကြီးတစ်ခုကို တွေ့လိုက်ကြရလေသည်။ ထိုမျက်နှာ ကြီးမှာ နဖူးကကျယ်ပြီးပြောင်နေကာ မေးရိုးကောက်ကောက်နှင့်ဖြစ်၏ ဦးခေါင်း၏နောက်စေ့နေရာတွင်လည်း ပေါက်ချွန်းကဲ့သို့ ချွန်ထက်နေ သော အရိုးကြီးတစ်ခုကို တွေ့လိုက်ရသည်။

"ဟို…မှာလူ…လူ…၊ ဟင်…လူလည်းမဟုတ်ပါ လား…"

"ဘာ…ဘာ…ဘာကောင်ကြီးလဲ…"

ဦးကာလုတို့ လူစုမှာ ထိုလူမျက်နှာနှင့် အကောင်ကြီးကို တွေ့လိုက်သည်နှင့် နောက်သို့အလိုလို ဆုတ်မိလျက်သားတွေဖြစ်ကုန်၏

"ဒီအကောင်ကြီးကြောင့် ချိုင်းထောက် တင်ငွေ သေတာပဲ ဖြစ်မယ်"

"ဟုတ်မယ်ဗျို့…သူ့ခေါင်းနောက်က ပေါက်ချွန်းကြီးနဲ့ ရင် ဘတ်ကို ထိုးခွဲထားတာဖြစ်မယ်…"

ထိုအချန်အထိ သူတို့နှင့် မျက်လုံးချင်းဆုံပြီးကြည့်နေသော လူမျက်နှာနှင့်ကောင်ကြီးက ပြေးလည်းမပြေး၊ လှုပ်လည်းမလှုပ်၊ မျက်လုံး

မျက်ဆံကြောင်ကြီးတွေကသာ တစ်ဖျတ်ဖျတ်နှင့် လှုပ်ရှားနေသည်။

ထိုအချိန်မှာပင် သူတို့အားလုံး၏မျက်လုံးတွေက ထိုလူမျက်နှာနှင့်ကောင်ကြီး၏ အောက်ပိုင်းကို ကြည့်လိုက်ကြလေရာ...

"ဟာ..."

"အား...သ...သရဲ..."

"အဲဒါ ခြေ...ခြေထောက်တစ်ဖက်နဲ့ကောင်ကြီးဟော့...ပြေး...ပြေး..."

သူတို့မြင်နေရသည့် လူမျက်နှာနှင့်ကောင်ကြီး၏ အောက်ပိုင်းမှာ လူခြေထောက်တစ်ဖက်ရှိနေပြီး ထိုခြေထောက်တစ်ခုလုံးမှာ ဒူးဆစ်ရှိ၍ ခြေဖဝါး အနောက်လည်နေပြီး ဖနောင့်က အရှေ့ဖက်သို့ရောက်နေသည်။

"ပြေး...ပြေး..."

"အဲဒါမကောင်းဆိုးဝါးကြီး...ပြေး..."

ရွာသားများအားလုံးမှာ သွေးပျက်မတတ်အော်လိုက်ကြပြီး နောက်သို့လှည့်ကာ ပြေးမိပြေးရာကို အတင်းစွတ်ပြေးဖို့လုပ်ကြသည်။ ဆိုးကြီးဦးကာလမှာ ထိုအခါမှ မတ်တတ်ရပ်လျက်ကြီး ကြက်သေသေနေကာ ဘာလုပ်လို့လုပ်ရမှန်း မသိဖြစ်နေ၏။ ပြီးတော့သူ့တစ်သက်တာ ကာလပတ်လုံး တစ်ကြိမ်တစ်ခါမှ မြင်ဘူးခြင်းမရှိသော အကောင်ကြီးကိုကြည့်ကာ တစ်ကိုယ်လုံးတောင့်တင်းသွား၏။

"နေ...နေကြအုံး။...နေကြပါအုံး..."

ဦးကာလမှာ ရှန်းရင်းဆန်ခတ်နှင့် ဖြစ်ကုန်သော သူ့လူတွေကို

တားရင်း ပုခုံးပေါ်မှ ဒူးလေးကို မြှားဆံသွင်းပြီး ပစ်ခတ်နေရန်အသင့် ဖြင်လိုက်သည်။

ထိုအချိန်မှာပင် စောစောက သူတို့ကို အေးစက်စက်နှင့်စိုက် ကြည့်နေသော မကောင်းဆိုးဝါးကောင်ကြီးက သူ့လက်နှစ်ဖက်ကို အားယူပြီးလွဲကာ ရှေ့သို့ ခုန်ဆွခုန်ဆွနှင့် တိုးကပ်လာလေသည်။

ဦးကာလု၏ ဒူးလေးကိုင်ထားသော လက်တွေက ထိုအကောင်ကြီးကို ချိန်ထားရင်းနှင့်ပင် တဆတ်ဆတ်တုန်နေကာ ခြေထောက်တွေက လဲပြိုလုလုဖြစ်နေသည်။

"ပစ်…ပစ်…ဦးကာလု ပစ်…"

"ပစ်တော့လေ…ဦးကာလု ဘာလုပ်နေတာလဲ…"

"ဟာ…သေတော့မှာပဲ…"

တစ်ခဏအတွင်းမှာပင် အဝေးက လှမ်းအော်နေသည့် သူ လူတွေ၏ အသံတွေကဆူညံသွား၏။

ထိုအော်သံ၊ ဟစ်သံတွေကြားလိုက်သည်နှင့် ခြေတစ်ချောင်း ထောက်ကောင်ကြီးက နောက်သို့ ရုတ်တရက်ပြန်လှည့်ကာ ခုန်ပေါက်ပြီး ပြေးတော့သည်။

တစ်ချိန်ထဲမှာပင် ဦးကာလု၏ ဒူးလေးမှ မြှားတံတစ်စင်းက လည်း ထိုအကောင်ကြီး၏နောက်ကျောမှ လက်ပြင်နေရာကို ထုတ်ချင်း ခတ်စိုက်ဝင်သွားလေသည်။

"ရှီး…။ ဒုတ်…"

"ဂီး…ဂစ်…ဂစ်…၊ ဂီး…ဂီး…၊ ဂီး…"

မိစ္ဆာကောင်ကြီးမှာ ကြောက်မက်ဖွယ်ရာ အော်သံကြီးကိုအော်

ရင်း ရိုးမတောကြီးအတွင်းသို့ ခုန်ပေါက်ပြေးဝင်သွား၏။

ထိုအချိန်မှာပင် ဦးကာလုထံသို့ အပြေးအလွှား ရောက်လာကြသော အဖော်ရွာသားများမှ အထိတ်တလန့်မျက်နှာတွေနှင့်...

"ထိသွားပြီ...ထိသွားပြီ...ဗျို့..."

"ဒီကောင်ကြီး...မသေသေးရင်... ပြန်လှည့်လာလေ့အုံးမယ်ဟေ့...သိပ်အတင့်မရဲကြနဲ့..."

"ဟင်...ဒါဆို ဘယ့်နှယ်လုပ်ကြမတုံး..."

ဦးကာလုကတော့ ဘာစကားမှမပြောဘဲ ထိုအကောင်ကြီးတောတိုးဝင်ရောက်သွားရာ နေရာနောက်သို့ သဲကြီးမကြီးနှင့်လိုက်လေသည်။ သို့သော ထိုမိစ္ဆာကောင်ကြီးကို ဘာအရိပ်အရောင်မျှမတွေ့ရတော့။ တောကြီးအတွင်း ပျောက်ခြင်းမလှ ပျောက်သွား၏။

"မပူပါနဲ့ကွာ...ငါ့လက်ကို ငါယုံပါတယ် ဒီကောင်ကြီးချက်ကောင်းထိသွားတာဆိုတော့ သိပ်မကြာခင် ကိစ္စချောမှာ သေချာပါတယ်..."

ထို့နောက် မုဆိုးကြီးဦးကာလုနှင့်အတူ ရွာသားလေးငါးယောက်တို့မှာ ထိုနေရာ ပတ်ဝန်းကျင်တစ်ခုလုံးကို လှည့်ပတ်ရှာဖွေကြည့်ကြသည်။ သို့သော် ထိုအကောင်ကြီး၏ ဒဏ်ရာမှ ကျခဲ့သည့် သွေးစသွေးနတို့ကိုပင် တစ်စက်ကလေးမှ မတွေ့ရလေရာ ဦးကာလုတို့လူစုမှာ ပိုပြီး ဦးနှောက်ခြောက်သွားရလေသည်။

အချိန်ကြာလာသည်နှင့် ထိုမိစ္ဆာကောင်ကြီးကို ဘယ်မှာမှ ရှာမတွေ့သောအခါ ဦးကာလုတို့လူစုမှာ လက်လျှော့လိုက်ကြပြီး ချိုင်းထောက်တင်ဌေး၏ အလောင်းရှိရာသို့ ပြန်လာကြကာ အလောင်းကို

မြေမြှုပ်သင်္ဂြိုလ်လိုက်ကြ၏။ ထို့နောက် သုတ်ကိုင်းကြီးတွင် တန်းလန်းမိနေသောတောဝက်ကိုလည်း ဒူးလေးတွေ၊ လှံတွေ၊ ဓားတွေနှင့် ပိုင်းဝန်းပစ်ခတ်ဖမ်းဆီးလိုက်ကြကာ ရွာသို့ထမ်းပြီးပြန်လာခဲ့ကြသည်။

ဦးကာလုနှင့်အတူ အဖေါ်အဖြစ်လိုက်ပါလာကြသော ရွာသားများမှာ အခုအချိန်အထိ အကြောက်မပျယ်နိုင်ကြသေးဘဲ ထိုမိစ္ဆာကောင်ကြီးကို မျက်လုံးထဲကမထွက်ဘဲ ရှိနေကြလေသည်။ ဦးကာလုကတော့… ရွာအပြန်လမ်းတလျှောက်လုံး သူ့ဒူးလေးနှင့် ပိုင်ပိုင်နိုင်နိုင်ကြီး ပစ်ခွင့်ရလိုက်သည့် အဖြစ်ကိုပြန်တွေးရင်း အကျေနပ်ကြီးကျေနပ်နေလေသည်။ သို့သော် အကောင်အထည်ကို လက်ဆုပ်လက်ကိုင်မပြနိုင်သည့်အတွက် သူ့စိတ်ထဲမှာ တနုံ့နုံ့နှင့်ဖြစ်နေတော့သည်။

●●●

## အခန်း(၁၄)

ဦးကာလုတို့လူစု ရွာသို့ပြန်ရောက်သည်နှင့် စလူမြောင်တစ်ရွာလုံး ဟိုးလေးတကြော်ဖြစ်သွားသည့် ကိစ္စက မိစ္ဆာကောင်ကြီးကို သူတို့အပြီးအပြတ် သတ်ဖြတ်နှိမ်နင်းလိုက်သည့် ကိစ္စပင်။

ထိုနေ့က ဦးကာလုနှင့်အတူ တောကြီးထဲသို့လိုက်ပါသွားကြသော ရွာသားအချို့မှာ ဟိုနားတစ်စု ဒီနားတစ်စုနှင့် သူတို့ မျက်ဝါးသင်ထင်တွေ့မြင်ခဲ့ရသော လူမျက်နှာနှင့် ကောင်ကြီးအကြောင်းကို သူ့ထက်ငါ အလုအယက်ပင် ပြန်ပြောနေတော့သည်။

ဦးကာလုမှာလဲ သူပစ်ခတ်လိုက်သည့် မိစ္ဆာကြီး၏ အကောင်အထည်ကို ရွာသားများရှေ့မှာ မျက်ဝါးထင်ထင် မပြနိုင်၍ အားမလိုအားမရဖြစ်နေ၏။ ဦးကာလု၏မိန်းမ ဒေါ်ပြားကတော ထိုအကြောင်းကို အာပေါင်အာရင်းသန်သန်နှင့် လာသမျှလူကို ဆီးပြောနေတော့သည်။

"အမလေး…မိမြမေတို့ မသန်းရင်တို့ တွေ့ခဲ့တာဘာဟုတ်သေးလို့လဲ…အခုဟာက တကာယ့်တစ္ဆေမှ လူယောင်ဖန်ဆင်းထားတဲ့ တစ္ဆေကြီး…၊ နောက်စေ့မှာလည်း ငှက်နုတ်သီးလိုချွန်ချွန်ကြီး ပါသတဲ့။

ပြီးတော့ ခြေထောက်တစ်ချောင်းတည်းနဲ့ ခုန်ပေါက်ပြီးပြေးသွားလိုက်တာ များ လိုက်လို့တောင်မမီဘူးဆိုပဲ…”

ဦးကာလုနှင့်အတူ လိုက်ပါသွားကြသော အချို့ရွာသားများ မှာလဲ ချိုင်းထောက်တင်ငွေ၏ အဖြစ်အပျက်ကို ပြောကြပြန်သည်။

“အဲဒီ တစ္ဆေကောင်ကြီးကြောင့် တောထဲမှာ ဟိုသူတောင်းစား ချိုင်းထောက်တင်ငွေလည်း မိုက်ပွင့်ပြီးသေပါရောလား…”

လူကြီးရော လူငယ်ပါ အုံးအုံးကျက်ကျက်ဖြစ်နေကြသည့် ဦးကာလုတို့အိမ်ရှေ့မှာ မယောင်မလည်နှင့် ငိုင်တိငိုင်တိုင် ဖြစ်နေသူ ကတော့ ရွှေအ ဖိုးငိုပင်။ သူ့ကိုကြည့်ရသည်မှာလည်း ခါတိုင်းထက် တောင် ပိုပြီးငေးငေးရီရီ ဖြစ်လာသလိုထင်ရ၏။

လူအုပ်ကြီးထဲမှ ခြေဟန်လက်ဟန်တွေနှင့် အားပါးတရပြော နေသော ဒေါ်ပြား၏စကားကြောင့်…

“ကြားရတာ ကြက်သီးတောင်ထတယ် ဒေါ်ပြားရယ်… မပြောကောင်းမဆိုကောင်း အဲဒီလိုလူယောင်ဖန်ဆင်းထားတဲ့ တစ္ဆေ သရဲနဲ့များ ကျုပ်နဲ့နှစ်ယောက်တည်း ပက်ပင်းတွေ့လို့ကတော့ ကျုပ်တော့ အဲဒီနေရာမှာတင် လိပ်ပြာလွင့်ပြီးသေမှာ…သေချာတယ်…”

“အေးလေ…အခု ကျုပ်တို့တစ်ရွာလုံးကို ဒုက္ခပေးနေတဲ့ မိစ္ဆာကောင်ကြီး မရှိတော့ဘူးဆိုတော့ ညရေးညတာ ဘယ်သွားသွား ကြောက်စရာမလိုတော့ဘူးပေါ့။ နို့မို့ဆို အဲဒီကောင်ကြီးဘယ်အချိန် ဘွားကနဲပေါ်လာမလဲဘဲ တွေးနေရတာ…”

အားလုံးက တစ်ယောက်တစ်ပေါက်ပြောကာ ဝမ်းသာနေကြ ၏။ ထိုအချိန်မှာပင် ရွှေအ ဖိုးငိုက ရုတ်တရက် လူအုပ်ကြီးအတွင်းမှ

ငိုယိုကာ လှည့်ထွက်သွား၏။ ရွှေအ၏ငိုယိုသံကြောင့် စောစောက ဝမ်းပမ်းတသာနှင့် ဖြစ်နေကြသော လူအုပ်ကြီးမှာ တအံ့တသြတွေ ဖြစ်ကုန်ကြပြန်သည်။

"ဟာ…ဟိုမှာ ရွှေအ ငိုကြီးချက်မနဲ့ ဘာဖြစ်သွားတာလဲ ဟေ့…"

"ဒီကောင့်ကိုကြည့်ရတာ ဘယ်လိုမှ မူမမှန်တော့တာ သေချာနေပါပြီ၊ ကြာရင် ဒီထက်ပိုဆိုးလာမှာ ကြောက်ရတယ်ဗျို့…"

"သူ့အမေ မခလေးမကိုတော့ နည်းနည်းပါးပါး ဂရုစိုက်ဖို့ ပြောရမယ်…"

ထိုနေ့တစ်နေ့လုံး ရွှေအမှာ ဘာတစ်ခွန်းမှ မေးလို့စမ်းလို့မရဘဲ ရှိုက်ကြီးတငင်နှင့်သာ ငိုပြီးရင်းငိုနေတော့သည်။ ဒေါ်ခလေးမမှာလည်း စကားမေးမရဘဲ ထူးထူးဆန်းဆန်း ငိုကြွေးနေသည့် ရွှေအ ဖိုးငိုကိုကြည့်ကာ ဘာလုပ်လို့လုပ်ရမှန်းပင်မသိတော့…။ စိတ်တွေက အတော်လေး ပင်ညစ်လာမိသည်။

"ဟဲ့ ခလေးမ…၊ ညည်းသားကို ဟို…ရွာဦးကျောင်းက ဆရာတော်ရဲ့ညီ ကိုရင်ပန်းဒွေးကို သွားပြကြည့်ပါလားအေ့…သူက တို့ရွာမှာ ဗဟုသုတလေး ဘာလေးရှိတယ်ဆိုတော့ ဆေးကောင်း၊ ဝါးကောင်း မဟုတ်ရင်တောင် သမားတော်လေး ဘာလေးတော့ စုံစမ်းလို့ရမယ်ထင်တယ်…"

"ဟုတ်သားပဲ…ဒေါ်ခလေးမကလည်း တော်ကြာ ဆရာယောင်ယောင် သမားယောင်ယောင်နဲ့ သွားကုမိလို့ ဒေါ်စိန်ပုကြီး အရိုက်ခံရတာထက် ဆိုးနေအုံးမယ်…"

အားလုံးက ဒေါ်ခလေးမတို့သားအမိကို သနားပြီးသင့်တော်သည့်အကြံဉာဏ်တွေကို ဝိုင်းပေးကြသည်။ တချို့ရွာသားများကလည်း ရွှေအ အငိုတိတ်အောင် အမျိုးမျိုး ချော့မော့ကြသောလည်း ဘယ်လိုမှ အကြောင်းမထူးဘဲ ဖြစ်နေကြသည်။

ထို့နောက် ဒေါ်ကလေးမမှာ ရွာသားများအကြံပေးသည့်အတိုင်း ရွှေအ ဖိုးငိုကို လက်ဆွဲကာ ကိုရင်ပန်းခွေးရှိရာ ရွာဦးကျောင်းဆီသို့ ထွက်လာခဲ့တော့သည်။ ဘုန်းကြီးကျောင်းဝင်းကြီး တစ်ခုလုံးမှာ ငှက်ပျောပင်တွေက တောကြီးတစ်ခုလို ပေါက်ရောက်နေသဖြင့် စိမ့်ပြီးအေးနေ၏။ ကျောင်းမုဒ်ဝမှ တပိုင်းတစ်စကျိုးပျက်နေသော အုတ်လှေကားနှင့် လမ်းသွားလမ်းလာတွေ ခိုနားရန်ဆောက်ထားသည့် ဇရပ်အိုကလေးက အမိုးသွပ်တွေလန်နေပြီး ယိုင်နဲ့နဲ့ပင်ဖြစ်နေသည်။

"ဗျို့…ကိုရင်ပန်းခွေး…"

"ဝုတ်…ဝုတ်…ဝုတ်…"

ပြန်ထူးသံမကြားရဘဲ ကျောင်းအောက်မှ ခွေးတစ်သိုက်၏ဟောင်သံကိုသာကြားရသည်။ ဒေါ်ခလေးမတို့ သားအမိနှင့်အတူ လိုက်ပါလာကြသော ကိုဝက်သိုးနှင့် ကိုတက်လူတို့မှာ ကျောင်းဝင်းအတွင်းသို့ လှမ်းဝင်သွားရင်း…

"ဗျို့…ကိုရင်ပန်းခွေး…ကျုပ်တို့ပါ၊ ခွေးကြည့်ပါအုံးဗျ…"

ထိုအချိန်မှာပင် ဆွမ်းချက်ဆောင်ဘက်မှ အင်္ကျီချွတ်နှင့် ပြေးထွက်လာသော ကပ္ပိယကြီးဦးထော်က…

"ဟ တက်လူတို့ ဝက်သိုးတို့ပါလားဟေ့… ရွာထဲမှာ ဘာတွေများ အကြောင်းထူးတွေရှိနေပြီလဲ။ လာလေကွာ…ကျောင်းထဲဝင်ကြအုံး"

ပြောရင်းနှင့် ကပ္ပယကြီးဦးထော်၏ မျက်လုံးတွေက လူကြား ထဲမှ ဒေါ်ခလေးမတို့သားအမိကို အကဲခတ်ပြီး လှမ်းကြည့်လိုက်၏။ ဒေါ်ခလေးမကလည်း အခုအချိန်အထိ တရှုံ့ရှုံ့ငိုနေသေးသည့် ရွှေအ ဖိုးငိုကို လက်ဆွဲကာ ဦးထော်ကြီးရှိရာသို့ လျှောက်သွားပြီး...

"ဒီလိုပါ...ဦးထော်ရယ်၊ ကျွန်မသားလေးဖိုးငို အခုတလော ဘာဖြစ်တယ်မသိဘူး...၊ တငိုငိုတရီရီနဲ့... ဘာမှလည်းမေးလို့စမ်းလို့ မရဘူး...။ ခက်တာက သူက စကားမပြောတတ်တော့ ကျွန်မ တို့လည်း ဘာလုပ်လို့လုပ်ရမှန်း မသိဘူးဖြစ်နေတယ်။ ဖြစ်နိုင်ရင် ကိုရင်ပန်းခွေးကို ဒီကလေး စကားပြန်ပြောလာနိုင်အောင် ဆေးကု ပေးဖို့နဲ့..."

"ဩော်...ဒီလိုဆိုရင်တော့... ခက်ပြီခလေးမရေ...။ ကိုရင် ပန်းခွေးတစ်ယောက် မနေ့ကဘဲ ဆရာတော်ကြီးက အရေးတကြီးလှမ်း ခေါ်တာနဲ့ မန္တလေးကို လိုက်သွားရတယ်ကွဲ့"

"ရှင်..."

ထိုအခါမှ အားလုံး၏မျက်နှာတွေက စိတ်ပျက်လက်ပျက်တွေ ဖြစ်ကုန်သည်။ သူတို့ အထင်ကြီးလေးစားနေသည့် ကိုရင်ပန်းခွေးမှာ အရာရာကို နှံ့နှံ့စပ်စပ်သိရုံမက ဘယ်ရောဂါမဆို သူဆေးလေးဝါးလေး စပ်ဟပ်ပေးလိုက်လျှင်ပင် သိသိသာသာကြီး ပျောက်ကင်းသွားလေ့ရှိရာ အားလုံးက ကိုရင်ပန်းခွေးကို အားကိုးသမှု ပြုကြလေ့ရှိသည်။

"ဒါဆိုရင် ကိုရင်ပန်းခွေးက ဘယ်ရက်လောက်ပြန်လာမှာလဲ ဗျ..."

"အဲဒါတော့ ငါလည်းသေသေချာချာ မပြောတတ်ဘူးကွ

တက်လူရ၊ အခုတလော မြို့ပေါ်မှာကြားကြားနေရတာ ကုလားဖြူတွေကိုတိုက်ဖို့ ဂျပန်တပ်တွေ ဗမာပြည်ထဲဝင်လာကြပြီဆိုလားပဲ။ အဲ…တိုက်ပွဲတွေဖြစ်ပြီး… လမ်းပမ်းဆက်သွယ်ရေးတွေ ခက်ကုန်မှဖြင့်တို့ကိုရင်ပန်ဒွေးတစ်ယောက် တော်တော်နဲ့ ပြန်ရောက်နိုင်မယ်မထင်ဘူး…"

ဒေါ်ခလေးမမှာ သူ့သားဖိုးငိုကိုကြည့်ရင်း စိတ်ထဲက အလိုလိုမွန်းကြပ်နေမိသည်။ ပြီးတော့ တစ်ရွာလုံးက ထင်ထားကြသလို သူ့သားရွှေအ ဖိုးငို တစ်ယောက်အမှန်တကယ်ပင် အပမှီပြီး စိတ်ကယောင်ချောက်ချားတွေ ဖြစ်နေသည်လားဆိုသည်ကိုတွေးရင်း ခြေတွေ၊ လက်တွေ အေးစက်စက်ပင်ဖြစ်လာနေ၏။

ထို့နောက် ကိုတက်လူက…

"ကဲ…ဒါဆိုရင်လည်း တိမ်မြုပ်ရွာက ဗိန္ဒောဆရာကိုသွားပင့်ရင်မကောင်းဘူးလား…၊ အဲဒီဆရာက ဒီနယ်တဝိုက်မှာ နာမည်ကြီးဆိုတော့ ရွှေအ အခုဖြစ်နေတဲ့ ရောဂါလောက်တော့ ပျောက်အောင်ကုနိုင်မှာသေချာပါတယ်…"

"အမလေး…တက်လူရယ်…နင်ပြောတဲ့ ဗိန္ဒောဆရာကိုပြနိုင်လောက်တဲ့ ပိုက်ဆံက ငါ့မှာဘယ်မှာရှိလို့လဲဟဲ့…။ တစ်နေ့စာတစ်နေ့တောင် မနည်းရှာဖွေစားသောက်နေရတဲ့ဥစ္စာ…"

ညည်းလည်းညည်း သက်ပြင်းတွေလည်း အကြိမ်ကြိမ်ချနေသည့် ဒေါ်ခလေးမ၏မျက်နှာမှာ အသက်အရွယ်နှင့်ပင်မမျှအောင်အလွန်အမင်း အိုမင်းရင့်ရော်နေသည်။ ထိုအခါမှ ကိုတက်လူနှင့်ကိုဝက်သိုးတို့မှာ ပြာပြာသလဲနှင့်…

"မဟုတ်တာ ဒေါ်ခလေးမရယ်...၊ ရွှေအ ကိုဆေးကုဖို့ ...က်ဆံလောက်က ကျုပ်တို့တာဝန်ထားစမ်းပါဗျ၊ တစ်ရွာလုံး ဗျို့ ...စ်ပြီး ပိုက်ဆံလိုက်ကောက်ရင် အားလုံးက ကြည်ကြည်ဖြူဖြူထည့် ကြမှာပါ။ နောက်ပြီး ရွှေအ ဆိုရင်တစ်ရွာလုံးက ချစ်လည်းချစ် ...ရလည်း စိုက်နေကြတာပဲဥစ္စာ။ အရေးကြီးတာက အခုလို ဘာမှန်း ...ာမှန်းမသိဘဲ တငိုငိုတရီရီဖြစ်နေတဲ့ ကိစ္စကို မြန်မြန်ပြီးမှဖြစ်မယ်ဗျ..."

"ပြောနေကြာပါတယ် တက်လူရာ ငါရွာထဲသွားပြီး ...အေးမောင်ကြီးကို သူ့လှည်းနဲ့ ဆရာသွားပင့်ခိုင်းလိုက်မယ်"

ချက်ချင်းဆိုသလို ကိုဝက်သိုးတစ်ယောက် ရွာလမ်းအတိုင်း ...သုတ်သုတ် ပြန်လှည့်ထွက်သွားပြီး တိမ်မြှုပ်ရွာမှ ဗိန္ဓောဆရာကိုပင့် ...င်းဖို့လုပ်တော့သည်။

ထိုသို့ ဗိန္ဓောဆရာကို ပင့်ရန် လွှတ်လိုက်မိသည်က ကြောက် ...ဖွယ်ရာ ဖြစ်ရပ်များ၏ နိဒါန်းအစပင် ဖြစ်လိမ့်မည်ဟု စလူမြောင် ...စ်ရွာလုံး ဘယ်သူတစ်ဦးတစ်ယောက်မှ ကြိုတင်မရိပ်စားမိကြချေ။

●●●

## အခန်း(၁၅)

"ဒုန်း…ဒုန်း…ဒုန်း…"
"ဝုန်း…ဝုန်း…"
"ချွင်…ချွင်…ချွင်…"

အသံတွေက အဝေးကြီးမှပင် ကြားနေရသော်လည်း ရွာထိပ်နှင့် တဖြည်းဖြည်းနီးကပ်လာမှ နွားလှည်းတစ်စီး ဒုန်းစိုင်းမောင်းလာသံဟု ပီပီပြင်ပြင်ကြားလိုက်ရ၏။

လှည်းက သွားရိုးသွားစဉ် လှည်းလမ်းကြောင်းအတိုင်း ဒုန်းစိုင်းလာသည်မဟုတ် ကန်သင်းရိုးဘောင်တွေပေါ် ပြေးတက်၊ ပြေးဆင်းနှင့် အလုအယက်တက်သုတ်ရိုက်ပြီး မောင်းနှင်လာသလိုမျိုး…။ ထိုလှည်း၏ နောက်မြီးတွင်လည်း ဖုံလုံးကြီးက အလိတ်လိုက် မဲမှောင်ပြီး ကပ်ပါလာလေရာ ဘယ်သူဘယ်ဝါ၏ လှည်းဖြစ်သည်ကို မှန်းဆပြီး ပြောရန် အလွန်ပင်ခက်နေလေသည်။

ထိုနေရာကိုရွာသားများ အာရုံစိုက်ပြီး ကြည့်နေစဉ်မှာပင် လှည်းက သူတို့နေထိုင်ရာ စလူမြောင်ရွာဖက်ဆီသို့ ဦးတည်ပြီး ပြေးလာနေကာ လှည်းမောင်းသူကို ထိုလှည်းပေါ်တွင် မတွေ့ရဘဲဖြစ်နေ၏

“လှည်းကမောင်းတဲ့သူလည်း မပါ၊ပါလား…ကြည့်ရတာ နွားလန့်ပြီး ပြေးလာတာနဲ့တူတယ်”

“တို့ရွာဖက်ကို ဦးတည်ပြီးလာနေတယ်ဟေ့…သတိထား ကြပြီးရှောင်ကြ”

“ဘေးဖယ်ထားကြ…ဘေးဖယ်ထားကြ…၊ တော်ကြာ ကိုက်မိ၊ နင်းမိကုန်မယ်…ဘယ်ကလှည်းမှန်းလည်း သိတာမဟုတ် ဘူး…”

ရုတ်ရုတ်သဲသဲတွေတွေ ဖြစ်ကုန်သော လူစုကြီးမှာ ချက်ချင်း ပင်ရွာလမ်းဘေးသို့ ကပ်ကုန်ကြ၏။

“ဟဲ့…ကလေးတွေ နောက်ကိုဆုတ်ကြစမ်း… နင်တို့တွေ သေချင်လို့လား…”

အချိန်က နေဝင်ရီတရော အချိန်မျိုးဖြစ်နေသဖြင့် ရွာအဝင်လမ်း တစ်လျှောက် ရေခပ်သူ၊ ထင်းခွဲသူနှင့် လယ်တောမှ ပြန်လာကြသူတွေ က ရွာလမ်းတစ်ခုလုံးပြည့်နေ၏။

“ဒုန်း…ဒုန်း…ဒုန်း…”

“ချွင်…ချွင်…ချွင်…”

ဒုန်းစိုင်းမောင်းလာသည့်လှည်းက ရွာလမ်းအတွင်း ချိုးဝင် လိုက်သည်နှင့် ရွာသားတွေ၏ အော်သံဟစ်သံတွေက စီစီညံသွား၏။

“ဟာ…ဒါ အေးမောင်ကြီးရဲ့ နွားနဲ့လှည်းပါလား…”

“ဟုတ်တယ်ဗျို့… ဒီလူမနက်က ဆေးဆရာသွားပင့်…”

စကားသံမဆုံးခင်မှာပင် ဒုန်းစိုင်းလာသော လှည်းပေါ်မှာ ပက်လက်အနေအထားနှင့် ပါလာသော အေးမောင်ကြီးကို လှမ်းတွေ့ လိုက်ရသည်။

"ဟင်..."

"ဟာ... ဟို...ဟိုမှာ လှည်းပေါ်မှာ အေးမောင်ကြီး
လား...။ ဘာဖြစ်လာတာလဲမသိဘူးဟေ့... ပက်လက်ကြီး။ အဲ
လှည်းကို ဆီးပြီးဖမ်းထားလိုက်စမ်းပါ..."

"ရှေ့က တားထားကြပါဗျို့...၊ အဲဒီနွားလှည်းကို ဆီးပြီး
ဖမ်းထားကြစမ်းပါ..."

လှည်းကရွာလမ်းအတိုင်း ချိုးဝင်လာသည်နှင့် အရှိန်က
အနည်းငယ်လျော့သွား၏။ ရွာသားတချို့မှာလည်း လှည်းနှင့် ရင်ဆောင်
တန်းလိုက်ပြေးပြီး လှည်းနောက်မြီးမှတစ်ဆင့် လှည်းပေါ်တက်က
နွားနှစ်ကောင်၏ နားဖားကြိုးကို တကျွတ်ကျွတ်နှင့် စုတ်သပ်ရင်း
ဆွဲထိန်းထားလိုက်ရသည်။

"ကျွတ်...၊ ကျွတ်...၊ ကျွတ်...၊ ကျွတ်..."

ထိုလှည်းပေါ်တွင်တော့ အေးမောင်ကြီးမှာ ပက်လက်အနေအ
ထားနှင့် သတိလစ်လျက်ရှိနေပြီး မျက်နှာတစ်ခုလုံးမှာ သွေးချင်းချင်း
ရဲလျက် တစ်ကိုယ်လုံး ဒဏ်ရာ၊ ဒဏ်ချက်တွေ ပရပွနှင့် ဖြစ်နေ၏။

"ဟော...ဘာဖြစ်လာတာလဲမသိဘူးဟေ့...တစ်ကိုယ်လုံး
ရစရာတောင်မရှိဘူး..."

"ဟင်...ဟုတ်ပါရဲ့...၊ မျက်နှာမှာလည်း သွေးတွေနဲ့..."

"လုပ်...လုပ်ကြပါအုံး...ဒီကောင် သတိလစ်နေတာ..."

"အေးမောင်ကြီး...ဟေ့...ဟေ့ အေးမောင်ကြီး..."

ရွာသားများက အေးမောင်ကြီး၏ ပုခုံးနှစ်ဖက်ကို ဆွဲခါရမ်း
လှုပ်ရင်း သတိရအောင်ပြုလုပ်နေကြသည်။ တချို့ကလည်း

အေးမောင်ကြီး ငယ်ထိပ်ကို ပါးစပ်နှင့်ကပ်ကာ တဖူးဖူးမှုတ်နေကြ၏။

မကြာမီ…

"အင်…ဟင်း…ဟင်း…"

အေးမောင်ကြီး၏ မျက်စေ့တွေက ဖြည်းဖြည်းချင်းပွင့်လာပြီး ပါးစပ်က တဟင်းဟင်းနှင့်ညီးကာ သတိပြန်ရလာ၏။ သူ့တစ်ကိုယ်လုံးမှ ဒဏ်ရာ၊ ဒဏ်ချက်တွေကြောင့် မျက်နှာကရှုံ့မဲ့နေကာ ဓားချွေးတွေကရွှဲရွှဲစိုနေ၏။

"ဟော…သတိရလာပြီ…သတိရလာပြီ…"

"အေးမောင်ကြီး…ဟော့ကောင် မင်း…မင်း ဘာဖြစ်လာတာလဲ…၊ ငါတို့ကိုပြောစမ်း၊ ဘာလဲ ဟိုဖက်ရွာကကောင်တွေနဲ့ မူးပြီး ရန်ဖြစ်လာပြန်ပြီလား…"

အားလုံး၏မျက်နှာတွေက အေးမောင်ကြီး၏ လှုပ်ရှားမှုတွေကို မျက်တောင်ပင်မခတ်ဘဲ စိုက်ကြည့်နေကြသည်။ အထူးသဖြင့် အေးမောင်ကြီး၏ ပွင့်ဟလာသောပါးစပ်မှ အဖြေတစ်ခုခုကို ကြားချင်နေကြ၏။

ထိုအချိန်မှာပင် အေးမောင်ကြီးက တိုးဖျော့နေသောလေသံနှင့်ခေါင်းကိုဖြည်းညှင်းစွာခါယမ်းလိုက်ရင်း…

"မ…မဟုတ်ဘူး…နာနာဘာဝကြီးနဲ့တွေ့…ခဲ့တာ…"

"ဟင်…ဘယ်လို…၊ နာနာဘာဝကြီး ဟုတ်လား…"

ထိုအဖြေစကားကြောင့် အားလုံး၏မျက်နှာတွေက သွေးဆုတ်ဖြူရော်သွားကြသည်။ အချို့ကလည်း သူတို့မြင်ဖူးထားသည့် မိစ္ဆာကောင်ကြီးများလားဆိုသည့် အတွေးတွေနှင့် ဝိုင်းမေးကြပြန်၏။ ထိုအခါမှ

ပြီးခဲ့သည့်ရက်ကမှ အဲဒီ မိစ္ဆာကောင်ကြီးကို အပြီးအပြတ်နှိမ်နင်းလိုက်ပါသည်ဆိုသော မုဆိုးကြီးဦးကာလုတစ်ယောက် မျက်စိမျက်နှာတွေပျက်သွား၏။

"အဲဒီကောင်ကြီးက ဘယ်လိုပုံစံမျိုးလဲ…"

"ဟို…ခြေတစ်ချောင်းထောက်နဲ့ ကောင်ကြီးလား…"

ထိုမေးခွန်းတွေကို မဖြေခင်မှာ အေးမောင်ကြီး၏ ခန္ဓာကိုယ်တစ်ခုလုံး ပျော့ခွေညွတ်ကျနေပြီး ပါးစပ်က အသက်ကို မနည်းရှူနေရ၏။ ထို့နောက်…

"ဟုတ်တယ်…အဲဒီကောင်…ကြီး…ရဲ့ ခေါင်းမှာ ဂျိုလိုချွန်ချွန်ကြီးတစ်ခု ပါသေးတယ်…ပြီးတော့…"

အေးမောင်ကြီး၏ လေသံတွေက လည်ချောင်းအောက်ကို တိမ်ဝင်နစ်မြုပ်သွား၏။

"ဟာ…ဟော့ကောင်…သတိထား…သတိထားလေ…"

ပြောနေရင်းနှင့်ပင် အေးမောင်ကြီး၏ဇက်က ကျိုးကျသွား၏။

"ဟာ…"

ချက်ချင်းဆိုသလို လက်ကောက်ဝက်မှ သွေးခုန်နှုန်းကို စမ်းကြည့်၏။

"ဟင်…သူ…သူ အသက်မရှိတော့ဘူးဗျ…"

အားလုံး၏ပါးစပ်တွေက အဟောင်းသားတွေနှင့် ငေးငိုင်ကုန်ကြ၏။ တစ်ချိန်တည်းမှာပဲ ကြောက်ရွံ့သိမ်ငယ်စိတ်တွေကြောင့် သူတို့၏ခန္ဓာကိုယ်တွေက အေးစက်တောင့်တင်းလာသလို ဖြစ်လာကြ၏။ ပြီးတော့ အရာရာမလုံခြုံတော့သည့် စိုးရိမ်စိတ်တွေက အခုမှပြန်ပြီး တစ်

ဘွားဖွားပေါ်လာကြပြန်သည်။

"ဒီကောင်လည်း ချိုင်းထောက်တင်ငွေလို လက်သည်းရာ လိုလို အစင်းကြောင်းကြီးတွေက သွေးချင်းချင်းရဲနေတာ မြင်လို့တောင်မ ကောင်းဘူး…"

"ဒါဆို…ကျုပ်တို့ ဘယ်လိုလုပ်ကြမတုံး…"

"ဦးကာလုပြောတော့ အဲဒီကောင်ကြီးရဲ့ ရန်က ငြိမ်းသွားပါ ပြီဆို…"

တစ်ယောက်တစ်ပေါက်နှင့် ဝိုင်းပြောနေသည့် လူစုကြီးက ကြာခင် အစုလိုက်အပြုံလိုက် ရင်ဆိုင်ကြုံတွေ့ရတော့မည့် ဒုက္ခတွေ၊ ခြောက်ခြားစရာတွေကြောင့် သွေးပျက်နေကြသည်။ ထိုအထဲမှ ရွာ သားအချို့က မုဆိုးကြီး ဦးကာလု လေကြီးမိုးကြီးပြောခဲ့သည့် စကား တွေကို အခုမှဝိုင်းပြီး အပြစ်တင်နေကြပြန်သည်။

"ဗျို့ ဦးကာလု ခင်ဗျားပြောတော့ ခင်ဗျားလက်ကို ခင်ဗျား ယုံတယ်ဆို…၊ အခုအဲဒီ ခြေတစ်ချောင်းထောက်ကောင်ကြီးက ဘယ် ဘယ်လိုဖြစ်ပြီး ဒီတောကြီးထဲမှာ ရှိနေသေးတာလဲ…"

"ဟုတ်တယ်ဗျို့… ဟုတ်တယ်…၊ ခင်ဗျားပစ်လိုက်တဲ့ မှြားက ချက်ကောင်းကိုမထိလို့နဲ့တူတယ်"

ထိုစကားတွေကြောင့် မုဆိုးကြီးဦးကာလုမှာ တွေတွေဝေဝေနှင့် ဖြစ်သွားပြီး သူ့ကိုယ်သူပင် သံသယပြန်ဖြစ်လာမိ၏။ သို့သော် နဂို ကတည်းက ခြေတစ်ဖက်ထောက်နှင့် မိစ္ဆာကြီးကို နာနာဘာဝကြီးပါဟု နှစ်လမ်းလမ်း ယုံကြည်ထားကြသောရွာသားတွေက…

"ဒါဆို… ဒီခြေတစ်ချောင်းထောက်ကောင်ကြီးဟာ မကျွတ်

လွှတ်သေးတဲ့ တစ္ဆေ၊ သရဲတစ်ကောင် ဖြစ်နေပြီဆိုတာ သေချာသွားပြီပေါ့…”

“ဟုတ်တယ်ဗျို့…ဦးကာလု ပစ်လိုက်တဲ့မြှားက ထုတ်ခြင်းခတ်သွားတာတောင် တောထဲမှာ သွေးတစ်စက်ကျမကျန်ခဲ့ဘူး…။ အံ့ရော…”

“ဒါတင်ဘယ်ဟုတ်မလဲကွ… တောထဲကို မြှားတန်းလန်းကြီးနဲ့လှစ်ကနဲ ပြေးဝင်သွားတာ မြန်လိုက်သမှ အရိပ်အယောင်တောင် မမြင်ရတော့ဘူး…”

“အဲဒါ ကိုယ်ရောင်ဖျောက်သွားတာနေမှာပေါ့…”

အားလုံးက ကိုယ်ထင်ရာကိုယ်ပြောပြီး အထိတ်တလန့်တွေ ဖြစ်ကုန်ကြပြန်သည်။ ဒီတစ်ခါ သူတို့ကြောက်လန့်မိကြသည်က ခြေတစ်ဖက်ထောက်ကောင်ကြီးမှာ အမှန်တကယ် နာနာဘာဝတစ်ကောင် ဖြစ်နေသည်ဆိုသောကြောင့်ပင်…။

တဖြည်းဖြည်းနှင့် ပတ်ဝန်းကျင် တစ်ခုလုံးမှာ အလင်းရောင်ကပျောက်လုပျောက်ခင်ဖြစ်လာ၏။ ထိုအခါမှ ကိုတက်လူတို့ ကာလသားတစ်သိုက်မှာ အေးမောင်ကြီး၏ အလောင်းကို ပျဉ်ချပ်တွေစပ်ရိုက်ပြီး ညတွင်းချင်းပင် ဖြစ်သလို ခေါင်းတလားသွင်းလိုက်ရသည်။ ထို့နောက် အလောင်းစင်ကိုလည်း ခြံအနောက်ဖက်မှာပဲ လေးတိုင်စင်ဆောက်ကာထားလိုက်ကြသည်။

စလူမြောင်ရွာမှ ကလေးကောလူကြီးပါမကျန် ယောကျာ်းမိန်းမဟူသမျှတို့မှာ ထိုနေ့ညအဖို့မိစ္ဆာကောင်ကြီးကို ကြောက်လန့်နေရသည့်အထဲ…၊ ထိုမိစ္ဆာကောင်ကြီးကြောင့် အသေဆိုးနှင့်သေသွားခဲ့

...သည့် အေးမောင်ကြီး၏ ရုပ်ပျက်၊ ဆင်းပျက် မျက်နှာကြီးကိုမြင်ကာ ...ပြီးသွေးပျက်နေကြ၏။

ထိုအချိန်မှာပင်...

အေးစိမ့်စိမ့် စိုထိုင်းထိုင်းနှင့် လေထုက ဟူးဟူးဟဲဟဲအော် ...ည်ရင်း အလောင်းစင်အပေါ် အုပ်မိုးထားသော ကုက္ကိုပင်ကြီးပေါ်မှ ...စ်ရွက်တွေကြားတွင် တိုးဝှေ့တိုက်ခတ်နေ၏။

ထိုအပင်ကြီး၏ အကိုင်းအခက်တွေကလည်း အပင်အောက်မှ ...လးကိုင်စင်ပေါ်တင်ထားသည့် ခေါင်းတလားကြီးကို ကောက်ယူပွေ့ ...တော့မလို လှုပ်လွန့်နေလေသည်။

မိုးသားမိုးရိပ်တွေ ကင်းနေသောလည်း ကောင်းကင်ကြီးတစ်ခု ...လုံးမှာ လကွယ်ညကြောင့် ပိုပြီးမှောင်မိုက်နေလေသည်။ တစ်ခါတစ်ခါ အဝေးမှ ဆူဆူညံညံအော်ဟစ်နေသည့် ဇီးကွက်များ၏အသံက အသု ဘအိမ်မှာ ညစောင့်နေကြသည့် ကိုတက်လူတို့ ကာလသားတစ်သိုက် ကို အလိုလိုနေရင်း ခြောက်လှန့်သလိုဖြစ်နေ၏။

သူတို့အားလုံး၏ အတွေးတွေကလည်း ဘယ်အချိန်မှာ သိတ်လန့်ခြောက်ခြားစရာ အန္တရာယ်ဆိုးကြီးတွေ ကျရောက်လာမည်လဲ ဆိုသည်ကိုသာ အချိန်ပြည့်တွေးနေမိကြသည်။

ထိုအချိန်မှာပင်...

"အူ ဝူး..."

မလှမ်းမကမ်းမှ တိုးလျှလျှနှင့် ဆွဲဆွဲငင်ငင်ကြီး အူနေသော ခွေးအူသံရှည်ကြီးကို သူတို့ကြားနေရသည်။ ထိုအသံကို သေချာနား စိုက်ထောင်ကြည့်လိုက်သောအခါ ရွာအစွန် သင်္ချိုင်းရှိရာ ဇရပ်အိုပျက် ကြီးဆီမှဖြစ်နေ၏။

"ဟင်…ဘာနံ့ကြီးလဲ…"

ခွေးအူသံကို နားစိုက်ထောင်နေကြသည့် ကိုတက်လူတို့လူစုမှာ ရုတ်တရက် နှာခေါင်းအတွင်းသို့တိုးဝင်လာသော အနံ့ဆိုးကြီးကြောင့် နှာခေါင်းတွေကိုလက်နှင့် အလိုလိုပိတ်မိလျက်သားတွေဖြစ်ကုန်သည်။ တစ်ဆက်ထဲမှာပဲ သူတို့အားလုံး၏ မျက်လုံးတွေက မလှမ်းမကမ်း ကုက္ကိုပင်ကြီးအောက်မှ သက်ကယ်များနှင့် အမိုး,မိုးထားသော အေးမောင်ကြီး၏အလောင်းစင်ရှိရာကို လှမ်းကြည့်လိုက်ကြသည်။

"ဒီ…ဒီ အနံ့ဆိုးကြီးက အေးမောင်ကြီးရဲ့အလောင်းကထွက်လာတဲ့အနံ့ကြီးလား…၊ မဖြစ်နိုင်ပါဘူး၊ အခုညနေကမှ သေတဲ့မသာက ချက်ချင်းတော့ အနံ့မထွက်နိုင်ဘူး…"

ထိုအတွေးကို ကိုတက်လူတစ်ယောက်တည်း ကျိတ်ပြီးတွေးနေမိသလို သူနှင့်အတူ အသုဘစောင့်နေကြသော ကိုဝက်သိုး၊ ကိုထွန်းဝနှင့် အခြားရွာသား သုံးလေးယောက်မှာလည်း ကိုယ်စီအတွေးတွေနှင့် ဖြစ်ကုန်ကြသည်။

အချိန်က တဖြည်းဖြည်းညနက်လာသည်နှင့် သူတို့အားလုံး စုပြီးထိုင်နေသည့်နေရာက ပိုပြီးကျဉ်းလာသလို စိတ်ကထင်ရသည်။ ဝါကျင်ကျင် အောက်လင်းမီးရောင်က အထိတ်တလန့်နှင့် ရွေ့လျားနေသည့် သူတို့၏မျက်လုံးတွေကြားမှာ တစ်ဖျတ်ဖျတ်လင်းလက်နေ၏။

"ကိုတက်လူ ကျုပ်တို့ညနေက အလောင်းစင်အောက်မှာ ကျောက်ဖရုံသီးကြီးထားရဲ့သားနဲ့ အနံ့ကဘာဖြစ်လို့ ဒီလောက်ထွက်နေရတာလဲ…"

လေသံတိုးတိုးနှင့် မေးလိုက်သည့် ကိုဝက်သိုး၏စကားကြောင့်

ကိုတက်လူမှာ အလောင်းစင်အောက်မှ ကျောက်ဖရုံသီးကို လှမ်းကြည့်လိုက်ပြီး…

"အေး ငါလည်း အဲဒါကို စဉ်းစားနေတာကွ…၊ ပြီးတော့ စောစောက အူတဲ့ခွေးသံကြီးကလည်း ကြားရတာတစ်မျိုးကြီးပဲ…၊ ငါ့အထင်တော့ ဒီနေရာကို မကြာခင်မှာ နာနာဘာဝကြီး ရောက်လာလိမ့်မယ်ထင်တာပဲ…"

နောက်သလို ပြောင်သလိုနှင့် ပြောလိုက်သော ကိုတက်လူ၏ စကားကို…

"ဟာ…ကိုတက်လူကလည်းဗျာ…ကျုပ်တို့က ကြောက်ပါတယ်ဆိုမှ ဘာတွေပြောနေမှန်းမသိဘူး…၊ တခြားအကြောင်း ပြောဗျာ…"

တခြားအကြောင်းပြောင်းပြီး ပြောဆိုသောလည်း တကယ်တမ်းတော့ သူတို့၏စိတ်တွေက နာနာဘာဝ မကောင်းဆိုးရွားကြီး ဘယ်အချိန်ရောက်လာမလဲဆိုသည်ကိုသာ တွေးပြီးကြောက်နေမိကြသည်။

လယ်ကွင်းတွေဆီမှ ဖြတ်တိုက်လာသော အနံ့ဆိုးကြီးရောနေသည့် လေက သူတို့ခန္ဓာကိုယ်ပေါ်မှ ချွေးစေးတွေကို ဘယ်လိုမှ ခြောက်သွေ့သွားအောင် မလုပ်နိုင်ချေ။ ပြီးတော့ သူတို့အားလုံးစပြီး ထိုင်နေသည့်အိမ်ရှေ့မှ ကွပ်ပစ်မှာ အိမ်မကြီးနှင့် အနည်းငယ်အလှမ်း ကွာနေလေရာ အပေါ့အလေးပင်ထပြီး မသွားရဲကြပဲ ဖြစ်နေကြသည်။

ထိုစဉ်…

"အူး…ဝူး…ဝူး…"

"အူး…ဝု ဝူး…"

"ဟော…ကြားလား…ဒီခွေးအူသံတွေက ရွာထိပ်ကနေ စပြီး အူလာတာ၊ ဟောဒီနားတစ်ဝိုက်ရောက်ရင် အူသံပျောက်သွားလိမ့်မယ် ကြည့်နေ…"

ကိုတက်လူတို့ လူစုအတွင်းမှ ရွာသားတစ်ယောက်က ထို အူသံကြီးကို ဘယ်အချိန်ကတည်းက ဂရုစိုက်ပြီးနားထောင်နေသည် မသိ။ သူ့အသံက ကြောက်စိတ်ကြောင့် အနည်းငယ်ပင်တုန်နေသည်။

"အူး…ဝူ"

အမှန်တကယ်ပင် ထိုသူပြောသလို ဆွဲဆွဲငင်ငင်ကြီး အူလိုက်သည့် ခွေးအူသံက ကိုတက်လူတို့ လူစု စုပြီးထိုင်နေရာ ကွပ်ပျစ် နားသို့မရောက်ခင် အသံတိတ်သွား၏။

"တောက်၊ ဟဲ့ခွေး…သွားစမ်း…"

ကိုတက်လူ၏ဘေးမှာထိုင်နေသည့် ရွာသားတစ်ယောက်က သူတို့နှင့် မလှမ်းမကမ်းမှာ အူနေသည့်ခွေးကို ခပ်ကြောက်ကြောက်နှင့် မောင်းထုတ်နေ၏။

သို့သော်…

ထိုခွေးက တုတ်တုတ်မျှမလှုပ်ဘဲ ခြသေ့ထိုင်ထိုင်ကာ အေး စက်စက်မျက်လုံးနှင့် သူတို့ရှိရာကို ပြန်စိုက်ကြည့်နေလေသည်။

ထိုအချိန်မှာပင်…

"ဟာ…ဟို…ဟိုမှာ…မည်းမည်းနဲ့ အလောင်းစင်နားကို ဘာကြီး ကပ်လာတာလဲမသိဘူး…"

ကိုဝက်သိုး၏ အထိတ်တလန့်စကားကြောင့် အားလုံးက ကုက္ကိုပင်အောက်မှ အလောင်းစင်ရှိရာကို လှမ်းကြည့်လိုက်ကြသည်။

ထိုအလောင်းစင်၏ တစ်ဖက် အမှောင်ထဲတွင် ဝိုးတဝါးလှမ်းမြင်နေရသော မျက်လုံးတစ်စုံက ကိုတက်လူတို့ လူစုထိုင်နေရာဆီသို့ စူးစူးဝါးဝါး လှမ်းကြည့်နေလေသည်။

"ဟင်..."

"အဲဒါ...အဲဒါ မကောင်းဆိုးရွားကြီး...လားမသိဘူး..."

သူတို့အုပ်စုမှာ ချက်ချင်းဆိုသလို ဝရုန်းသုန်းကားနှင့် ဖြစ်ကုန်ကြ၏။ အချို့ကလဲ ကွပ်ပျစ်ပေါ်မှဆင်းကာ ပြေးမိပြေးရာပဲပြေးတော့မလိုလို ကြောက်ကြောက်လန့်လန့်တွေနှင့် ဖြစ်ကုန်ကြသည်။

သူတို့အားလုံး ထိုသို့ ဗျောင်းဆန်နေကြချိန်မှာတော့ မည်းမည်းသဏ္ဌာန်နှင့် အရိပ်ကြီးက ရှေ့သို့ခုန်ဆွ ခုန်ဆွနှင့် တိုးလာပြီး အလောင်းစင်နဘေးသို့ရောက်လာ၏။

ထိုအချိန်မှာပင် အလောင်းစင်နဘေးတွင် ထွန်းညှိထားသော အောက်လင်းမီး၏ အလင်းရောင်က ထိုမဲမဲသဏ္ဌာန်ကြီးပေါ်သို့ လင်းကနဲဖြာပြီးကျသွား၏။ ထိုအချိန်မှ သူတို့အားလုံး လှမ်းမြင်လိုက်ရသည့် မြင်ကွင်းက...

"ဟင်..."

"အ...အား...၊ ပြေး...ပြေး..."

"ခြေ...ခြေ တစ်ဖက်ထောက်ကြီးဟ...ပြေး...ပြေး..."

တစ်ချိန်တည်းမှာပဲ သူတို့အားလုံး၏ သွေးပျက်လုခမန်း အော်သံတွေကြားမှာ ကျယ်လောင်သော မြည်သံကြီးတစ်ခုကိုပါ ကြားလိုက်ရ၏။

"ဘုန်း...ဒုန်း...ဒုန်း"

ထိုအသံကြီးကတော့…

လေးတိုင်စင်ပေါ်တင်ထားသည့် အေးမောင်ကြီး၏ ခေါင်းတလားဖြူဖြူကြီး မြေပြင်ပေါ်သို့ ပြုတ်ကျသွားသည့် အသံပင်ဖြစ်သည်။ ထိုခေါင်းတလားကြီး၏အပေါ်မှ ဖုံးအုပ်ထားသည့် သစ်သားအံဖုံးမှာလည်း ပွင့်ထွက်သွားကာ အေးမောင်ကြီး၏ ရုပ်ပျက်ဆင်းပျက် မျက်နှာကြီးက ခေါင်းတလား၏ အပြင်ဖက်သို့ ထွက်ကျလာ၏။

"ဟင်"

"ဟာ"

"ဟို…ဟိုမှာ အခေါင်းကြီး ပွင့်ထွက်သွားပြီ…လုပ်…လုပ်ကြပါအုံး"

"အား"

တစ်ယောက်တစ်ပေါက် သွေးရူးသွေးတမ်းတွေနှင့် အော်ဟစ်လိုက်ကြသည့် အသံတွေကြောင့် စလူမြောင်တစ်ရွာလုံး ကာလပျက်သလို ဝုန်းဒိုင်းကျဲကုန်ကြသည်။ ရွာလမ်းတစ်လျှောက် အော်ရင်းဟစ်ရင်း ပြေးမိပြေးရာ ပြေးကြသူတွေမှာလည်း အမှောင်ထဲတွင် တစ်ယောက်နှင့်တစ်ယောက် တိုက်မိကြ၏။

အသုဘအိမ်ကြီးအတွင်း ရှိနေသူတွေမှာလည်း သွေးရူးသွေးတန်းတွေဖြစ်ပြီး မှောင်ကြီးမည်းမည်းထဲမှာ အိမ်အပြင်သို့ထွက်ရာအပေါက်ကို အလုအယက်နှင့် တိုးဝှေ့ရှာဖွေနေကြသည်။

"ဝုန်း…"

"အမယ်လေး…လုပ် လုပ်ကြပါအုံး"

"ဒီဘက်မှာ အပေါက်မရှိဘူး…အပေါက်က အိမ်ရဲ့တောင်ဘက်မှာ"

တစ်ရွာလုံး ချက်ချင်းပင် ကမ္ဘာပျက်သလို ကျွတ်ကျွက်ညံ
…နသည်။

ထိုစဉ်…

မြေကြီးပေါ်မှာ ဖယိုဖရဲဖြစ်နေသည့် ခေါင်းတလားကြီးဆီမှ
ခြေတစ်ချောင်းထောက်ကောင်ကြီးမှာ မြေပြင်ပေါ်မှ တစ်စုံတရာအား
…မ်းကောက်ယူလိုက်သည်ကို အားလုံး သွေးပျက်မတတ် မြင်လိုက်ရ
…လေသည်။

ထိုအရာကတော့…

အသုဘခန္ဓာကိုယ်ကြီးမှ မကောင်းသည့် အနံ့အသက်တွေကို
…ယူထားသည့် ကျောက်ဖရုံသီးကြီးပင်ဖြစ်သည်။

"ဟင်…"

ထိုကျောက်ဖရုံသီးကြီးကို ကောက်ယူပြီးသည်နှင့်တပြိုင်နက်
ခြေတစ်ချောင်းထောက် နာနာဘာဝကြီးမှာ အမှောင်ထုအတွင်းသို့ လှစ်
…နဲ့တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

●●●

## အခန်း(၁၆)

ထိုသို့ ကြောက်မက်ဖွယ်ရာ အဖြစ်ဆိုးကြီးတွေဖြစ်ပြီး နှစ်ရက် သုံးရက်ခန့်ကြာသောအခါ ကျောင်းထိုင်ဆရာတော် ဦးစန္ဒိမာလာနှင့် အတူ ကိုရင်ပန်းခွေးတို့ စလူမြောင်ရွာသို့ ပြန်ရောက်လာကြ၏။

အားလုံးက လတ်တလော တွေ့ကြုံနေရသည့် အဖြစ်ဆိုးကြီး တွေကို ဆရာတော်အား ခရီးရောက်မဆိုက် မပြောချင်ကြသော်လည်း အေးမောင်ကြီးတစ်ယောက် ယခုကဲ့သို့ အသေဆိုးနှင့် သေသွားရသည် ကိုတော့ မပြောဘဲထားလို့မဖြစ်တော့ပေ။

ထို့နောက် ကပ္ပိယကြီးဦးထော်နှင့်အတူ ရွာသားသုံးလေးယောက် မှာ ပြီးခဲ့သည့်ရက်တွေက ဖြစ်ပျက်ခဲ့သည့် ကြောက်မက်ဖွယ်ရာ အဖြစ် အပျက်တို့ကို ဆရာတော်အား လျှောက်တင်ကြလေသည်။

ဆရာတော် ဦးစန္ဒိမာလာက ဦးထော်တို့ လျှောက်တင်သည့် စကားတွေကို ခေါင်းတငြိမ့်ငြိမ့်နှင့် နားထောင်နေ၏။ ပြီးမှ…

"ဒီမှာ ဒကာကြီးတို့…ဒကာကြီးတို့ပြောတဲ့ ခြေထောက် တစ်ဖက်နဲ့ နာနာဘာဝကြီးဆိုတာ တကယ်ရှိချင်လည်းရှိမယ်၊ မရှိချင် လည်း မရှိနိုင်ဘူး၊ အဲ…ဒါပေမယ့် မကျွတ်မလွတ်သေးတဲ့ နာနာဘာဝ

ဝိနာဘာဝတွေ ဖြစ်နေခဲ့မယ်ဆိုရင်တော့ ဒကာကြီးတို့ဆီက အမျှပေးတဲ့ အသံကိုကြားပြီး သာဓုခေါ်ချင်လို့ အခုလို လုပ်တာလည်းဖြစ်နိုင်တယ် ကွယ့်၊ နောက်ပြီး အေးမောင်ကြီး သေရတဲ့အဖြစ်ကလည်း အခြား အကြောင်းတစ်စုံတရာ ရှိချင်ရှိမှာပေါ့လေ၊ ဒီကောင်က အမြဲဘမ်း မကောင်းတဲ့သေရည်သေရက်တွေကို သောက်စားနေတဲ့ကောင်ပဲ… မူးမူးရူးရူးနဲ့ ဖြစ်ချင်ရာဖြစ်လာခဲ့မှာပေါ့"

ထိုအခါမှ ကပ္ပိယကြီး ဦးထော်နှင့်အတူ ရွာသားသုံးလေး ယောက်တို့မှာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ယင်း ခပ် ဆိတ်ဆိတ်နေလိုက်မိကြသည်။ ခဏကြာမှ ကပ္ပိယကြီးဦးထော်က ကိုရင်ပန်းခွေးဘက်သို့လှည့်ကာ…

"ဒါနဲ့ ဟိုတလောက ဒေါ်ခလေးမတစ်ယောက် ကိုရင်ပန်းခွေး ကို လာရှာသေးတယ်၊ သူ့သား ဟိုကောင် ရွှေအ ဖိုးငိုကို ဆေးကုချင် လို့ ဆိုလားပဲ"

"အတော်ပဲ ဦးထော်ရေ့…ကျုပ်လည်း မန္တလေးနန်းတွင်းထဲ က ရှားရှားပါးပါး ဆေးပရပိုက်တွေ ရလာခဲ့တာလို့၊ ဒီကလေးရဲ့ ရောဂါကို ပျောက်ကအောင်ကုပေးနိုင်မယ် ထင်တာပဲ"

ကိုရင်ပန်းခွေးက စက္ကူများနှင့် အထပ်ထပ်ရစ်ပတ် ထုပ်ပိုး ထားသော နန်းတွင်းပုရပိုက်တွေကို လက်နှင့်ပုတ်ပြရင်း ပြောနေ၏။ ဦးထော်အေးမှ ရွာသားသုံးလေးယောက်မှာလည်း ထိုအခါမှ ဝမ်းပန်း တသာတွေနှင့် ဖြစ်သွားကြပြီး…

"ဒါဆို ဒေါ်ခလေးမကို မြန်မြန်အကြောင်းသွားကြားမှ ဖြစ် ခယ်၊ သူ့ခမျာ ရွှေအကြောင့် နေ့တိုင်းစိတ်ဆင်းရဲနေရတာ သနားပါတယ်"

ပြောပြောဆိုဆို ရှာသားသုံးလေးယောက်တို့မှာ ကျောင်းပေါ်မှ သုတ်သီးသုတ်ပျာနှင့် ပြန်ဆင်းသွားကြသည်။

သူတို့ထွက်သွားပြီးနောက် ကပ္ပိယကြီးဦးထော်နှင့်အတူ ကိုရင်ပန်းခွေးတို့မှာ အိတ်ကြီးအိတ်ငယ်တွေနှင့် အထပ်ထပ်ထုပ်ပိုးလာသော ရှေးနန်းစဉ်သုံးပရပိုက်တွေနှင့် တန်ဘိုးကြီးဆေးကျမ်းတွေကို တစ်ခုစီ ထုတ်ပြီးကြည့်နေကြသည်။

ကပ္ပိယကြီး ဦးထော်က…

"ဒီပုရပိုက်တွေက တော်တော် တန်ဖိုးကြီးမှာပဲနော် ကိုရင်ပန်းခွေး"

"တန်ဖိုးကြီးပါပြီလား ဦးထော်ရယ်၊ ဒီဆေးရေးပုရပိုက်တွေက ဟိုး…ကုန်းဘောင်မင်းတွေ လက်ထက်ကတည်းက ရွှေတိုက်တွေမှာ ထားရတဲ့ ရွှေနန်းစဉ်လက်သုံးပုံတော် ပုရပိုက်ဖြူတွေဗျ၊ ကျုပ်အဖို့တော့ ဟောဒီလို တန်ဘိုးကြီးအမွေအနှစ်တွေ ရလာခဲ့တာ အတော်ကုသိုလ်ထူးတာပဲဗျို့"

ပြောပြောဆိုဆို ကိုရင်ပန်းခွေးက မန္တလေးသူရိယသတင်းစာနှင့် ရစ်ပတ်ထုပ်ပိုးထားသော အထုပ်တစ်ခုကို ဖြည်လိုက်ပြီး…

"တကယ်တော့ ဟောဒီပုရပိုက်ဖြူတွေဟာ ကျုပ်တို့အရှင်နှစ်ပါးနဲ့အတူ ပါတော်မမူသွားတာပဲ ကံကောင်းတယ်လို့ ဆိုရမယ် ဦးထော်ရေ၊ ကုလားဖြူတွေဟာ ကျုပ်တို့နိုင်ငံက အဖိုးမဖြတ်နိုင်တဲ့ သယံဇာတတွေကို နည်းအမျိုးမျိုးနဲ့ ခိုးထုတ်နေကြချိန်မှာ အခုလို ရှေးနန်းစဉ်သုံး အမွေအနှစ်တွေ ပျောက်ပျက်မသွားဖို့က ကျုပ်တို့တာဝန်ပဲဗျ၊ အခုလည်း မန္တလေးမစိုးရိမ်ကျောင်းတိုက်က ဆရာတော်ကြီးလက်

ထဲမှာ ဟောဒီပုရပိုက်ဖြူနဲ့ ဆေးကျမ်းတွေ တွေ့လာတာနဲ့ ကျုပ်က သက်ဆင့်ကမ်းထိန်းသိမ်းပါရစေဆိုပြီး မနည်းကတိကဝတ်ပြုပြီး ယူလာခဲ့ရတာ"

ကိုရင်ပန်းခွေးနှင့် ကပ္ပိယကြီးဦးထော်တို့ ပုရပိုက်ဖြူအကြောင်း ပြောဆိုနေကြချိန်တွင်တော့ ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသည့် ရွှေအ ဖိုးငိုကို ကျောင်းဝင်းအတွင်း မြေကွက်လပ်ရှေ့တွင် တွေ့လိုက်ရသည်။

ရွှေအ ဖိုးငိုမှာ မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် တစ်စုံတရာကို တွေးတောနေသလို သူ့လက်တစ်ဖက်ကလည်း သစ်ကိုင်းခြောက်တစ်ခုနှင့် မြေပြင်ကို ရေးခြစ်နေ၏။

"ဟော့...ဖိုးငို ကျောင်းပေါ်လာပါအုံးကွ၊ မင်းကို ဆရာတော်က မုန့်ကျွေးမလို့တဲ့"

ကပ္ပိယဦးထော်ကြီး၏ အသံကြောင့်...

ရွှေအ ဖိုးငိုမှာ မြေပြင်မှာ ရေးခြစ်လက်စ သစ်ကိုင်းခြောက်ကို အဝေးသို့လွှင့်ပစ်လိုက်ပြီး လက်ဖဝါးနှစ်ဖက်ကို အချင်းချင်း ပွတ်သပ်ခါလိုက်ကာ ဘုန်းကြီးကျောင်းပေါ်သို့ ခပ်သုတ်သုတ်ပြေးတက်လာသည်။

ကျောင်းပေါ်သို့ရောက်သည်နှင့် ဖိုးငိုမှာ ဆရာတော်ဦးစန္ဒိမာလာအား ဝတ်ပြုရှိခိုးလိုက်ပြီး ဦးထော်ကြီးနှင့် ကိုရင်ပန်းခွေးတို့ရှိရာ အနားသို့သွားကာ ပဆစ်တုတ်ကလေးထိုင်နေ၏။

ထို့နောက် ကိုရင်ပန်းခွေးက ကျက်သရေခန်းအတွင်းမှ ဗီရိုကိုဖွင့်ကာ စက္ကူထုပ်သေးသေးလေးတစ်ထုပ်ကို ယူလာ၏။ ထိုစက္ကူထုပ်

အတွင်းမှ ညိုညိုအလုံးလေးများကို သူ့လက်ဖဝါးပေါ်တင်ယင်း…

"ဒါ နန်းတွင်းဆေးလို့ခေါ်တယ်၊ ဒီဆေးကိုသောက်ရင် မင်းစကားပြန်ပြောတတ်လာလိမ့်မယ် ဖိုးငို၊ ရော့ သောက်လိုက်"

ပထမတော့ ဖိုးငိုမှာ မဝံ့မရဲနှင့်ဖြစ်နေပြီး ကပ္ပိယဦးထော်ကြီး၏မျက်နှာနှင့် ကိုရင်ပန်းခွေးတို့၏ မျက်နှာများကို တစ်လှည့်စီကြည့်နေသည်။ ဦးထော်ကြီးက ကိုရင်ပန်းခွေး၏ လက်ဖဝါးထဲမှ ဆေးလုံးညိုညိုတွေကို လက်ဖြင့်တို့ကြည့်ကာ…

"ဒါ တကယ်ပဲ စကားသံပြန်ထွက်လာနိုင်တဲ့ ဆေးတွေပဲလား ကိုရင်ရဲ့"

"မှန်တာပေါ့ ဦးထော်ရာ၊ ဒီဆေးတွေက ရှေးဘုရင်တွေလက်ထက်ကတည်းက နန်းတွင်းမှာသုံးလာတဲ့ ဆေးတွေဆိုတော့…အခုလို ဝဋ်နာကံနာမဟုတ်ဘဲ စကားသံပျောက်သွားတဲ့ လူနာတွေအတွက်တော့ အကောင်းဆုံးဆေးတစ်လက်ပဲဗျ၊ ကဲ…ကဲ ရွှေအရေ…သောက်လိုက်၊ ဒါမှ မင်းစကားတွေပြန်ပြီး ပြောတတ်လာမှာ"

ရွှေအ ဖိုးငိုမှာလည်း ထိုအခါမှ ကိုရင်ပန်းခွေး၏ လက်ဖဝါးထဲမှ ဆေးလုံးတွေကို ကောက်ကာငင်ကာ ယူပြီးသောက်လေတော့သည်။ ထိုဆေးတွေကို သောက်ပြီးသည်နှင့် ရွှေအ ဖိုးငိုမှာ စားပွဲပေါ်တင်ထားသည့် ဖီးကြမ်းငှက်ပျောသီးတွေကိုကြည့်ပြီး တအင်းအင်းတအဲအဲနှင့် လက်ညှိုးထိုးပြနေ၏။

"အ…အ…ဉ…အ…ဉ"

ကိုရင်ပန်းခွေးကလည်း ဖိုးငို လက်ညှိုးထိုးပြီးပြနေသည့် ဖီးကြမ်းငှက်ပျောသီးတွေကိုကြည့်ကာ…

"ဘာလဲ ရွှေအ မင်းစားချင်လို့လား၊ စားချင်ရင် ယူသွားလေကွာ"

ဟုဆိုကာ ဖီးကြမ်းငှက်ပျောသီးတွေကို အဖီးလိုက် လက်ထဲထည့်ပေးလိုက်လေသည်။

ရွှေအ ဖိုးငိုမှာလည်း ထိုဖီးကြမ်းငှက်ပျောသီးတွေ သူ့လက်ထဲမှာ တစ်ပွေ့တစ်ပိုက်ကြီး ပိုက်မိသည်နှင့် ကျောင်းပေါ်မှ ရုတ်တရက်ခုန်ပေါက်ပြေးဆင်းသွားလေသည်။

"ဟင်..."

"ဟာ...ဒီကောင် ဘယ်နှယ့်ဖြစ်တာပါလိမ့်"

ထူးထူးဆန်းဆန်း ကျောင်းပေါ်မှ ခုန်ပေါက်ပြေးဆင်းသွားပြီး ရွာအပြင်ဘက်သို့ ကမျောသောပါး ထွက်ပြေးသွားသည့် ရွှေအ ဖိုးငို၏ ကျောပြင်ကိုကြည့်ကာ ကိုရင်ပန်းခွေးနှင့် ကပ္ပိယဦးထော်ကြီးတို့မှာ ရုတ်တရက် နားမလည်နိုင်အောင် ဖြစ်သွားကြ၏။

"ကြည့်စမ်းပါအုံး...ဒီကောင်လေး ရွာပြင်ကိုပြေးတာ ဒီတစ်ခါ ထူးဆန်းမနေဘူးလား ကိုရင်ပန်းခွေးရဲ့"

"အေးဗျ...ကျုပ်လည်း အဲဒါပြောမလို့၊ ခါတိုင်းဆိုရင် ဆရာတော်စွန့်လိုက်တဲ့ မုန့်ပဲသွားရည်စာတွေ အိမ်ရွေ့ရရနဲ့ ကျောင်းပေါ်မှာပဲ ထိုင်စားပြီးမှ အိမ်ပြန်တာပါ၊ ဒီတစ်ခါတော့ ဘယ်လိုဖြစ်တယ်မသိဘူး"

ကိုရင်ပန်းခွေးနှင့် ကပ္ပိယဦးထော်တို့နှစ်ယောက်မှာ စကားဘပြောပြောနှင့် ကျောင်းအဝင်ဝမှ လှေကားဆီသို့ လျှောက်လာကြသည်။

ထိုအချိန်မှာပင်…

လှေကားခြေရင်းမှ မြေပြင်တွင် စောစောက ရွှေအ ဖိုးငို ရေးခြစ်ထားသည့် ရုပ်ပုံတစ်ပုံကို တအံ့တသြနှင့် တွေ့လိုက်ကြရသည်။

“ဟင်…ဒီ…ဒီရုပ်ပုံက”

မြေကြီးပေါ်မှ သစ်ကိုင်းခြောက်နှင့် ရေးခြစ်ထားသည့်ပုံက သူတို့စောစောက ပုရပိုက်ဖြူထဲမှာ တွေ့လိုက်ရသည့် ရုပ်ပုံနှင့် ခပ်ဆင်ဆင်ပင်တူနေ၏။

ကိုရင်ပန်းခွေးမှာ ချက်ချင်းဆိုသလို စောစောက သူတို့ နှစ်ယောက်ကြည့်နေသည့် ဆေးရေးပုရပိုက်ဖြူကို သွားယူပြီး မြေပြင်မှ ရွှေအ ရေးခြစ်ထားသည့် ရုပ်ပုံနှင့်တိုက်ပြီး ကြည့်လိုက်လေသည်။

“ဟာ…တယ်လည်း အံ့သြစရာကောင်းနေပါလား ဦးထော်ကြီးရဲ့၊ ဟောဒီမှာကြည့်စမ်းပါဦးဗျာ၊ ဖိုးငို မြေကြီးပေါ်မှာ ဆွဲသွားတဲ့ရုပ်ပုံက ဟောဒီပုရပိုက်ဖြူထဲကပုံနဲ့ တထေရာတည်း တူနေပါလား”

ထိုပုရပိုက်ထဲမှပုံကတော့ စလူမြောင်တစ်ရှာလုံး ကြောက်လန့်နေရသည့် ခြေတစ်ချောင်းပါသော လူမျက်နှာနှင့် မိစ္ဆာကြီးတစ်ကောင်၏ ရုပ်ပုံပင်ဖြစ်နေလေတော့သည်။

●●●

## အခန်း(၁၇)

ရွှေအ ဖိုးဝိုင်ဂဲ ခြေလှမ်းတွေက မြက်ရိုင်းပင်တွေ ကန်သင်းရိုးဘောင်တွေကို ဖြတ်လျက် ရိုးမတောကြီးထဲသို့ ခပ်သွက်သွက်ပြေးနေ၏။ သူ့မျက်လုံးထဲမှာလည်း ဝမ်းသာကျေနပ်နေသည့် အရောင်တွေက တဖျတ်ဖျတ်လက်နေကာ ကိုရင်ပန်းဒွေးပေးလိုက်သော ဖီးကြမ်းငှက်ပျောသီးတစ်ဖီးကိုလည်း ရင်ဘတ်ထဲတွင် တင်းတင်းကျပ်ကျပ်ပွေ့ပိုက်ထား၏။

တဖြည်းဖြည်းနှင့် ဝါးပိုးဝါးတောကြီးကို သူလှမ်းမြင်နေရပေပြီ။ ထိုဝါးတောကြီးမှာလည်း တောင်ကျရေတွေ ပြည့်လျှံနေသည့် ဥတိုချောင်းက တဖြည်းဖြည်းတိုက်စားထားသဖြင့် ကမ်းပါးတစ်ဝက်မှာ ပဲ့ကြွေနေပြီး ဝါးပင်တွေက အလဲလဲအပြိုပြိုဖြစ်နေသည်။ ထိုဝါးတောကြီး၏ တစ်ဖက်တွင်တော့ သစ်ရာတော၊ အင်တိုင်းတောတွေက ညို့မှောင်မှောင်နှင့် အုံ့ဆိုင်းနေ၏။

ရွှေအကတော့ အခုအချိန်အထိ မရပ်မနား ခပ်သုတ်သုတ် ခရီးနှင်လာရသော်လည်း ဒီရိုးမတောကြီးအတွင်း ဘာမှန်းမသိသည့် သတ္တဝါကြီးတစ်ကောင်နှင့် ခင်မင်နေပြီဖြစ်ရာ သူ့အဖို့ မောရပန်းရ

ကောင်းပင် မသိဖြစ်နေသည်။ အခုလည်း သူ့လက်ထဲမှာ ပွေ့ပိုက်လာသည့် ငှက်ပျောသီးတွေက ထိုသတ္တဝါကြီးကိုကျွေးဖို့ တကူးတက ယူဆောင်လာခြင်းပင်ဖြစ်သည်။

တစ်ရွာလုံးက ခြေထောက်တစ်ဖက်နှင့် သတ္တဝါကြီးကို နာနာဘာဝကြီးတစ်ကောင်ဟု ထင်မြင်စွပ်စွဲနေကြသော်လည်း ရွှေအဖိုးငိုနှင့် ထိုသတ္တဝါကြီးတို့ကတော့ တစ်ဦးကိုတစ်ဦး ကြီးမားသည့် သံယောဇဉ်ကြိုးတို့ဖြင့် ချည်နှောင်ထားပြီး ဖြစ်နေကြသည်ကို ဘယ်သူ တစ်ဦးတစ်ယောက်မှ မသိကြချေ။

"ဝုန်း…ဒလိန်း…ဂျိမ်း"

ကောင်းကင်ကြီးတစ်ခုလုံး လင်းလက်သွားပြီး မိုးခြိမ်းသံတွေက တစ်တောလုံး တစ်တောင်လုံး သိမ့်သိမ့်တုန်သွားသည်။ မိုး၏ ရှေ့ပြေးလေအေးတွေကလည်း အင်တိုင်းတောအတွင်း တရစပ်တိုးဝှေ့ တိုက်ခတ်နေ၏။ ရွှေအ ဖိုးငိုမှာလည်း အခုအချိန်အထိ သူနှင့်တွေ့နေကျ သတ္တဝါကြီးကို တောကြီးအတွင်း အရိပ်အယောင်မျှပင် မတွေ့ရသေးဘဲဖြစ်နေလေရာ ရွှေအ၏မျက်လုံးတွေက ဟိုဟိုဒီဒီလှည့်ပတ်ပြီး ရှာကြည့်နေလေသည်။

"ဝေါ…ဖျောက်…ဖျောက်"

ထိုအချိန်မှာပင် မိုးက တဖျောဖျော တစ်ဖျောက်ဖျောက်နှင့် ရွာချလာ၏။ ပိုးကောင်မွှားကောင်တွေ၏ အော်သံကလည်း ထိုအခါမှ မိုးကျသံနှင့်အပြိုင် ပိုပြီးဆူဆူညံညံတွေ ဖြစ်လာသည်။ စောစောက သူဖြတ်လျှောက်လာသည့် ဥတိုချောင်းမှာလည်း တောင်ကျရေတွေက အရှိန်အဟုန်နှင့် တဝေါဝေါစီးဆင်းနေသည်ကို ကြားနေရ၏။

ထိုအချိန်မှာပင် ရွှေအ ရှာဖွေနေသည့် ခြေတစ်ချောင်းထောက် ကောင်ကြီးမှာ သစ်အယ်ပင်ကြီး့ကို သူ့ခေါင်းနောက်စေ့မှ အချွန်ကြီးနှင့် ဒုံးစိုက်ထားပြီး မတ်တပ်ကျောမှီကာ အိပ်ပျော်နေသည်ကို တွေ့လိုက်ရ လေသည်။

"ဟင်…"

ရွှေအ ဖိုးငိုမှာ ဝမ်းသာအားရနှင့် ထိုနေရာသို့ပြေးသွားပြီး သတ္တဝါကြီး၏ လက်နှစ်ဖက်ကို ဆွဲခါလှုပ်ရမ်းပြီး နှိုးလိုက်၏။

ထိုသတ္တဝါကြီးမှာလည်း ရွှေအ ဖိုးငိုကိုမြင်လိုက်သည်နှင့် ဝမ်းသာအားရနှင့် တစ်ကိုယ်လုံး လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ရွှေအ လှမ်းပေးနေသည့် ဖီးကြမ်းငှက်ပျောသီးတွေကို လက်နှစ်ဖက်နှင့် လှမ်း ယူကာ အားရပါးရ စားတော့သည်။

သူ့မျက်နှာတစ်ခုလုံးမှာလည်း ရွှေအကို ကြင်နာ၊ ကျေးဇူးတင် သည့် အရိပ်အယောင်နှင့် အကြည့်တွေက လူသားတစ်ယောက်လိုပင် အတိုင်းသားပေါ်လွင်နေလေသည်။

ရွှေအ ကတော့ သူယူလာသည့် ငှက်ပျောသီးတွေကို မြိန်ရည် ရှက်ရည် စားသောက်နေသည့် ခြေထောက်တစ်ဖက်နှင့် သတ္တဝါကြီးကို ကြည့်ကာ အကျေနပ်ကြီး ကျေနပ်နေလေသည်။ တစ်ချိန်တည်းမှာပင် ရွှေအ ဖိုးငို၏ မျက်လုံးတွေ၊ ခံစားမှုအသိတွေထဲတွင်တော့ ဒီသတ္တဝါ ကြီးကို တစ်ရွာလုံးက ဘာ့ကြောင့်များ နာနာဘာဝကြီးပါဟု စွပ်စွပ် စွဲစွဲတွေ ပြောနေကြသည်လဲဆိုသည်ကိုသာ အထပ်ထပ်တွေးကြည့်နေမိ လေသည်။

ထိုသတ္တဝါကြီးက ရွှေအ ပေးသည့် ငှက်ပျောသီးတစ်ဖီးလုံး

ကုန်အောင်စားပြီးသောအခါ အရောင်တဖိတ်ဖိတ်လက်နေသည့် မျက်လုံးအစုံဖြင့် လူတစ်ယောက်လို သူ့ကိုပြန်ပြီးစိုက်ကြည့်နေလေသည်။

ထိုအချိန်မှာပင် သူတို့နှင့် ခပ်လှမ်းလှမ်းဆီမှ လူတစ်စု၏ အော်သံ ဟစ်သံ ခေါ်သံတွေကို မသဲမကွဲ ကြားလိုက်ရသည်။

'ဟင်…ဘာသံတွေလဲ'

ရွှေအ ဖိုးငို၏စိုးရိမ်ကြောက်လန့်စရာ အတွေးက သူ့မျက်နှာပေါ်တွင် အတိုင်းသားပေါ်လွင်သွားသလို ခြေတစ်ချောင်းထောက် သတ္တဝါကြီး၏ မျက်နှာမှာလည်း ထိုအသံတွေကြောင့် ထိတ်ထိတ်ပြာပြာဖြစ်သွား၏။

"ဝေး…ရွှေအ၊ ငါတို့မင်းနောက်ကို လိုက်လာကြပြီဟေ့…မင်းဘယ်မှာလဲ"

"ဝေး…ရွှေအရေ…ရွှေအ"

"သားရေ…ဖိုးငို"

ထိုသို့ ပြတ်ပြတ်သားသား ကြားလိုက်ရသော ခေါ်သံတွေကြောင့် ရွှေအ၏ မျက်နှာတစ်ခုလုံး အံ့ဩသွားသည့် အမူအရာနှင့်…

'ဟင်…ဒါ…ငါ့အမေရဲ့အသံပဲ၊ ကေန္တ ငါ့အမေနဲ့အတူ ရွာသားတွေပါ ဒီကိုလိုက်လာကြပြီထင်တယ်''

ထိုအသံတွေ တဖြည်းဖြည်းနှင့်နီးလာလေ ရွှေအဘေးမှ ခြေတစ်ချောင်းထောက် သတ္တဝါကြီးမှာလည်း ဘယ်ကိုပြေးလို့ ပြေးရမှန်းပင်မသိဖြစ်နေကာ ယောက်ယက်ခတ်နေ၏။

ထိုအချိန်မှာပင် ရွှေအ ဖိုးငို၏လက်ကို သတ္တဝါကြီးက ဖျတ်ခနဲ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ကာ ကျန်လက်တစ်ဖက်က ရွှေအ

ကို သူ့ပခုံးပေါ်သို့ တက်ခိုင်းနေပြီး ထိုနေရာမှ ထွက်ပြေးဖို့ အသင့်ပြင်နေ၏။ ရွှေအကလည်း ထိုသတ္တဝါကြီးကိုကြည့်ကာ အခုကြားနေရသော အသံတွေမှာ အန္တရာယ်မရှိကြောင်း၊ ထွက်ပြေးရန်မလိုကြောင်း ခြေဟန်လက်ဟန်တွေနှင့် ပြန်လုပ်ပြနေ၏။ ထိုစဉ်…

"ဟော…ဟို…ဟိုမှာ…ဟိုမှာ ရွှေအ…ဟေ့"

"ဟင်…သူ့…သူ့ဘေးမှာ ဟို နာနာဘာဝကြီးပါလား"

"ပစ်ဟေ့…ပစ်၊ အဲဒီမိစ္ဆာကောင်ကြီးကို ပစ်ကြ"

"မလွှတ်စေနဲ့ဟေ့၊ အဲဒီကောင်ကြီးက ရွှေအလက်ကိုဆွဲထားပြီး သတ်စားမလို့လုပ်နေတာ"

ထိုအသံတွေကြားမှာ ဒေါ်ခလေးမနှင့် အချို့ရွာသားတွေက ရွှေအ ဖိုးငိုကို စိုးရိမ်တကြီးနှင့် ဝိုင်းအော်နေကြပြန်သည်။

"ရွှေအကို ထိမယ်ဟေ့…သတိထားကြ"

"သားရေ…ရွှေအ ဖိုးငို"

"ဟေ့ကောင် ရွှေအ…နောက်ဆုတ်နေ"

တစ်ခဏအတွင်းမှာ အသံတွေက ကျွတ်ကျွတ်ညံနေပြီး ရွှေအ ဖိုးငို၏မျက်နှာမှာလည်း အလွန်အမင်း စိုးရိမ်နေသည့်မျက်နှာနှင့် သူ့ဘေးမှ သတ္တဝါကြီးကို မသတ်ဖြတ်ကြရန် ခြေခါခါလက်ခါခါနှင့် တားမြစ်နေလေသည်။ ဓား၊ လှံ၊ လေး၊ မြား လက်နက်တွေကို ကိုင်ထားကြသော ရွာသားများမှာလည်း ဖိုးငို တားမြစ်နေသည့်ကြားမှာပင် ရှေ့သို့ တိုးလာပြီး ခြေထောက်တစ်ဖက်နှင့် မိစ္ဆာကောင်ကြီးကို ဝိုင်းဝန်းပစ်ခတ်ကြလေတော့သည်။

"ဝှစ်…ဝှစ်…ဖလူး…ဒုတ်…ရှပ်"

ထိုအချိန်မှာပင် ခါးခါးသီးသီး တားမြစ်နေသည့် ဝမ်းခေါင်သံကြီးတစ်ခုကို ထူးထူးခြားခြား ကြားလိုက်ကြရသည်။ ထိုအသံက ရိုးမတောကြီးတစ်ခုလုံး ပွဲတင်ထပ်သွားမတတ်ပင် ကျယ်လောင်သွား၏။

"မလုပ်နဲ့…မပစ်ကြပါနဲ့…မပစ်ကြပါနဲ့…သူ့ကို မသတ်ကြပါနဲ့"

"ဟင်"

"ဟာ…ရွှေ…ရွှေအရဲ့ အသံ"

"ဟင်…ရွှေ…ရွှေအ…အသံထွက်နိုင်သွားပြီ"

ရုတ်တရက်ကြားလိုက်ရသည့် ရွှေအ ဖိုးငို၏အသံကြောင့် ရွာသားများအားလုံးမှာ တအံ့တသြတွေနှင့် ဖြစ်ကုန်ကြကာ မှင်သက်နေကြောင်မိကြကုန်၏။ ရွှေအ၏ အမေ ဒေါ်ခလေးမမှာလည်း သူ့နားကိုပင် သူမယုံကြည်နိုင်လောက်အောင်ဖြစ်သွားပြီး နေရာမှာတင်ကြက်သေ သေနေမိသည်။ ပိုဆိုးသည်က ရွှေအ ဖိုးငိုကိုယ်တိုင်သူ့ပါးစပ်မှ ထိတ်ထိတ်ပျာပျာနှင့် လွှတ်ခနဲအသံထွက်သွားသည်ကိုပင် အံ့အားသင့်လို့မဆုံး ဖြစ်နေလေသည်။

"ဒါ…ဒါဟာ…ဒီသတ္တဝါကြီးကို စိုးရိမ်စိတ်နဲ့ အော်လိုက်လို့ ငါ့အသံပြန်ထွက်သွားတာလား၊ ဒါမှမဟုတ် စောစောက ဘကြီးပန်းအွေးတိုက်လိုက်တဲ့ ဆေးအစွမ်းကြောင့်ပဲ ငါ့အသံတွေ ပြန်ထွက်လာနိုင်တာလား"

သို့သော်…

ရွှေအ တားမြစ်လိုက်သည့်အသံကတော့ သတ္တဝါကြီးအဖို့ များစွာနောက်ကျသွားခဲ့ပေပြီ။

အိပ်မက်အသစ်

ထိုသတ္တဝါကြီးမှာ ရွာသားများ ဝိုင်းဝန်းပစ်ခတ်လိုက်ကြသည့် ေးချွန်တွေ၊ မြားတွေ၊ လှံတွေ တန်းလန်းစိုက်ဝင်နေလျက် မြေပြင်မှာ ာဂီးဂီးနှင့် နာနာကျင်ကျင် အော်ဟစ်နေလေသည်။

"ဟင်"

ရွှေအ ဖိုးငိုမှာ ထိုသတ္တဝါကြီးအောတွင် ဝမ်းနည်းပက်လက် ြင့် ဒူးထောက်ထိုင်ချလိုက်ပြီး ဆွဲပွေ့ထူလိုက်လေရာ သတ္တဝါကြီးမှာ ရွှေအကို မှေးစင်းနေသောမျက်လုံးများနှင့် အားကိုးတကြီးကြည့်ရင်း သေဆုံးသွားလေတော့သည်။

"ဟာ…ဟော့ကောင်ကြီး၊ လုပ်…လုပ်ကြပါအုံးဗျာ… ီကောင်ကြီးသေပြီထင်တယ်ဗျ၊ ကျုပ် အတန်တန် တားရဲ့သားနဲ့ ခင်ဗျား ဲ့တွေလုပ်ရက်ကြတယ်ဗျာ…အီး…ဟီး…ဟီး"

ဖိုးငို၏ ငိုသံကြောင့် သူ့အမေဒေါ်ခလေးမကော၊ ရွာသား ျားကပါစိတ်မကောင်းဖြစ်ကြရပြန်သည်။

"ဟဲ့သား…ဖိုးငို…သတိထားလေ…သတိထားပါကွယ်"

ထိုအဖြစ်အပျက်တွေကို အစအဆုံး ဝိုင်းကြည့်နေသော ရွာသား ျားမှာလည်း ပါးစပ်အဟောင်းသားတွေနှင့် ဖြစ်ကုန်ကြကာ ရွှေအနှင့် ီးဌာကောင်ကြီးတို့ တစ်ယောက်နှင့်တစ်ယောက် ထားခဲ့ကြသည့် ေတ္တာတရားကို ဘယ်လိုမှ နားမလည်နိုင်အောင်ပင် ဖြစ်နေမိကြသည်။

●●●

## အခန်း(၁၈)

အင်တိုင်းတောကြီး တစ်ခုလုံးမှာ ရွှေအ ဖိုးငို၏ ငိုသံမှအပ အားလုံးတိတ်ဆိတ်နေ၏။ ရွာသားများမှာလည်း ထိုအခါမှ သူတို့ လက်ချက်ကြောင့် မရှုမလှကြီးသေဆုံးသွားပြီဖြစ်သည့် မိစ္ဆာကောင် ကြီးကိုကြည့်ကာ ဂုဏ်ယူမဆုံး ဖြစ်နေကြသည်။

ထိုအချိန်မှာပင် သူတို့လူအုပ်ကြီး၏နောက်မှ အပြေးအလွှား လိုက်လာကြသော ကိုရင်ပန်းခွေးနှင့် ကပွိုယကြီးဦးဇော်တို့မှာ…

"ခဏနေကြအုံးဟေ့…အရမ်းကာရောတွေ မလုပ်ကြနဲ့… လက်လွန်ကုန်မယ်၊ အဲဒီခြေထောက်တစ်ဖက်နဲ့ ကောင်ကြီးက နာနာ ဘာဝ လုံးဝမဟုတ်ဘူး"

ဦးဇော်နှင့် ကိုရင်ပန်းခွေးတို့ လှမ်းပြီးအော်ပြောလိုက်သည့် အသံတွေကြောင့် ရွာသားများအားလုံးမှာ နားမလည်နိုင်အောင် ဖြစ်ကုန် ကြပြန်သည်။

"ဟင်…ဒီကောင်ကြီးက နာနာဘာဝ မဟုတ်ဘူးဆိုပါလား ဒါဆိုရင် ဘာလဲ"

ဦးဇော်နှင့် ကိုရင်ပန်းခွေးတို့နှစ်ယောက်မှာ ထိုလူစုလူဝေး ကြီးအနီးသို့ရောက်သောအခါ သွေးအိုင်ထဲတွင် ဒဏ်ရာဒဏ်ချက်တွေနှင့်

ရှုမလှသေဆုံးနေသော သစ္စာဝါကြီးကို တွေ့လိုက်ပြီး အမောပင် ဆို့မတတ်ဖြစ်ကုန်ကြသည်။

ထို့နောက် ကိုရင်ပန်းခွေးက လွန်စွာမှ နှမြောတသသော လေသံဖြင့်…

"ဟာ…မင်းတို့ လုပ်မှလုပ်ရက်ကြတယ်ကွာ၊ အဲဒါ မင်းတို့ ဘင်သလို နာနာဘာဝမဟုတ်ဘူးကွ၊ ရှားပါးပြီး မျိုးတုံးပျောက်ကွယ် ာလုဖြစ်နေတဲ့ လူငေါင်းသစ္စာဝါကြီးကွ…လူငေါင်းသစ္စာဝါကြီး"

"ဘာ…လူငေါင်းဟုတ်လား"

"တစ်ခါမှ မကြားဘူးပါဘူးကွာ၊ ဘယ့်နှယ့်လူငေါင်းလဲ၊ ကိုရင်ပန်းခွေးတို့ကတော့ လုပ်ပြီ"

တစ်ကြိမ်တစ်ခါမှ ကြားဖူးခြင်းမရှိသော သစ္စာဝါနာမည် ကြောင့် ရွာသားများအားလုံးမှာ ထိုအခါမှ အထူးအဆန်းတွေ ဖြစ်ကုန် ကြသည်။ တချို့ကလည်း တစ်ယောက်တစ်မျိုး ကောက်ချက်ချနေသည့် ဒီမိစ္ဆာကောင်ကြီးကို နာနာဘာဝကောင်ကြီးဟုပင် ထင်နေကြခဲ့ဖြစ်သည်။

ထို့နောက် ကိုရင်ပန်းခွေးက သက်ပြင်းတစ်ချက်ကို လေးလေး ကန်ကန် ချလိုက်ရင်း ဆို့ဆို့နင့်နင့်ကြီး ပြောလိုက်၏။

"တကယ်တော့ ဟောဒီသစ္စာဝါကြီးဟာ လူတွေကို ဒုက္ခ ပေးတဲ့ သစ္စာဝါကြီးမဟုတ်ဘူးကွ၊ စားတာတောင် အသီးအရွက်ပဲ စားတဲ့ သစ္စာဝါကြီး၊ မင်းတို့ကွာ…မဆင်မခြင်လုပ်ရက်ကြတယ်"

"ဟင်…ကိုရင်ပန်းခွေးကလည်း လူတွေကို ဒုက္ခမပေးဘူး သာဆိုတယ်၊ ဒီအကောင်ကြီးကြောင့် ချိုင်းထောက်တင်မွေတစ်ယောက် ဒီတလောကပဲ တောထဲမှာ ဗိုက်ပွင့်ပြီးသေပါရောလား"

ထိုအခါမှ မုဆိုးကြီးဦးကာလုနှင့်အတူ ရိုးမတောကြီးအတွင်း သုတ်ကိုင်းဖြုတ်ရင် လိုက်ပါသွားသူ တစ်ယောက်က ချိုင်းထောက် တင်ငွေသေရသည့်ကိစ္စကို ပြန်ပြောနေ၏။

"အဲဒါ ဒီသတ္တဝါကြီးကြောင့် မဟုတ်ဘူး၊ တောဝက်ပက် လို့သေရတာဗျ"

ရုတ်တရက် ဝင်ပြောလိုက်သည့် ရွှေအ ဖိုးငို၏အသံကြောင့် အားလုံးက သူ့မျက်နှာကို လှမ်းကြည့်လိုက်ကြသည်။ ထို့နောက် ရွှေအ ဖိုးငိုက...

"အဲဒီတုန်းက ချိုင်းထောက်တင်ငွေဟာ ဘကြီးကာလု ထောင်ထားတဲ့ သုတ်ကိုင်းမှာမိနေတဲ့ တောဝက်ကို သေနေပြီအထင်နဲ့ သွားအဖြုတ်မှာ တောဝက်က အစွယ်နဲ့ပက်လိုက်တာပဲ၊ ဖြစ်ချင်တော့ ဒီသတ္တဝါကြီးက အဲဒီအနားမှာ ရှိနေတော့ အားလုံးက သူသတ်တယ် ပဲထင်ပြီး ဒူးလေးနဲ့ ဝိုင်းပစ်လိုက်တာ နောက်တစ်နေ့မှာပဲ အဲဒီသတ္တဝါ ကြီးသေသွားတယ်"

"ဟင်...ဒါဆို အခုသေတဲ့ သတ္တဝါကြီးကရော၊ နောက် တစ်ကောင်ပေါ့ ဟုတ်လား ဖိုးငို"

အားလုံးက အံ့ဩတကြီးနှင့် ဝိုင်းမေးလိုက်ကြသည်။

"ဟုတ်တယ်...ဒီကောင်ကြီးက အဖို၊ ခင်ဗျားတို့ ဒူးလေးနဲ့ ပစ်လိုက်တဲ့ကောင်က အမ၊ ဒီနှစ်ကောင်လုံးဟာ ကျုပ်ကို အင်မတန် ခင်ပြီး လူသားတစ်ယောက်လို အမြဲစောင့်ရှောက်လာခဲ့ကြတယ်၊ တစ်ခါ တစ်ခါ ကျုပ်ဒီတောကြီးထဲ ရောက်မလာရင် ကျုပ်ရှိတဲ့ရွာကို ဒီကောင် ကြီးတွေ လိုက်လိုက်လာတာဗျ၊ အဲဒီမှာ ရွာသားတွေကမြင်ပြီး မဆင်

မခြင်နဲ့ နာနာဘာဝကြီးလို့ ထင်မိရာက အခုလို သေတဲ့ဘဝရောက်ရတာ ပဲ…အီး…ဟီး…ဟီး”

ထိုအခါမှ ဦးကာလုနှင့်အတူ ရိုးမတောကြီးအတွင်း လိုက်ပါ သွားကြသူ ရွာသားများမှာ တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့် လိုက်မိကြသည်။ ဒေါ်ခလေးမမှာလည်း ထိုစဉ်က နေ့တိုင်းလိုလို ဂိုက်ကြီးတင်ငင် ငိုနေသည့် သူ့သားဖိုးငို၏အဖြစ်ကို ပြန်ပြီးသတိရ သွားကာ…

“ဩော်…အဲဒီတုန်းက ငါ့သားလေးဖိုးငို နေ့တိုင်း တငိုငို ဘရီရီတွေ ဖြစ်နေရတာ သူချစ်တဲ့ ဝေါင်းသတ္တဝါကြီး သေလို့ဖြစ်ရတာ ကိုး”

ထိုအခါမှ မုဆိုးကြီး ဦးကာလုက ကိုရင်ပန်းခွေးကို…

“ဒါနဲ့ နေပါအုံး…ကိုရင်ပန်းခွေးရဲ့၊ ကိုရင်ပန်းခွေးကရော ဒီအကောင်ကြီးကို ဝေါင်းသတ္တဝါဆိုတာ ဘယ်ကဘယ်လို သိလာရ တာလဲ၊ ပြောစမ်းပါအုံးဗျ၊ ကျုပ်ဖြင့် မုဆိုးလုပ်လာတာ နှစ်ပေါင်း များလည်းတော့ဘူး၊ ဒီသတ္တဝါကြီးရဲ့ နာမည်ကိုလည်း မကြားဖူးဘူး၊ အကောင်အထည်ကိုလည်း အခုမှမြင်ဖူးတာ”

“ဒီလိုဗျ ဦးကာလုရဲ့၊ ကျုပ် ဟိုတလောက မန္တလေးကို ရောက်တော့ အလွန်အဖိုးတန်တဲ့ ရှေးဟောင်းပုရပိုက်ဖြူတွေကို မစိုးရိမ် ဆရာတော်ကြီးဆီမှာ တွေ့တာနဲ့ ကျုပ်က လက်ဆင့်ကမ်း ထိန်းသိမ်း ပါရစေဆိုပြီး တောင်းယူလာခဲ့တာ၊ အဲဒီအချိန်က မန္တလေးမြို့ရဲ့ နေရာ တော်တော်များများမှာ မျက်နှာဖြူကောင်တွေက အခုလိုတန်ဖိုးကြီးတဲ့ အသုံးအဆောင်နဲ့ သယံဇာတတွေကို ပြောင်ပြောင်တင်းတင်း လုယူနေ

ကြချိန်ဆိုတော့ ကျုပ်လည်း ဒီရှေးနန်းစဉ်သုံး ပုရပိုက်ဖြူတွေ ပျောက်ပျက်သွားမှာစိုးတာနဲ့ တောင်းယူခဲ့တယ်ဆိုပါတော့ဗျာ"

ကိုရင်ပန်းခွေးပြောနေသည့် စကားတွေကို ရွှေအနှင့်အတူ တစ်ရွာလုံးက စိတ်ပါဝင်စားစွာနှင့် နားထောင်နေကြသည်။ ထို့နောက် ကိုရင်ပန်းခွေးက သူ့စကားကိုဆက်ကာ...

"ကျုပ် တောင်းယူလာခဲ့တဲ့ အဲဒီပုရပိုက်ဖြူထဲမှာ ဟောဒီ သတ္တဝါကြီးရဲ့ပုံကော၊ အကြောင်းအရာကော တော်တော်များများ ပါတယ်ဗျ။ ဒီသတ္တဝါဟာ လူငေါင်းလို့ခေါ်တယ်တဲ့၊ ဒီလူငေါင်းဟာ ဟိုး ကုန်းဘောင်မင်းများ လက်ထက်ကတည်းက ရှိတဲ့သတ္တဝါပဲ၊ ဆေးရေးပုရပိုက်ထဲမှာတော့ ဒီလူငေါင်းအပြင် အခြားလူမျောက် ငွေ့မောင်တို့၊ ကိန္နရာအသေအခြောက်၊ နဂါးငဪန် အသေအခြောက်တို့၊ ရေသူမတို့ တကယ်ရှိခဲ့တယ်ဆိုတဲ့ အကြောင်းတွေ ရေးထားတယ်၊ အဲဒီထဲမှာမှ ဟောဒီ လူငေါင်းသတ္တဝါကြီးက လူမျက်နှာနဲ့ ငုံးလိုလို ကြက်လိုလို ခြေတစ်ချောင်းပါတဲ့ သတ္တဝါကြီးပေါ့"

"ကျုပ်တို့တော့ မသိပါဘူးဗျာ၊ နောက်စေ့မှာလည်း ဂျိုလိုလို အချွန်ကြီးနဲ့...ပြေးတော့လည်း ခြေထောက်တစ်ချောင်းနဲ့ ခုန်ဆွခုန်ဆွဆိုတော့ မကောင်းတဲ့ တစ္ဆေသရဲပဲအောက်မေ့တာ၊ ခင်ဗျားပြောမှပဲ ရှင်းရှင်းလင်းလင်း သိရတယ် ကိုရင်ပန်းခွေးရာ၊ တော်တော် ထူးဆန်းပြီး အံ့ဩစရာကောင်းတဲ့ သတ္တဝါကြီးပဲ"

ကိုတက်လူ၏ ကြားဖြတ်စကားကြောင့် ကိုရင်ပန်းခွေးမှာ...

"ဟုတ်တယ် ကိုတက်လူရေ..ဒီသတ္တဝါကြီးဟာ ထူးဆန်းပြီး အံ့ဩစရာကောင်းရဲ့ ဘယ်ဟုတ်မလဲ၊ ကျုပ်တို့ ရှေးမြန်မာ့တိုင်းရင်း

ဆေးပညာရှင်တွေက ဒီငေါင်းသတ္တဝါရဲ့အရိုးကို ထိပ်ကပ်နာတို့၊ တီမိ သလ္လာပျောက်တဲ့ မျက်စဉ်းဆေးတို့ ဖော်စပ်တဲ့နေရာမှာ သုံးရတယ်လို့ အဆိုရှိတာပဲ"

ကိုရင်ပန်းခွေး ရှင်းပြနေသည့် အကြောင်းတွေကို မျက်တောင်မခတ်ဘဲ နားစိုက်ထောင်နေကြသည့် ရွာသားများမှာ သူတို့လက်ချက်နှင့် သေသွားရရှာသည့် ငေါင်းသတ္တဝါကြီးကိုကြည့်ကာ အခုမှ စိတ်မကောင်းတွေဖြစ်ကုန်ကြသည်။ တချို့ရွာသားတွေကလည်း ထိုအချိန်မှ သေဆုံးသွားပြီဖြစ်သည့် ငေါင်းသတ္တဝါကြီး၏ အနားသို့ဘိုကင်းကာ ကိုင်တွယ်ကြည့်ရှုရဲကြတော့သည်။

ထိုလူစုကြီးထဲမှ ကိုဖက်သိုးက...

"ကိုရင်ပန်းခွေးပြောသလို ဒီငေါင်းသတ္တဝါကြီးဟာ အသီးအရွက်တွေ အသီးအနှံတွေပဲ စားတာဆိုတော့ ကျုပ် နွားလှည်းနောက်က ပြေးလိုက်လာပြီး လှည်းပေါ်က ပိန္နဲသီးတွေ၊ ဒူးရင်းသီးတွေကို စားသွားတာလည်း ဒီသတ္တဝါကြီးပဲ ခုမှာဗျ"

ထိုအခါမှ ကိုရင်ပန်းခွေးမှာ ရွှေအ ဖိုးငို့တစ်ယောက် ငှက်ပျောသီးဖီးကြမ်းတစ်ဖီးကိုပိုက်ပြီး ရိုးမတောကြီးအတွင်း သူခင်မင်ရသည့် ငေါင်းသတ္တဝါကြီးဆီကိုပြေးမှန်း အခုမှသတိထားမိသွားသည်။ ကိုရင်ပန်းခွေးက...

"ဟုတ်မယ် ဖက်သိုးရေ...ဒီအကောင်ကြီးဟာ အသီးအနှံတွေကိုပဲစားတဲ့ ဘကယ့်ရှားပါးပြီး မျိုးတုံးလုလု ဖြစ်နေတဲ့သတ္တဝါကြီးပဲ၊ အခုလို ရွာသားတွေ မဆင်မခြင်နဲ့ သတ်လိုက်မိကြတာဟာ ဘကယ့်အမှားကြီးမှားတဲ့အမှားပဲ၊ ကုန်ကုန်ပြောရရင် အဖိုးမဖြတ်နိုင်

တဲ့ ဆုံးရှုံးမှုကြီးလို့ ပြောရမှာပေါ့ကွာ၊ ကဲ…ကဲ…ဒီငေါင်းသတ္တဝါကြီး ကို မြေကျင်းနက်နက်တူးပြီး သင်္ဂြိုဟ်လိုက်ကြပါကွယ်"

ဟုဆိုကာ ကိုရင်ပန်းခွေး၏ပါးစပ်မှ တစ်စုံတရာကို ရွတ်ဖတ်ပြီး မေတ္တာပို့ကာ အမျှအတန်းတွေ ပေးဝေနေလေသည်။

ရွှေအ ဖိုးငိုမှာလည်း သူ ခင်မင်တွယ်တာခဲ့ရသည့် သတ္တဝါကြီး ကိုကြည့်ယင်း မျက်ရည်စတွေက ပိုးပိုးပေါက်ပေါက်နှင့် ကျလာ၏။ ထို့နောက် ငေါင်းသတ္တဝါကြီး၏ ဦးခေါင်းပေါ်မှ အမွေးအမျှင်တွေကို လက်ဖြင့် ဖွဖွလေးပွတ်သပ်ပေးကာ ကြေကွဲမဆုံး ဖြစ်နေမိသည်။

"ကြည့်စမ်းပါအုံး…ဟောဒီဘဝမှာ စကားမပြောတတ်ခဲ့တဲ့ လူသားတစ်ယောက်နဲ့ လူစကားမပြောတတ်ခဲ့တဲ့ တိရိစ္ဆာန်တစ်ကောင် တို့ရဲ့ ချစ်ခြင်းမေတ္တာ သံယောဇဉ်တွေဟာ ဘာနဲ့မှ တိုင်းတာလို့မရ တဲ့ သစ္စာတရားပဲ"

တကယ်တော့…ထိတ်လန့်ကြောက်ရွံ့စရာတွေ ဆိုသည်မှာ လည်း ကိုယ့်စိတ်ကိုယ် ကိုယ်အရောင်ပြန်ဆိုးနေကြခြင်းပဲဖြစ်ပါသည်။ ထိုသို့ အရောင်ဆိုးခံရသည့်စိတ်တွေကြောင့် ဘဝမှာ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ကြသည်ပဲမဟုတ်ပါလား…။

တဖြည်းဖြည်းနှင့် ငေါင်းသတ္တဝါကြီး၏ ခန္ဓာကိုယ်ကြီးကို မြေကျင်းကြီးအတွင်းသို့ ချလိုက်ကြ၏။ ထိုမြေကျင်းကြီးအတွင်းမှ ပြန်မော့ကြည့်နေသော ငေါင်းသတ္တဝါကြီး၏ ဖွင့်ဟနေသော မျက်လုံး အစုံက ရွှေအ ဖိုးငိုက တစ်စုံတရာ ပြောချင်နေပုံရကာ စူးရှရှိနိုင်လွန်း သည်ဟု ဖိုးငို၏ရင်ထဲတွင် စိမ့်ကနဲသိရှိခံစားလိုက်ရလေတော့သည်။

●●●

အိပ်မက်အသစ်

## နိဂုံး

ဟိုး…အဝေးက တောအုပ်ထဲမှာ သစ်ပင်အချင်းချင်း စကားဘီးတိုးပြောသံတွေရှိသည်။ ကျေးငှက်သရကာနှင့် တောတိရစ္ဆာန်တွေရှိသည်။ အမှောင်တွေရှိမည်။ မသိမမြင်နိုင်သော ဘဝတွေလည်းရှိမည်။ ကျိုးကြောင်းနည်းလမ်းတကျ ရှင်းပြရခက်ခဲသည့် နက်နဲထူးသန်းသော အဖြစ်အပျက်တွေလည်း ရှိကောင်းရှိနေပေလိမ့်မည်။

တကယ်တော့ လူ့ဘဝကိုယ်တိုင်ကိုက နက်နဲရှုပ်ထွေးသော တောအုပ်တစ်ခုပင်မဟုတ်ပါလား။

လောကမှာ အရာရာတိုင်းကို နားလည်သဘောပေါက်ဖို့ မဖြစ်နိုင်ပါ။

အရာရာတိုင်းကို လိုက်ပြီး နားလည်သဘောပေါက်နေဖို့လည်း မလိုအပ်ပါ။

လူ့ဘဝ အချိန်တိုတိုလေးအတွင်းမှာ ခက်ခဲရှုပ်ထွေးမှုတွေအားလုံးကို နားလည်သဘောပေါက်အောက် ကြိုးစားဖို့ ဘယ်အချိန်လောက်နိုင်မလဲ။

လူသားတွေအားလုံး နားလည်သဘောပေါက်ဖို့ လိုအပ်သည်မှာ တစ်ခုတည်းသာရှိ၏။

အဲဒါကတော့ ‘မေတ္တာတရား’ပင်ဖြစ်လေသည်။

**သတိုးဇောဇ**